# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**တပ်မက်မှုကို စွန့်လွှတ်**

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာ ဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၂၀)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတတို့ တွေ့ဆုံ

## ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံက ပါဝင်ကူညီရေး ဆွေးနွေး

**နယူးဒေလီ ဇန်နဝါရီ ၂၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်အား နယူးဒေလီမြို့ရှိ သမ္မတအိမ်တော် (Rashtrapati Bhavan)၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်နေသည့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံစီမံကိန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးကိစ္စ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❄



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်တို့ တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို ကြိုဆိုထောက်ခံပွဲ ကျင်းပ

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖတ်ကြား

**ရန်ကုန် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ကြိုဆိုထောက်ခံသည့် အနေဖြင့် အလှူပေါင်းစုံ ပါဝင်ဆင်နွှဲသည့် ငြိမ်းချမ်းရေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ပွဲ၊ တေးဂီတဖျော်ဖြေပွဲနှင့် အမုန်းများရပ်၊ ချစ်ကြပါ ချစ်ကြည်ရေးဘောလုံးပွဲများကို ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်၍ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ငြိမ်းချမ်းရေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ပွဲများ၊ တေးဂီတဖျော်ဖြေပွဲများတွင် သီးလေးသီး အငြိမ့်အဖွဲ့မှ ငြိမ်းချမ်းရေး သရုပ်ဖော်ဟာသ သရုပ်ဖော်တင်ဆက်မှုများဖြင့် ဖျော်ဖြေခဲ့ပြီး ပန်းရဲ့လမ်းတေးဂီတအဖွဲ့ကလည်း တေးသီချင်းများဖြင့် ပါဝင်သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဖတ်ကြားသည်။ **(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ ပေးပို့သော သဝဏ်လွှာကို စာမျက်နှာ-၅ တွင် ဖော်ပြထားပါသည်)** *စာမျက်နှာ ၅ ကော်လံ ၁* ✱

## ၂၀၁၈ ဆောင်းရာသီနှင့် နွေရာသီကာလတွင် ဖြစ်ပေါ်လာနိုင်သည့် လာနီညာ အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၇**

အီကွေတာအနီးရှိ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ လာနီညာ အခြေအနေ၌ ဆက်လက် တည်ရှိနေသည်။ လာနီညာဖြစ်ပေါ်မှုခန့်မှန်းသည့် သင်္ချာပုံစံမော်ဒယ်များအရ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် မတ်လအထိ လာနီညာဖြစ်ပေါ်မှု ရာခိုင်နှုန်းမှာ ၆၉ ရာခိုင်နှုန်းအထိရှိနေပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ-မတ်လ-ဧပြီလတွင် ၅၀ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ် မတ်လ - ဧပြီလ - မေလတွင် ၃၀ ရာခိုင်နှုန်းသို့ ပြန်လည် လျော့ကျလာနိုင်ပြီး ပုံမှန်ဖြစ်မြဲအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည့် ရာခိုင်နှုန်းမှာ ၇၀ ရာခိုင်နှုန်းအထိ ဖြစ်လာနိုင်ကြောင်း နိုင်ငံတကာ ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ရေမျက်နှာပြင်အပူချိန် လေ့လာစောင့်ကြည့်ရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✪





ကမ္ဘာကျော်ဆေးကုမ္ပဏီ Roche မှ ထုတ်လုပ်သော
အရည်အသွေးမြင့်သွေးချိုတိုင်းစက်
Accu-Chek Performa နှင့် Accu-Chek Active အား
AA Medical Products Ltd. မှ
တင်သွင်းဖြန့်ချိနေပြီဖြစ်ပါသည်။
Customer Hotline:
01-9000647 (Ext: 100-400)

မြန်မာ့အလင်း

# အမျိုးသားရေးလိုအပ်ချက်ကို ထင်ဟပ်ဖော်ဆောင်ပေးသော ခရီးစဉ်

အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅) နှစ်မြောက် အထိမ်းအမှတ် မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား ဆက်ဆံရေး၊ အာဆီယံနှင့် အိန္ဒိယနိုင်ငံကြား ဆက်ဆံရေးတို့သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ကြားသကဲ့သို့ ရှေးပဝေသဏီကာလကပင် နီးစပ်သော ဓလေ့ထုံးစံများဖြင့် ချည်နှောင်ထားသကဲ့သို့ ယဉ်ကျေးမှုအရလည်း ဆက်စပ်တူညီမှုရှိသော ဒေသတို့ကြားဆက်ဆံရေးမျိုးဖြစ်ပါသည်။ အာဆီယံ-အိန္ဒိယ ဆက်ဆံရေး၌ အိန္ဒိယ-မြန်မာ ဆက်ဆံရေးသည် ပထဝီအနေအထားကြောင့် ဖယ်ချန်ထား၍မရသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အာဆီယံဒေသတစ်ခုလုံးနှင့် ချိတ်ဆက်ပေးမည့် အရှေ့ဘက်ထွက်ပေါက်မုခ်ဦးဖြစ်သကဲ့သို့ အာဆီယံဒေသတစ်ခုလုံးအတွက်လည်း မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ချိတ်ဆက်ပေးမည့် အနောက်ဘက်ထွက်ပေါက်မုခ်ဦးလည်း ဖြစ်နေပါသည်။ လိုရင်းပြောရပါက မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အာဆီယံဒေသအား ဆက်စပ်ပေးထားသည့် ကုန်းလမ်း ပေါင်းကူးတံတားဖြစ်ပါသည်။

အထက်၌ တင်ပြထားသည့် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီအနေအထားကို အခြေခံ၍ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမစီမံကိန်းနှင့် ကုလားတန်မြစ် ဖြတ်သန်းပို့ဆောင်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးသည် မိုရေး-မန္တလေး-ရန်ကုန်-ပဲခူး-ဖန်ကောက်တို့ကို ဆက်စပ်ပေးမည့် အဝေးပြေးလမ်းမကြီး ဖြစ်ပါသည်။ ယခုအခါ ဤအဝေးပြေးလမ်းမကြီးကို လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် နိုင်ငံများအထိတိုးချဲ့ဖောက်လုပ်မည်ဖြစ်၍ ပိုမိုကျယ်ပြန့်သော အကျိုးစီးပွားတို့ကို ဖန်တီးပေးနိုင်တော့မည် ဖြစ်ပါသည်။ ဤအဝေးပြေးလမ်းမစီမံကိန်း၌ မြန်မာနိုင်ငံက ထိထိရောက်ရောက် ပါဝင်နိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်းရှိ လမ်းမကြီးများအား အဆင့်မြှင့်တင်ရေးကို အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ဤကဲ့သို့ ကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အား ကျေးဇူးတင်စကားပြောကြားခဲ့ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ကုလားတန်မြစ် ဖြတ်သန်းပို့ဆောင်ရေးစီမံကိန်းသည်လည်း အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံနှစ်နိုင်ငံစလုံးကို အကျိုးရှိစေသော ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းဖြစ်ပါသည်။ ဤစီမံကိန်းအရ စစ်တွေဆိပ်ကမ်းကို အဆင့်မြှင့်ပြီး စစ်တွေမှ ပလက်ဝအထိ၊ ကုလားတန်မြစ်ကြောင်းတစ်လျှောက် သောင်တူး၍ မြစ်ကြောင်းသွားလာရေးအဆင်ပြေချောမွေ့စေရန် စီစဉ်ထားပြီး ဖြစ်ပါသည်။ ပလက်ဝမှ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ မော်တော်ကားလမ်းဖြင့် ချိတ်ဆက်မည်ဖြစ်ပါသည်။ ကုလားတန်မြစ်ဖြတ်သန်း ပို့ဆောင်ရေးစီမံကိန်းကြောင့် ကုန်းတွင်းပိတ်ဖြစ်နေသော အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဒေသသည် အိန္ဒိယသမုဒ္ဒရာသို့ ထွက်ပေါက်ရရှိသွားမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုနိမ့်ကျဆဲ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့သည်လည်း အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်ပြီး မိမိတို့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

ချုပ်၍တင်ပြရပါက အိန္ဒိယနိုင်ငံ၏အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ၊ အာဆီယံအဖွဲ့၏ ပြည်ပနိုင်ငံများနှင့် ပိုမိုထိတွေ့ဆက်ဆံရေး မူဝါဒနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်းနိုင်ငံများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေး မူဝါဒတို့သည် ဟန်ချက်ညီညီ အပြန်အလှန်ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက် ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ် မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းပံ့ပိုးပေးလိုက်ခြင်းဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများနှင့် တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တွေ့ဆုံ၍ မှုခင်းများ မှန်မှန်ကန်ကန်နှင့် မြန်မြန်ပြီးပြတ်ရေး၊ ကြန့်ကြာမှုများ လျော့နည်းကျဆင်းရေး၊ တရားစီရင်ရေး၊ တရားရုံးစီမံခန့်ခွဲရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြန်မာ့အလင်း

## ဆွာချောင်းဆည်ရေသောက်စနစ် မြောင်းဆုံးမြောင်းဖျားအထိ ရေပေးဝေမှုများအဆင်ပြေရေး ဆောင်ရွက်

ရေတာရှည် ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်မှ ရေပေးဝေမှုဖြင့် နွေစပါးများ စိုက်ပျိုးလျက်ရှိရာ တောင်သူများရေရယူရာတွင်အခက်အခဲမရှိစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဘိုနှင့် အဖွဲ့သည် ဇန်နဝါရီလ တတိယပတ်က ရေပေးဝေနေမှုများကို မြောင်းဆုံးမြောင်းဖျားအထိ ကွင်းဆင်းကြည့်ရှုခဲ့သည်။



ဆွာချောင်းဆည်မှ ရေပေးဝေလျက်ရှိသော တူးမြောင်းမကြီးအရှည် ၁၆ဒသမ ၆၇ မိုင်၊ လက်တံမြောင်းအလျား ၄၁ ဒသမ ၉၄ မိုင်ရှိပြီး တူးမြောင်းများအလိုက် ရေဝင်ရောက်မှု ကောင်းမွန်သည့်အတွက် ယခုနှစ်တွင် တောင်သူများအနေဖြင့် စိုက်ပျိုးရေးတွင် အဆင်ပြေစွာစိုက်ပျိုးနိုင်မည် ဖြစ်သည်။ ထို့အပြင် ရေပိုရေလျှံများမှတစ်ဆင့် အခြားသောတောင်သူများပါ စိုက်ပျိုးနိုင်ရန် စီစဉ်ထားမှုများနှင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးစေရန် မြောင်းများ ဆောင်ရွက်ထားမှုများကို ကြည့်ရှုခဲ့သည်။

“တောင်သူတွေက ရေရရင် လယ်စိုက်ချင်ကြတယ်၊ အဲဒါကြောင့် အတတ်နိုင်ဆုံးရေရရှိအောင် ဆောင်ရွက်ပေးတော့ အရင်နှစ်ကထက် စိုက်ဧကတွေ ပိုလာတာ တွေ့ရတယ်”ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဆွာဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ဧကပေါင်း ၂၂၃၁၉ ဧကရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၇-၁-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ | ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ | ·၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၂ | ·၁ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ | ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ | ·၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခါတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❄ **ရှေ့စာမျက်နှာမှ**

သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံက ပါဝင်ကူညီရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### ဖိတ်ကြား

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတအနေဖြင့် အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့သည်။

### ပို့ဆောင်နှုတ်ဆက်

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နယူးဒေလီမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ အိန္ဒိယသမ္မတနိုင်ငံ ကျန်းမာရေးနှင့် မိသားစုဘဝဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mrs. Anupriya Patel၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vikram Misri၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်ဇနီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ (ကြည်း၊ ရေ၊ လေ) စစ်သံမှူး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် တာဝန်ရှိသူများက Palam လေတပ်စခန်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ညနေ ၅ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**





## ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

## ကြိုဆိုနှုတ်ဆက်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။**

သတင်းစဉ်

# တောင်နဝင်းဆည် ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပြည် ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် တောင်နဝင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများအား (JICA ODA LOAN) ဖြင့် တည်ဆောက်ရေး(၂)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။




တောင်နဝင်းဆည်သည် ပြည်၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပုတီးကုန်းမြို့နယ်များရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များသို့ ရေပေးဝေခြင်း စတင်ခဲ့သည်မှာ ၁၉၉၄ ခုနှစ်မှ ယခုအချိန်ထိ ဆယ်စုနှစ်နှစ်ခုကျော်၊ သုံးခုအထိရောက်ရှိလာပြီဖြစ်ပြီး ရေပေးအဆောက်အအုံများ ပြုပြင်ရန် လိုအပ်ခြင်း၊ တူးမြောင်းများ နုန်းဖို့မှုကြောင့် ရေပေးနိုင်မှုစွမ်းအား ကျဆင်းနေခြင်း၊ ရာသီဥတုဒဏ်ကို နှစ်များစွာခံခဲ့ရသောကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တိုးတက်ရေးအတွက် ရေသောက်စနစ်များ အဆင့်မြှင့်တင်ပြုပြင်ရန် လိုအပ်လျက်ရှိသည်။

သို့ဖြစ်၍ တောင်နဝင်းဆည် ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ၏ တူးမြောင်းမကြီးနှင့် မြောင်းခွဲများ၊ လက်တံမြောင်းများ ရေပေး အဆောက်အအုံများ၊ စံချိန်စံညွှန်းနှင့်အညီ ပုံစံကျဖြစ်မြောက်ရေး၊ လျာထားချက်နှင့် အညီ အချိန်မီ ပြီးမြောက် အောင်မြင်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိရာ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မူလအုတ်စီတူးမြောင်းကြီး၏ ပျက်ယွင်းနေသည့်နေရာများတွင် ပိုမိုခိုင်ခံ့သော ကွန်ကရစ်လုပ်ငန်များ အစားထိုး ဆောင်ရွက်ခြင်း၊ တူးမြောင်းပေါင်အားနည်းသည်များအား မြေသားအစားထိုးခြင်း၊ ပေါင်ဆင့်ခြင်း၊ ပေါင်မြှင့်ခြင်း၊ မြေသားခိုင်မာအောင်ဆက်စပ်၍ ပေါင်ပိုးခြင်းများကို စံချိန်စံညွှန်းနှင့်အညီ ခိုင်မာအောင် စနစ်တကျဖြစ်စေရန် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်နိုင် (ပြည်)**



**မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်း ဦးဆောင်သော မှုခင်းအသိပညာပေးဟောဉ်သည် ဇန်နဝါရီ ၂၇ ရက်က ကျိုက်မရောမြို့နယ် ကော့ဝမ်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်မျိုးက မှုခင်းအသိပညာပေး ဟောပြောစဉ်။**

၁၃၈

◆ *ကျောဖုံးမှ*

ဒီဇိုင်း၊ စီမံကိန်းတန်ဖိုး၊ ဘဏ္ဍာငွေရရှိမှု၊ လုပ်ငန်းဆောင်ရွက်ရန် လျာထားမှု အစီအစဉ်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စံချိန်ပြည့်မီအောင် ဆောင်ရွက်**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေ အကန့်အသတ်ရှိသော်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေတည်ဆောက်ရခြင်း ဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မာအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တည်ဆောက်မှုအပိုင်း စံချိန်စံညွှန်း ပြည့်မီအောင် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံအနေဖြင့် တံတားတည်ဆောက်မှုအပိုင်းတွင် အတွေ့အကြုံရှိပြီးဖြစ်သည့်အတွက် ယခင်တံတားများ၏ အားနည်းချက်များအပေါ် သင်ခန်းစာယူပြီး စေတနာထားဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး တံတားအသစ် တည်ဆောက်မည့် စီမံကိန်းနေရာနှင့် ပုလုံးတုံးတုံးကျေးရွာကို ကြည့်ရှုသည်။

**တည်ဆောက်မည်**

ယခုတည်ဆောက်မည့် ပုလုံးတုံးတုံးတံတားမှာ သံကူကွန်ကရစ်တံတားအမျိုးအစား၊ တံတားယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် သုံးပေ၊ တံတားအရှည် ပေ ၂၄၀၀ ဖြစ်ပြီး ပင်လယ်ရေဒဏ်ခံနိုင်မည့် ကွန်ကရစ်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖွံ့ဖြိုးတိုးတက်လာမည်**

တံတား တည်ဆောက်ပြီးစီးပါက ယာဉ်ကြီး၊ ယာဉ်ငယ်များ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများ အဆင်ပြေချောမွေ့လာမည့်အပြင် ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် မလိဝမ်းကျေးရွာရှိ မလိဝမ်းရွှေဖြူကုမ္ပဏီလီမိတက် ရော်ဘာစက်ရုံသို့ ရောက်ရှိပြီး အဆင့်မြင့် ရော်ဘာထုတ်လုပ်နေမှုကို ကြည့်ရှုရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက တိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးထားရှိမှု၊ အထွက်နှုန်း၊ ဈေးကွက်သို့ တင်ပို့နိုင်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ရော်ဘာဈေး မတည်မငြိမ်ဖြစ်ချိန်တွင် တောင်သူများအား တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ ဖြစ်စေနိုင်ရေးအတွက် ရော်ဘာခြံများတွင် သီးညှပ်စိုက်ပျိုးခြင်းကို ဆောင်ရွက်သင့်ကြောင်း အကြံပြုပြောကြားသည်။

**ဝင်ငွေပိုမိုတိုးတက်ရရှိ**

တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ယခုအထိ ရော်ဘာဧက ၃၄၇၀၀၀ ကျော် စိုက်ပျိုးထားသည်။ ကော့သောင်းခရိုင်အနေဖြင့် ရော်ဘာဧက ၆၃၀၀၀ ကျော်စိုက်ပျိုးထားပြီး ယခုစက်ရုံတည်ဆောက်ခြင်းကြောင့် အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်လာနိုင်၍ ရော်ဘာစိုက်တောင်သူများအနေဖြင့် ယခင်ကထက် ဝင်ငွေပိုမိုတိုးတက်ရရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ကော့သောင်းမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)၌ ဌာနဆိုင်ရာဝန်ထမ်းများက ဒေသခံပြည်သူများအား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကိုကြည့်ရှုပြီး ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်တို့က ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကိုယ်တိုင်လက်ရောက်ပေးအပ်သည်။

**တွေ့ဆုံ**

ယင်းနောက် ဒုတိယသမ္မတသည် ကော့သောင်းမြို့ Victoria Cliff ဟိုတယ်၌ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ၎င်းတို့ တွေ့ကြုံနေရသည့် လုပ်ငန်းအခက်အခဲများအပေါ် ဖြေလျှော့ပေးစေလိုသည့် အချက်များကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကမ္ဘာလှည့်ခရီးသွားများအတွက် စင်းလုံးငှားလေယာဉ်ဖြင့် လာရောက်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ဆိုက်ရောက်ဗီဇာ ထုတ်ပေးနေမှုနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းနောက် ဒုတိယသမ္မတက တနင်္သာရီတိုင်းဒေသကြီးသည် သာယာလှပပြီး ခရီးသွားအရင်းအမြစ်များ ပေါကြွယ်ဝလှသည့် တိုင်းဒေသကြီးဖြစ်သည်။ အဏ္ဏဝါခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ လူထုအခြေပြုခရီးသွားလုပ်ငန်း၊ မြစ်အတွင်း အပျော်စီးခရီးသွားလုပ်ငန်း၊ ပင်လယ်အတွင်း အပျော်စီးခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်း၊ ကားအပျော်စီး ခရီးသွားလုပ်ငန်း၊ စက်ဘီးအပျော်စီး ခရီးသွားလုပ်ငန်းစသည့် ခရီးသွားလုပ်ငန်းအမျိုးအစားစုံလင်စွာဆောင်ရွက်ရန် ပိုင်ဆိုင်ထားသည့် တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ မြိတ်ကျွန်းစုများမှာ အလွန်လှပသည့် ကမ်းခြေများ ပိုင်ဆိုင်ထားသည့် ကျွန်းများရှိပါကြောင်း၊ ယင်းကျွန်းများ၏ အနီးတစ်ဝိုက်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ကမ္ဘာလှည့်ခရီးသည်များသည် ရှိပြီးသားခရီးစဉ်များထက် ခရီးစဉ်သစ်များကို ပိုမိုစိတ်ဝင်စားပြီး ခရီးစဉ်ဒေသများသို့ သွားရောက်ရာတွင်လည်း ပို့ဆောင်ရေးစနစ်များနှင့် လုံခြုံရေးစနစ်များ ကောင်းမွန်စွာ ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဧည့်သည်များအတွက် ဝင်ထွက်မှု လွယ်ကူချောမွေ့စေရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ အဆင့်မြင့်မားရေး၊ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရေးတို့ကို အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**လျှော့ချပေးနိုင်**

သယံဇာတ အရင်းအမြစ်များကို အခြေပြုသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ ကျေးလက်နေပြည်သူများကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်သည့်အပြင် ဆင်းရဲနွမ်းပါးမှုများကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးကိုလည်း အထောက်အပံ့ပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပုလုံးတုံးတုံးတံတားတည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**“ မြိတ်ကျွန်းစုများမှာ အလွန်လှပသည့် ကမ်းခြေများ ပိုင်ဆိုင်ထားသည့် ကျွန်းများရှိ၊ ယင်းကျွန်းများ၏ အနီးတစ်ဝိုက်တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနများ၊ အသင်းအဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည် ”**

## ရွှေဘိုပေါ်ဆန်းမွှေးဆန်ကို ကမ္ဘာကသိရှိလာစေရန် ကူညီဆောင်ရွက်ပေးရန်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း ADSP ၏ ကနဦးအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက နေပြည်တော် ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတကာဆန်စပါး သုတေသနဌာန၊ ကမ္ဘာ့ဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တွင် မျိုးစေ့ထုတ်လုပ်ရေးကို အဓိကထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရွှေဘိုပေါ်ဆန်းမွှေးဆန်ကို မြန်မာ့ပေါ်ဆန်းမွှေးဆန်အဖြစ် ကမ္ဘာက သိရှိလာစေရန် နိုင်ငံတကာ ဆန်စပါးသုတေသနဌာန IRRI အနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ရာသီဥတု ပြောင်းလဲလာမှု၊ မြို့ပြတိုးချဲ့လာမှုများနှင့် အခြားသုံးစွဲမြေလိုအပ်ချက် များပြားလာမှုတို့ကြောင့် လယ်မြေတိုးချဲ့ရန် အကန့်အသတ်ပေါင်းများစွာ ဖြစ်ပေါ်လျက်ရှိရာ အထွက်နှုန်းနှင့် သီးနှံအရည်အသွေး မြှင့်တင်ရန် ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ဆန်စပါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရန် အတွေ့အကြုံရှိသော ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသော ပညာရှင်များက ဆန်စပါးထုတ်လုပ်ခြင်းအတွက် အဓိကလိုအပ်ချက်ဖြစ်သော မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ သီးနှံစီမံခန့်ခွဲမှု နည်းစနစ်များ၊ မြေဆီလွှာဆိုင်ရာ စီမံခန့်ခွဲမှု နည်းစနစ်များနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာများ၊ မျိုးစေ့ထောက်ခံချက်လက်မှတ် ထုတ်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**ညီညီသန်း(နေပြည်တော်)**
**ဓာတ်ပုံ-စိုက်ပျိုးရေး**

## သဘာဝဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်ရန် ညှိနှိုင်းဆောင်ရွက်

**မကွေး ဇန်နဝါရီ ၂၇**

သဘာဝဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်ရန် အဆင်သင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လိုအပ်ချက်များနှင့် အခက်အခဲများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့သည့် ရေစကြိုမြို့နယ်၊ မြေတော်ကျေးရွာကမ်းပြိုမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ၃၅၉၇ ဒသမ ၂ သိန်း၊ မြို့သစ်မြို့နယ်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတား ဆောက်လုပ်ရန် ငွေကျပ်သိန်း ၆၀၀၊ မင်းဘူး(စကု)မြို့နယ်၊ မင်းရွာ၊ မန်းချောင်းရေတိုက်စားမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၁၂၀၊ ပေါက်ကရော တံတားပြုပြင်ရန် ငွေကျပ် ၃၂၄ သိန်း၊ ပေါက်မြို့နယ် ဘဲတောကျေးရွာ ယင်းချောင်းရေတိုက်စားမှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၃၁၀ ၊ ဂန့်ဂေါမြို့နယ် မြို့မရပ်ကွက် ကမ်းထိန်းတမံပြုလုပ်ရန် ငွေကျပ်သိန်း ၈၇၀နှင့် စေတုတ္တရာမြို့နယ်၌ သဘာဝဘေးစီမံခန့်ခွဲရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် စက်လှေနှစ်စင်းနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ပုံငွေမှ ထောက်ပံ့သည့် နတ်မောက်မြို့နယ် ကြာကန်ကျေးရွာ အောင်သာကုန်းတဲတိုက်၌ စက်ရေတွင်းတူးဖော်ရန် ငွေကျပ်သိန်း ၁၉၀၊ မကွေးမြို့၌ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပရဟိတအဖွဲ့များအတွက် စက်သုံးဆီဖိုးငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိခြင်းဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းလည်းဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က**
**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁-ရာစု ပင်လုံ)ကြိုဆိုထောက်ခံပွဲသို့**
**ပေးပို့သည့် သဝဏ်လွှာ**
**၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ (၂၇) ရက်**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁- ရာစု ပင်လုံ) ကြိုဆိုထောက်ခံပွဲသို့ ကြွရောက်လာကြသော ပြည်သူ ပြည်သားများ၊ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပွဲဖြစ်မြောက်ရေးကော်မတီဝင်များ၊ ဝိုင်းဝန်းကူညီပံ့ပိုးကြသူများနှင့် ငြိမ်းချမ်းရေး ရယူလိုစိတ် ဆန္ဒတူရှိနေကြသူများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

ဒီထောက်ခံပွဲကြီးဟာ ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားသော ကျွန်မတို့ ပြည်သူပြည်သားများရဲ့ မျှော်လင့်ချက်များ၊ အိပ်မက်များနှင့် ပြည့်လျှံနေမယ်လို့ ယုံကြည်ပါတယ်။ ယခုထောက်ခံပွဲကြီးဟာ ပြည်တွင်းငြိမ်းချမ်းရေးကို မခံစားသွားရရှာတဲ့ နိုင်ငံချစ်ပုဂ္ဂိုလ်များအပေါ် သစ္စာစောင့်သိခြင်း၊ ပြည်တွင်းစစ်ဒဏ်ကို ခါးစည်းခံနေရတဲ့ အိုးမဲ့အိမ်မဲ့ ဘဝပျက်တဲ့ ပြည်သူများအပေါ် ကရုဏာရှိခြင်း၊ နိုင်ငံတော်ရဲ့အနာဂတ်မျိုးဆက်များအတွက် ဆိုးမွေများကို ဖယ်ရှားပြီး ကောင်းမွေများရှိစေချင်တဲ့ မေတ္တာထားခြင်းဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဟာ နှစ်ပေါင်း(၇၀)နီးပါး ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ခေတ်အဆက်ဆက် သူ့ခေတ် သူ့ကာလ သူ့အခြေအနေတွေအရ ငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ရတာများကို သင်ခန်းစာယူပြီး ကျွန်မတို့ခေတ်မှာ စုပေါင်းညီညာ အောင်ကြောင်းဖြာဆိုသလို ကျွန်မတို့အားလုံး စုပေါင်းပြီး သမိုင်းမော်ကွန်းသစ်ကို ရေးထိုးကြရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးအတွက် ပြည်သူလူထုရဲ့ထောက်ခံအားပေးမှု၊ ယခုလို တက်တက်ကြွကြွပါဝင်လှုပ်ရှားမှုများက အထူးလိုအပ်လှပါတယ်။ ငြိမ်းချမ်းရေးဆိုတာ လူ့အသိုင်းအဝိုင်းတစ်ခုလုံးက ပါဝင်ပတ်သက်မှုမရှိဘဲ မရနိုင်ပါ။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိခြင်းဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းလည်း ဖြစ်ပါတယ်။ ကျွန်မတို့အားလုံး နှစ်ကာလကြာရှည်စွာ မျှော်မှန်းခဲ့တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်တဲ့ ခြေလှမ်းလည်းဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုအတွက် တိုင်းရင်းသားလူမျိုးစုတစ်စုအတွက် မဟုတ်ပါ။ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးရဲ့ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုအတွက် ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာကြီးတစ်ခု ဖြစ်ပါတယ်။ ဒီရတနာကြီးရရှိဖို့အတွက် ပြင်းထန်တဲ့ဆန္ဒ၊ မလျှော့သော ဝီရိယ၊ ခိုင်ခံ့တဲ့စိတ်ဓာတ်၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်တဲ့ ပညာတို့နဲ့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆုံးရှုံးတဲ့နိုင်ငံမျိုး၊ ငြိမ်းချမ်းရေး မရရှိလို့ ပြည်သူများ စိတ်မချမ်းသာရတဲ့ ပြည်ထောင်စုမျိုး မဖြစ်ရလေအောင် အဆိုပါ အဓိပတိလေးပါးနဲ့ ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။ ယခုလို ဂုဏ်ယူဝင့်ကြွားစရာ ထောက်ခံပွဲကြီး တစ်ခုဖြစ်အောင် အားတက်သရော ဝိုင်းဝန်းကြိုးစား ပံ့ဖော်ကြတဲ့ ပုဂ္ဂိုလ်များ၊ အခက်အခဲ အကျပ်အတည်းမျိုးစုံကြားမှ ဒီမိုကရေစီ ခယောင်းလမ်းကို ဖြတ်သန်းခဲ့ကြတဲ့ ဒီမိုကရေစီအင်အားစုများ၊ ခက်ခဲကြမ်းတမ်းတဲ့ ငြိမ်းချမ်းရေးခရီးလမ်းကို မတိမ်းမစောင်းအောင် အားပေးထောက်ခံကြတဲ့ ပြည်သူလူထုအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးအတွက် ကျွန်မတို့ ဘယ်လောက် မြတ်နိုးတန်ဖိုးထားတယ်ဆိုတာကို သမိုင်းရဲ့စစ်ဆေးဆုံးဖြတ်မှုကို လိပ်ပြာသန့်သန့် သိက္ခာရှိရှိနဲ့ ရင်ဆိုင်ခံယူနိုင်ကြဖို့ ပြည်သူလူထုအားလုံး ပူးပေါင်းဆောင်ရွက်ကြပါစို့၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံသစ်ဆီသို့ တစ်လှေတည်းစီး တစ်ခရီးတည်း သွားကြတဲ့ ကျွန်မတို့အချင်းချင်း အပြန်အလှန်နားလည်မှု၊ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနဲ့ ချီတက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

**ဒေါ်အောင်ဆန်းစုကြည်**





**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ကြိုဆိုထောက်ခံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖတ်ကြားစဉ်။**

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ကြိုဆိုထောက်ခံပွဲတွင် ငြိမ်းချမ်းရေးဘောလုံးပွဲအဖြစ် ကစားမည့် နှစ်ဖက်အသင်းသားများအား လိုက်လံနှုတ်ဆက်စဉ်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

***✻ ရှေ့ဖုံးမှ***

ဆက်လက်၍ ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဝင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးမင်းကိုနိုင်က ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကြိုဆိုထောက်ခံပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် ယနေ့ပွဲသည် ပြည်သူများ ကျင်းပသော ပွဲဖြစ်ကြောင်း၊ ပြည်သူများသည် သမိုင်းတစ်လျှောက်သာမက ယနေ့အထိလည်း တာဝန်ကျေအောင် ကြိုးစားနေဆဲဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကိုလည်း တစ်တိုင်းပြည်လုံးက လိုချင်ကြောင်း၊ မိမိတို့နိုင်ငံရှိ လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးတွင် မည်သူကမျှ ငြိမ်းချမ်းရေးကို မလိုချင်ဟု ငြင်းဆန်မည့်သူမရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

**ငြိမ်းချမ်းရေးအထိမ်းအမှတ်**

ဆက်လက်၍ အလက(၂) သဃ်န်းကျွန်းမှ ကျောင်းသားငယ်များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များက ငြိမ်းချမ်းရေးသရုပ်ဖော်ပြကွက်ကို ပြသပြီး ငြိမ်းချမ်းရေးအထိမ်းအမှတ် အဖြူရောင်နှင့် အပြာရောင် မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။

**ငြိမ်းချမ်းရေးဘောလုံးပွဲ**

ထို့နောက် ငြိမ်းချမ်းရေးဘောလုံးပွဲအဖြစ် နိုင်ငံရေး အကျဉ်းသားဟောင်းများ၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများ၊ ရုပ်ရှင်သရုပ်ဆောင်နှင့် အနုပညာရှင်များ ပါဝင်သော "ချစ်ကြပါ ဘောလုံးအသင်း" နှင့် "အမုန်းများရပ် ဘောလုံးအသင်း" တို့ ယှဉ်ပြိုင်ကစားကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်စိုးတို့က အသင်းနှစ်သင်းမှ အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ထို့နောက် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး နှစ်ဖက်ဘောလုံးအသင်းများကို ဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**အလွှာအသီးသီးမှ တက်ရောက်**

ယနေ့ကျင်းပသည့် ကြိုဆိုထောက်ခံပွဲ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အနုပညာရှင်များ၊ ထောက်ခံပွဲသို့ လာရောက်အားပေးကြသော အလွှာအသီးသီးမှ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)**







**ငြိမ်းချမ်းရေးသရုပ်ဖော်ပြကွက်ပြသစဉ်(ဝဲပုံ)။ အလက(၂) သဃ်န်းကျွန်းမှ ကျောင်းသားငယ်များက ငြိမ်းချမ်းရေးအထိမ်းအမှတ် အဖြူရောင်နှင့် အပြာရောင် မိုးပျံပူဖောင်းများ လွှတ်တင်ကြစဉ်။** (အပေါ်ပုံ)

# အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုပေးပွဲကျင်းပ


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၇)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ သတင်းစဉ်

နေပြည်တော် ဇန်နဝါရီ ၂၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်နှင့် တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုပေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၇) ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ပစ္စတိုအသင်းလိုက်(မ)ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့သည့်အသင်းမှ အရာခံဗိုလ် နန်းယုဝါလှိုင်၊ အရာခံဗိုလ် ချိုမာလှိုင်၊ တပ်ကြပ်ကြီး၊ စာရေး အိမြတ်ဖြူတို့အား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ထုတ်လုပ်မှုကျွမ်းကျင် မအေးအေးမြင့်၊ ထုတ်လုပ်မှုကျွမ်းကျင် မအေးအေးငြိမ်းတို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးတို့က ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အသင်းလိုက်ပစ္စတို(မ)အသင်းမှ အရာခံဗိုလ် ချိုမာလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများအား ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားသတင်းဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ( MJA) က ချီးမြှင့်မည့် ဆဋ္ဌမအကြိမ် အမျိုးသားသတင်းဆုပေးပွဲကို မေ ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အမျိုးသားသတင်းဆုကျင်းပရေး ကော်မတီကို မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း (MJA) အလုပ်အမှုဆောင်များဖြင့် ဖွဲ့စည်းထားပြီး အမျိုးသားသတင်းဆု ကျင်းပရေးကော်မတီသည် သတင်းသူရဲကောင်းဆု (The Hero of Journalist)၊ အကောင်းဆုံးသတင်းဆု ( The Best News Story Award)၊ အကောင်းဆုံးသတင်းဆောင်းပါးဆု (The Best Feature Award)၊ အကောင်းဆုံးသတင်းဓာတ်ပုံဆု(The Best News Photo Award)၊ အကောင်းဆုံး သတင်းကာတွန်းဆု (The Best Newspaper Cartoon Award)၊ အကောင်းဆုံး ရုပ်၊ သံ သတင်းဆု (The Best TV News Story Award)၊ အကောင်းဆုံးအယ်ဒီတာဆု (The Best Editorial Award) တို့ကိုရွေးချယ်၍ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းဌာနများမှ သော်လည်းကောင်း၊ မိမိကိုယ်တိုင်သော်လည်းကောင်း မိမိသဘောကျ နှစ်ခြိုက်သူ၏ သတင်းဆောင်းပါးကို သော်လည်းကောင်း အမည်စာရင်း ရွေးချယ်ပေးပို့နိုင်ပြီး အမည်စာရင်းများကို မတ် ၂၀ ရက် နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်ကာ သတင်းဆုများကို ဧပြီလကုန်တွင် အပြီးသတ်ရွေးချယ်မည်ဟု သိရသည်။

သတင်းဆုရွေးချယ်ရေးကော်မတီသို့ပေးပို့ရာတွင် သတင်းသမားကိုယ်တိုင်မှ မိမိရေးသားသည့်သတင်း၊ မိမိကိုယ်တိုင်ရိုက်ကူးသည့်ဓာတ်ပုံ ကာတွန်းကိုပေးပို့ခြင်း၊ အခြားသူမှ သူကြိုက်နှစ်သက်သည့် သတင်း၊ ဓာတ်ပုံ၊ ကာတွန်းကို ကိုယ်စားပေးပို့ခြင်း၊ သတင်းဌာနများမှ မိမိတို့တိုက်မှထုတ်ဝေ၊ ထုတ်လွှင့်သည့် မြန်မာပြည်နှင့်ပတ်သက်သည့် မည်သည့် သတင်းသုံးပုဒ်ကိုမဆို ပေးပို့ခြင်းတို့ဖြစ်သည်။

ထိုသို့ပေးပို့ရာတွင် သတင်း၊ သတင်းဆောင်းပါး ၊ ကာတွန်းနှင့်သတင်းဓာတ်ပုံများသည် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပုံနှိပ်မီဒီယာများတွင် ပုံနှိပ်ဖော်ပြထားသည့် သတင်းများဖြစ်ရမည်။ တင်သွင်းသည့်သတင်း၊ သတင်းဆောင်းပါး၊ ကာတွန်းနှင့် သတင်းဓာတ်ပုံများ ပုံနှိပ်ထားရှိမှုကို မိတ္တူတင်ပြနိုင်ရမည်။ ရုပ်သံမီဒီယာများအနေဖြင့် မိမိတို့သတင်းဖော်ပြသည့် အွန်လိုင်းဝက်ဘ်ဆိုက်၌ link များကို တင်ပြရမည်ဖြစ်သည်။

မိမိတို့၏ အမည်စာရင်းများကို info@mjoumalistsa.org သို့လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA)၁၇၃ /၁၇၅ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ကိုယ်တိုင်ပေးပို့နိုင်ကြောင်း သိရှိရသည်။

**အောင်သူရ**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်ဂျင်နီယာ အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (နေပြည်တော်) နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံး၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (နေပြည်တော်) နာယက၊ ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များ၊ အသင်းဝင်အင်ဂျင်နီယာများ၊ မျိုးဆက်သစ်အင်ဂျင်နီယာများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (နေပြည်တော်)အနေဖြင့် အသင်းပိုင်အဆောက်အအုံမှာ နိုင်ငံတွင် လိုအပ်နေသည့် Professional Engineer (PE) , Register Senior Engineer (RSE), Register Engineer များအတွက် လိုအပ်သည့် သင်တန်းများ၊ Workshop များ၊ Seminar များကို စီစဉ်ပြီး အကူအညီပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများရှိ အသင်းဝင်အင်ဂျင်နီယာများအနေဖြင့် မိမိ၏ အရည်အသွေးကို မြှင့်တင်ပေးပြီး အင်ဂျင်နီယာကျင့်ဝတ်၊ သိက္ခာနှင့်အညီ ပိုမိုပြည့်စုံရင့်ကျက်လာရန် အမြဲတမ်း စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည် ဖြစ်ပါကြောင်း၊ သို့မှသာ မြန်မာအင်ဂျင်နီယာလောကသည် ကမ္ဘာ့အဆင့်အတန်းမီသည့် အာဆီယံအဆင့်ကို ရအောင်ကြိုးစားဆောင်ရွက်ရမှာဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်ဂျင်နီယာ အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က မြန်မာအင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အင်ဂျင်နီယာအခန်းကဏ္ဍ၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ ဥက္ကဋ္ဌများ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က အလှူရှင်များမှ လှူဒါန်းငွေများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# သမဝါယမတက္ကသိုလ် (သန်လျင်) ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

သမဝါယမတက္ကသိုလ်(သန်လျင်)၏ ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ရီရီဝင်းက သမဝါယမ တက္ကသိုလ် (သန်လျင်)အနေဖြင့် အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ်အခြေခံထားရှိပြီး အရည်အချင်းပြည့်ဝသော လူမှုစီးပွားရေးပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုတက္ကသိုလ်ဖြစ်လာစေရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age) ဖြစ်ခြင်းနှင့်အညီ သိပ္ပံပညာနှင့် နည်းပညာများသည် တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိပါကြောင်း၊ ပညာခေတ်၏ စိန်ခေါ်မှုကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် အမိသမဝါယမတက္ကသိုလ်က စီးပွားရေးပညာရပ် ICT ပညာရပ်များအပြင် လူမှုရေးစိတ်ဓာတ်အခြေခံကောင်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် သဘောတရားများ ပါဝင်သည့် သမဝါယမပညာရပ်များပါ လေ့ကျင့်သင်ကြားပေးခဲ့ပြီ ဖြစ်ပါကြောင်း။

**ကြိုးစားဆောင်ရွက်**

နိုင်ငံတော်နှင့် ပြည်သူတို့၏ လိုအပ်ချက်များကို မိမိတို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ စိတ်ရောကိုယ်ပါ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် မျိုးဆက်သစ်သမဝါယမလူငယ်ခေါင်းဆောင်ကောင်းများ၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်ကြီးများဖြစ်ကြရန် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

**ဘွဲ့အပ်နှင်း**

ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ ငါးဦး၊ အသုံးချ စာရင်းအင်းပညာမဟာဘွဲ့ ငါးဦး၊ ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာ မဟာဘွဲ့ လေးဦး၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှု ပညာမဟာဘွဲ့ လေးဦး၊ လူမှုစီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှု ပညာမဟာဘွဲ့ နှစ်ဦး၊ စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာ ဘွဲ့လွန်ဒီပလိုမာ နှစ်ဦး၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်ဒီပလိုမာ နှစ်ဦးနှင့် စီးပွားရေးသိပ္ပံဘွဲ့ ရရှိသူ ၄၆၁ ဦး စုစုပေါင်း ၄၈၅ ဦးတို့ကို ဘွဲ့အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြိမ် (၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ၂၂ ပါးမြောက် တိပိဋကဓရ၊ ပိဋကသုံးပုံ အာဂုံဆောင်အရှင်သူမြတ်တစ်ပါး ပေါ်ထွန်း


တိပိဋကဓရဘွဲ့ရ အရှင်သေဋ္ဌိဉာဏာလင်္ကာရ

**နေပြည်တော် ဇန်နဝါရီ ၂၇**

အကြိမ် (၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပရာ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ကျန်စစ်သားလမ်း ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ ဘဒ္ဒန္တ သေဋ္ဌိဉာဏာလင်္ကာရ သက်တော် ၃၈ နှစ် သိက္ခာ ၁၇ ဝါသည် ၂၂ ပါးမြောက် တိပိဋကဓရ၊ ပိဋကသုံးပုံအာဂုံဆောင်အဖြစ် ပေါ်ထွန်းခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

### ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ တိပိဋကဓရဘွဲ့ရ အရှင်သေဋ္ဌိဉာဏာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်**

အရှင်သေဋ္ဌိဉာဏာလင်္ကာရသည် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဗိုကြီးရွာ ခမည်းတော် ဦးတင်စော-မယ်တော် ဒေါ်အုံးခတို့မှ ၁၃၄၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၄ ရက် (သောကြာနေ့)တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**ဥပသမ္ပဒမင်္ဂလာ**

၁၃၆၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက် (တနင်္ဂနွေနေ့)တွင် ၇ မိုင် စော်ဘွားလေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တက္ကန္ဒာစာရကို ဥပဇ္ဈာယ်ပြုလျက် ၇ မိုင်၊ မလိခလမ်း၊ ၁၁(က) ဦးထူးအောင်ကြီး-ဒေါ်ပြုံးပြုံးထွေးမိသားစု၊ ရွာဗိုကြီးရွာ ဒေါ်စောကြွယ်နှင့် ဦးတင်စော-ဒေါ်အုံးခမိသားစု၊ ရန်ကင်းမြို့နယ် ကျောက်ကုန်း ဦးအောင်ကြီး-ဒေါ်မိုးမိုးအောင် မြနန္ဒာအိမ်ဆောက်ပစ္စည်းအရောင်းဆိုင် မိသားစု၊ သုံးခွမြို့ ဦးစန်းမြင့်-ဒေါ်အေးပို မိသားစု၊ ရဲမှူးကြီး ချစ်ရင်- ဒေါ်ခင်စန်းမြင့် မိသားစု၊ ဦးကျင်စိန်-ဒေါ်နီနီအေး၊ သမီး မမော်လီလင်း(တ-ဖ) ထရေးဒင်းကုမ္ပဏီလီမိတက် မိသားစု၊ ဦးမိန်သက်-ဒေါ်သန်းသန်းမော်၊ သရီးဂိုးလ်စတား ကုမ္ပဏီမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

**ကျေးဇူးရှင်ဆရာတော်များ**

ရွာဗိုကြီးရွာ ဥပ္ပလ္လင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏ။ ၇ မိုင်စော်ဘွားလေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တက္ကန္ဒာစာရနှင့် စာချဘုန်းတော်ကြီးများ။ ကမ္ဘာအေး၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊ ဘဒ္ဒန္တကဝိဇ၊ အရှင်ဉာဏကုသလ (ဥဘတောဝိဘင်္ဂကောဝိဒ)၊ အရှင်စန္ဒန (ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက)၊ အရှင်ပညာဝံသာလင်္ကာရ (ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက) အရှင်သိရိဒတ္တာလင်္ကာရ (ဒွိပိဋကကောဝိဒ)၊ ရွှေနံ့သာစံပြကျေးရွာ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသိတလ (ဒွိပိဋကဓရ)၊ အရှင်ဝါသေဋ္ဌာလင်္ကာရ(တိပိဋကဓရ)၊ ဗဟန်းပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တသောဘဏ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တတေဇနိယ (ပဋ္ဌာန်းအလင်းရောင်)၊ ဘဒ္ဒန္တပဝရာဘိဝံသ၊ ဘဒ္ဒန္တနာရဒါဘိဝံသ(သ.စ.အ ဓမ္မာစရိယ၊ ဝင့်သကာ)နှင့် စာချဘုန်းကြီးများ၊ ရန်ကင်းတောင်ဥယျာဉ် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇောတိက(အမ်အေ)နှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာ ဘိဝံသ၊ ဘဒ္ဒန္တသြဘာသာ ဘိဝံသ (ဒွိပိဋကကောဝိဒ၊ ဝိသိဋ္ဌမူလအာဘိဓမ္မိက)စသော စာချဘုန်းတော်ကြီးများထံတွင် ပိဋကတ်စာပေများကို သင်ကြားခဲ့ပါသည်။

**အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ**

ဂဏဝါစကသာမဏေကျော်၊ ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်၊ ပရိယတ္တိသဒ္ဓမ္မရက္ခိတ သာမဏေကျော်၊ မင်္ဂလာဗျူဟာသာမဏေကျော်၊ ပရိယတ္တိသာသနဟိတသာမဏေကျော်ဘွဲ့များ၊ ၁၃၆၁ ခုနှစ် ပထမကြီးတန်း (ရန်ကုန်တိုင်းဒေသကြီး ပထမ၊ တစ်နိုင်ငံလုံး ဒုတိယ) သာသနဓဇဓမ္မာစရိယ၊ နိကာယုဇ္ဇောတက ဝိနယဓရ ဓမ္မာစရိယ၊ နိကာယုဇ္ဇောတကအတ္ထဝိသာရဒ ဒီဃဘာဏက၊ နိကာယဝုဖို သမိတိဝိနယကောဝိဒ၊ နိကာယဝုဖိုသမိတိ ဒီဃနိကာယကောဝိဒ၊ ပရိယတ္တိသာသနဟိတဝိနယဓရ၊ ပရိယတ္တိသာသနဟိတဒီဃဘာဏက၊ ကျောင်းတိုက်စာမေးပွဲ မဟာဂန္ထဝံသဒီဃာဂမ၊ မဟာဂန္ထဝံသ မူလအာဘိဓမ္မာဂမ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အဘိဓမ္မာဝိဒူ-၁/၂၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ မူလအာဘိဓမ္မိက၊ မူလအာဘိဓမ္မကောဝိဒနှင့် နိကာယ်စာမေးပွဲ အသီးသီးတို့ကိုလည်း အောင်မြင်ခဲ့ပါသည်။

**အာဘိဓမ္မိက ဘွဲ့လက်မှတ်**

၁၃၇၉ ခုနှစ် အကြိမ် (၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်း အာဂုံပြန်ဆိုပွဲ၌ ပြန်ဆိုအောင်မြင်သောကြောင့် အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်၊ ၎င်းအောင်လက်မှတ်နှင့် အရိုးနီကနက္ကဒဏ် ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိတော်မူမည် ဖြစ်ပါသည်။

**တိပိဋကဓရ ဘွဲ့တံဆိပ်တော်**

ယခုအခါ အရှင်သေဋ္ဌိဉာဏာလင်္ကာရသည် သင်ရိုးပိဋကသုံးပုံလုံးကို အာဂုံပြန်ဆို အောင်မြင်ပြီးဆုံးပြီဖြစ်သဖြင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ ၎င်းအောင်လက်မှတ်နှင့် အရိုးနီကနက္ကဒဏ် ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

## ရန်ကုန်ကလေးဆေးရုံကြီး၌ ပထမဆုံးအကြိမ် ကျောက်ကပ်အစားထိုးကုသ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်ကလေးဆေးရုံကြီး၌ ယနေ့ နံနက်ပိုင်းက မြန်မာဆရာဝန်များနှင့် စင်ကာပူဆရာဝန်များ ပူးပေါင်းကာ နာတာရှည် ကျောက်ကပ်ရောဂါဝေဒနာရှင် မိန်းကလေးငယ်တစ်ဦးအား ကျောက်ကပ် အစားထိုးကုသခြင်း လုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။


ဒေါက်တာစုစုဒွေး
ရန်ကုန်ကလေးဆေးရုံအုပ်ကြီး

"ဒီကနေ့ ခွဲစိတ်တာကတော့ ကလေးကျောက်ကပ် အစားထိုးကုသတဲ့လုပ်ငန်းဖြစ်ပါတယ်၊ ကျွန်မတို့ ရန်ကုန်ကလေးဆေးရုံကြီးမှာ ပထမဆုံးအကြိမ် ပြုလုပ်တာဖြစ်ပါတယ်၊ ဒီခွဲစိတ်ကုသမှုကို စင်ကာပူနိုင်ငံ National University Hospital မှ ပါမောက္ခ Prabhakaran ဦးဆောင်တဲ့ ခွဲစိတ်ဆရာဝန်အဖွဲ့နဲ့ ရန်ကုန်ကလေးဆေးရုံကြီး ကလေးခွဲစိတ်ကုပညာဌာနပါမောက္ခ၊ ဌာနမှူး ဒေါက်တာ ဒေါ်အေးအေး၊ ရန်ကုန် ခုတင် ၅၀၀ အထူးကုဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကု ပညာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာကျော်စွာလှိုင်၊ ဆေးတက္ကသိုလ်-၁ မေ့ဆေးဌာန အတိုင်ပင်ခံပါမောက္ခ ဒေါက်တာ ကြည်ကြည်စန်း၊ ပါမောက္ခဌာနမှူး ဒေါက်တာမူမူနိုင်၊ ရန်ကုန်ကလေးဆေးရုံကြီး တာဝန်ခံမေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြစိုး၊ ရန်ကုန်ကလေးဆေးရုံကြီးမှ သူနာပြုဆရာမကြီး ဒေါ်တင်ယင်းမာနဲ့အဖွဲ့တို့က ဦးဆောင်ခွဲစိတ်ပေးခဲ့ပါတယ်၊ ဒီခွဲစိတ်မှုကို နိုင်ငံတော်က အဓိကထောက်ပံ့ပေးတာ ဖြစ်ပါတယ်" ဟု ရန်ကုန်ကလေးဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးက ပြောသည်။

အဆိုပါ ကျောက်ကပ်အစားထိုးကုသမှုတွင် ကျောက်ကပ်အစားထိုးလက်ခံသည့် လူနာမှာ မြောက်ဥက္ကလာပမြို့နယ်နေ ဦးနေအောင်- ဒေါ်ဌေးဌေးဝင်းတို့၏သမီး တစ်ပတ်လျှင် သုံးကြိမ် ကျောက်ကပ်ဆေးနေရသော ကျောက်ကပ်ရောဂါဝေဒနာရှင် အသက် ၁၀ နှစ်ရှိ မနန်းယုဝေဖြစ်ပြီး ၎င်းအား ကျောက်ကပ်ပေးလှူသူမှာ ၎င်း၏ အစ်ကိုအရင်းဖြစ်သူ အသက် (၂၃ နှစ်) ရှိ ကိုအောင်ဇော်ဇော်ဖြစ်ကြောင်း သိရသည်။

"ဒီကျောက်ကပ် အစားထိုးတဲ့လုပ်ငန်းကို လွန်ခဲ့တဲ့ရှစ်လလောက်ကတည်းက ဆောင်ရွက်ခဲ့ရပါတယ်။ ကလေးကျောက်ကပ် အစားထိုးရာမှာ ကလေးကလေးချင်း အစားထိုးလို့မရဘူး။ ကလေးကျောက်ကပ်ကို လူကြီးကျောက်ကပ် အစားထိုးရတာပါ။ သွေးအုပ်စုတွေ၊ တစ်သျှူးတွေ တူညီရပါတယ်။ ဒီကနေ့မှာဆိုရင် ကလေးကျောက်ကပ် အထူးကုဆရာဝန်တွေ၊ လူကြီးကျောက်ကပ်ဆရာဝန်တွေ၊ ခွဲစိတ်ဆရာဝန်တွေ၊ မေ့ဆေးဆရာဝန်တွေ၊ သွေးကြောဆိုင်ရာဆရာဝန်တွေ၊ ဓာတ်မှန်ဆရာဝန်တွေပါဝင်ပါတယ်၊ စုစုပေါင်းအဖွဲ့ ငါးဖွဲ့နဲ့ဆောင်ရွက်တာ ဖြစ်ပါတယ်"ဟု ရန်ကုန်ကလေးဆေးရုံကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ ချိုချိုစန်းက ပြောသည်။



ရန်ကုန်ကလေးဆေးရုံကြီး၌ ကျောက်ကပ်အစားထိုးကုသမှု CCTV မှတ်တမ်းပုံ

အဆိုပါ ကျောက်ကပ်ခွဲစိတ်မှုတွင် ကျောက်ကပ်အလှူရှင်နှင့် လက်ခံသူ လူနာတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးကာလအတွင်း စင်ကာပူနိုင်ငံ National University Hospital မှ ပါမောက္ခ Yap Hui Kim၊ ဆေးတက္ကသိုလ်-၁ ကလေးကျန်းမာပညာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာရဲမြင့်ကျော်၊ ရန်ကုန်ကလေးဆေးရုံကြီး ကလေးကျောက်ကပ်ဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာချိုချိုစန်း၊ ခုတင် ၅၀၀ အထူးကုဆေးရုံကြီး၊ ဆီးနှင့် ကျောက်ကပ်ကုသဌာန ပါမောက္ခ ဒေါက်တာ ဒေါ်ခင်သီတာသွင်တို့ ဦးဆောင်သော ကုသရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကလေးကျောက်ကပ် အစားထိုးကုသမှုကို မန္တလေးမြို့ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီး၌ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ သုံးကြိမ်တိုင်ပြုလုပ်ခဲ့ပြီး ရန်ကုန်မြို့၌ ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယင်းခွဲစိတ်မှုမှာ မြန်မာ့ကျန်းမာရေးသမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ တင်စိုး (မြန်မာ့အလင်း)**

## မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ကမ်းလွန်ပင်လယ်ပြင်တွင် လှိုင်းအမြင့် သုံးပေမှ ငါးပေခန့် ရှိနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ သီပေါမြို့ မိုင်းယန်းမြို့ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ လားရှိုးမြို့ ကျောက်မဲမြို့ လွိုင်လင်မြို့ ဖလမ်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၂၃ လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၁၆လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ကလေးငယ်များ ဗလငါးတန်နှင့် ဘက်စုံဖွံ့ဖြိုးရန် မြိတ်မြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

မြိတ် ဇန်နဝါရီ ၂၇

**ကလေးများ စာအုပ်စာပေ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများရရှိလာစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များနှင့်အညီ ယနေ့ နံနက်ပိုင်းတွင် မြိတ်မြို့၌ ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ယနေ့ နံနက် ၉ နာရီတွင် မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဖွင့်လှစ်၍ အမှာစကား ပြောကြားသည်။

**ဖဲကြိုးဖြတ်၍ဖွင့်လှစ်**

ရှေးဦးစွာ ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျောင်းရှေ့မျက်နှာစာတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ထူးချွန်လူငယ်နှစ်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးရာ ကလေးငယ်များကလည်း မိုးပျံပူဖောင်းများ အသီးသီး လွှင့်တင်ကြသည်။

**ခေတ်စနစ်နှင့်လျော်ညီစွာ**

ထို့နောက် အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းထုတ်ပြန်ရေးနှင့် အသိပညာပေးရေးတို့ကို ပြောင်းလဲတိုးတက်လာသော နည်းပညာများနှင့်အညီ ခေတ်စနစ်နှင့် လျော်ညီစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးနှင့် စာကြည့်တိုက်များကို အများပြည်သူအတွက် အသုံးဝင်သည့်နေရာ လူထုအခြေပြုဗဟိုဌာန (Community Centre)များအဖြစ် မြှင့်တင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အနာဂတ်နိုင်ငံအတွက်၊ မိမိတို့အိုမင်းမစွမ်းဖြစ်လာချိန်တွင် စီမံဆောင်ရွက်မည့် ကလေးငယ်များအတွက် ဗလငါးတန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ကလေးစာပေပွဲတော်များကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်အဖြစ် လီဆူတိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေစဉ်။

**သရုပ်ဖော် ကပြ**

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ကျေးဇူးတင်စကားပြောကြားပြီး ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပထက်ကျေးရွာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ ရေအိုးရွက်အကဖြင့် လည်းကောင်း၊ မြိတ်မြို့နယ် ကစွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက လီဆူရိုးရာအကဖြင့်လည်းကောင်း၊ မြိတ်တက္ကသိုလ် ကျောင်းသား ကျောင်းသူလေးများက ညီညာစေ တိုင်းရင်းသားအကဖြင့်လည်းကောင်း၊ မြိတ်မြို့ မြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဦးဖိုးစိန် ဗုံတိုအကဖြင့် လည်းကောင်း သရုပ်ဖော် ကပြကြသည်။

**စုပေါင်းကစားနည်းများ**

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကလေးစာပေပွဲတော်တွင် ခင်းကျင်းပြသထားသည့် ကရင်တိုင်းရင်းသားရိုးရာပြခန်း၊ ထားဝယ်လူမျိုးရိုးရာပြခန်း၊ ဆလုံလူမျိုး ရိုးရာပြခန်း၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြခန်း၊ အခြေခံပညာဦးစီးဌာနပြခန်း၊ ကျန်းမာရေးဦးစီးဌာန ပြခန်း၊ လူမှုဝန်ထမ်းဦးစီးဌာနပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြခန်းနှင့် ကလေးစာဖတ်ခန်းများအား လည်းကောင်း၊ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းကစားနည်းပြိုင်ပွဲများအား လည်းကောင်း၊ အားကစားပြိုင်ပွဲများအဖြစ် ခွက်နင်းပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ပူဖောင်းညှပ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဖယောင်းတိုင်မီးထွန်းပြိုင်ပွဲ၊ မုန့်ကိုက်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ ကွမ်းသီးကောက်ပြိုင်ပွဲ၊ Team Building စုပေါင်းကစားနည်းများအားလည်းကောင်း ကလေးများပါဝင်ဆင်နွှဲနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

ကလေးစာပေ ပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာနှင့် ရန်ကုန်မြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေချစ်မြတ်နိုးသူများနှင့် စေတနာရှင် အလှူရှင်များ ပူးပေါင်း၍လည်း ၂၀၁၇ ခုနှစ်တွင် ခရိုင်မြို့ကြီး ၁၁ မြို့၌ လည်းကောင်း၊ ယခုနှစ်တွင် ခရိုင်မြို့ကြီး ၁၂ မြို့၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ယခုကျင်းပသည့် မြိတ်ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ပြပွဲများ၊ ပြိုင်ပွဲများ၊ ဖျော်ဖြေတင်ဆက်မှုဖြင့် ကျင်းပလျက်ရှိပြီး မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ထပ်ဆင့်လွှင့်စက်ရုံ (မြိတ်)ကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး၊ စာကြည့်တိုက်ကို လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မြိတ်)ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ကျောင်းစာကြည့်တိုက်ကြည့်ရှု**

ထို့အပြင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းသို့ သွားရောက်ပြီး ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်၏ တန် ၁၀၀၀ အအေးခန်းစက်ရုံ၊ အောင်မြတ်ဖြိုးကုမ္ပဏီလီမိတက်၏ ကဏန်းအရေပျော့ မွေးမြူထုတ်လုပ်ရေးလုပ်ငန်း၊ ပထက်ကျေးရွာ စာကြည့်တိုက်နှင့် ပထက်အထက်တန်းကျောင်း၏ ကျောင်းစာကြည့်တိုက်တို့ကို သွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်၏ တန် ၁၀၀၀ အအေးခန်းစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

# တပို့တွဲ မီးဖုန်းပွဲနှင့် ယာဂုထမနဲပွဲ လှူဒါန်းကြခြင်းအစဉ်အလာ

## ဝိသဇ္ဇက(ပဲခူး)

တပို့တွဲလသည် မြန်မာလ တစ်ဆယ့်နှစ်လတွင် ကေဒသမမြောက်လဖြစ်၏။ တပို့တွဲလဟူသော အမည်သည် ထိုလရာသီတွင် ဖူးကြ၊ သီးကြသောထန်းပင်ကို အကြောင်းပြုကာ ပေါ်လာသည်ဟူ၏။ ထိုလတွင် ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့ တွဲလောင်းကျအောင်ပြုလုပ်၍ ထန်းရည်နင်းသည်ကို အစွဲပြုကာ တပို့တွဲလဟု တွင်လာသည်ဆို၏။

**တပို့တွဲလဟူသည်**

တပို့တွဲလကို ပုဂံခေတ်ကျောက်စာတို့၌ တပိုဒ်ကွယ်၊ တပို့တွဲ၊ တပိုဒ်တွယ်၊ တပိုင်တွဲဟူ၍ အမျိုးမျိုးရေးထိုးထားသည်ကို တွေ့ရ၏။ ကျောက်စာတချို့၌ တပိုဒ္ဓ်တွယ်ဟု ဒုတိယအက္ခရာတွင် အမြစ်ထည့်၍ ရေးထိုးခဲ့၏။ ထိုအတွက်ကြောင့် ပုဂံခေတ်၌ ရေးထိုးခဲ့သော အရေးအသားကို မျက်မှောက်ခေတ်၌ ခေတ်ကာလရေးနည်း၊ ဖတ်နည်းအတိုင်း တပို့တွဲဟု ရေးကြဖတ်ကြခြင်းဖြစ်၏။

ဒုတိယကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင် လယ်သမားများသည် လယ်ယာကိစ္စတချို့ပြီး၍ လယ်ယာလုပ်ကိရိယာများဖြစ်သော ထမ်းပိုးများကို ဆွဲထားလေ့ရှိသောကြောင့် တပို့တွဲလဟူသောစကားတို့မှ ဖြစ်ပေါ်လာသည်ဟု မြန်မာဆန်ဆန်ကြံစည်ယူဆဟန်ရှိ၏။ လေ့သင်းအတွင်းဝန်ပြုစုသည့် ဝေါဟာရလီနတ္ထဒီပနီကျမ်း၌မူ ဒုတိယကျော်အောင်စံထားဆရာတော်၏ ဝါဒကို သေးငယ်သည်ဟု ထင်မိသည်ဟုဆိုကာ ပယ်ယောင်ပြုထား၏။ ယင်း၏ဝါဒမှာ ထိုသို့ ကုံရာသီကိုစွဲပြီး တပို့တွဲလဟု မြန်မာဘာသာခေါ်ဝေါ်သည်မှာ အမရကောသအဘိဓာန်ကျမ်း ဘဂ္ဂဝဂ်တွင် "တပါ-ပူပန်ရာဖြစ်သော လ၊ အယံ၊ တပါသဒ္ဒါသည် မာဃေတပို့တွဲလ၌၊ ဘဝတီဖြစ်၏ဆိုသည်။ တပါသဒ္ဒါကျေ၍ မြန်မာဘာသာမှာ တပို့တွဲခေါ်ဝေါ်သည်၊ လေ့သင်းအတွင်းဝန်၏ အလိုအားဖြင့် တပဓာဝယမှ တပို့တွဲ၊ တပို့တွဲအဆင့်ဆင့်ဖြစ်လာ၏။ အဓိပ္ပာယ်မှာ "ပူသောလ" ဖြစ်သည်ဟု ဆိုလို၏။

**မီးဖုန်းပွဲတော်**

မီးဖုန်းပွဲဆိုသည် မီးကုသိုလ်ပွဲ၊ မီးအလှူပွဲဟု အဓိပ္ပာယ်ရ၏။ ဤပွဲမှာ ဘုရားရှင်အား မီးအလှူပေးသော(ဝါ) မီးကုသိုလ်လုပ်သောပွဲဖြစ်၏။

ဘုရားရှင်တစ်ဝါအရတွင် မြတ်စွာဘုရား၏ ထင်ရှားသော တေဒဂ်ဘွဲ့ခံ မဟာသာဝကကြီးဖြစ်လာမည့် ဥရုဝေလကဿပသည်ပင်လျှင် တပည့်ရသေ့ပေါင်း ငါးရာတို့နှင့်အတူ တိတ္ထိတို့ သဘာဝအတိုင်း ဆောင်းရာသီအတွင်း နှင်းအလွန်ကျပြီး အေးလွန်းလှသော နတ်တော်မှ ပြာသိုလအကူး အန္တရဋ္ဌရက် ညထူးများ၌ နေရဋ္ဌရာ မြစ်အတွင်းတွင် ရေငုပ်ပွဲကြီးနှင့် မီးဖုန်းပွဲကြီးတို့ကို ဆင်နွှဲခဲ့ဖူး၏။ ထိုနေရာသို့ ဘုရားရှင်ကြွလာပြီး တန်ခိုးပြာဋိဟာအမျိုးအမျိုးပြကာ ထိုမိစ္ဆာအယူဝါဒများကို နှိမ်နင်းခြေချွတ်တော်မူခဲ့ရ၏။

ရှင်တော်ဗုဒ္ဓသည် တိစီဝရိတ်ခေါ် သင်္ကန်းသုံးထည်သာ ဆောင်ယူခွင့်ရက်ကို တပို့တွဲလနှင့်တပေါင်းလအကူး အန္တရဋ္ဌ ရက်အတွင်း ညတစ်ည၌ ကိုယ်တော်တိုင် လက်တွေ့စမ်းသပ်ပြတော်မူပြီးမှ ပညတ်တော်မူခဲ့သည်ကို တွေ့ရ၏။ ထိုရက်အတွင်း တစ်ခုသောည၌ ညဉ့်ဦးယံတွင် သင်္ကန်းတစ်ထည်မျှဖြင့် ကွင်းပြင်၌ နေစမ်းတော်မူ၏။ ပထမတွင် ထိုသင်္ကန်းတစ်ထည်ဖြင့်သာ နေနိုင်သော်လည်း ညဉ့်ဦးယံလွန်လာသည့်အခါ အချမ်းဒဏ်ကို မခံနိုင်။ နောက်ထပ်တစ်ထည်ကို အသုံးပြုတော်မူ၏။ သန်းခေါင်ယံလွန်ပြန်သော် ပိုချမ်းတော်မူလာ၍ နောက်တစ်ထည်ထပ်တော်မူရပြန်၏။ မိုးသောက်ယံလွန်၍ အရုဏ်တက်ချိန်ရောက်လာသော အအေးဒဏ်ကို မခံနိုင်၍ စတုတ္ထသင်္ကန်းတစ်ထည်ကို ထပ်တော်မူရပြန်၏။

ယင်းသို့ သင်္ကန်းလေးထည်ခြုံတော်မူမှ အချမ်းလုံနိုင်မည်ကို ဉာဏ်တော်ဖြင့် သိတော်မူငြားလည်း တစ်ဖက်စီးနင်း အတင်းပညတ်တော်မူသည်ဟု လူအများစွပ်စွဲစရာ မဖြစ်ရလေအောင် ကိုယ်တော်တိုင် လွင်တီးခေါင်၌ လက်တွေ့စမ်းသပ်ပြတော်မူပြီးမှ ရဟန်းတော်များကို တိစီဝရိတ်ခေါ် သင်္ကန်းသုံးထည်သာ ဆောင်ယူကြရမည်ဟု ပညတ်တော်မူခဲ့၏။ မူလစမ်းသပ်တော်မူစဉ်က လေးထည်ဖြစ်သော်လည်း သင်္ကန်းနှစ်ထည်ကို ထပ်ချုပ်၍ နှစ်ထပ်သင်္ကန်း(ဒုကုဋ်)ဟု တစ်ထည်တည်း လုပ်လိုက်သောကြောင့် သုံးထည်ဖြစ်သွား၏။

"မီးဖုန်းပွဲဖြစ်ပေါ်လာပုံသည် အထက်ပါအန္တရဋ္ဌရက်များနှင့်ပတ်သက်လျက်ရှိ၏။ မီးဖုန်းပွဲဖြစ်ပေါ်လာပုံအကြောင်း ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး တတိယပွဲ စာ-၅၄၄ တွင် "တပို့တွဲလ၊ ပန္နရာသီ၊ တီတီထွန်းစည်၊ လပြည့်နေ့အခါ ဝယ်၊ ခြောက်ပါးရောင်လက်၊ ဝင့်တိုင်းစက်သော၊ အတ္တာဒန္တ၊ ပြောင်မှန်၊ ဝပင်၊ အေးမြသော အစွယ်ရှိသည်ဖြစ်၍ သုံးလူထွတ်ထား မြတ်ဘုရားလျှင် မီးရှိန်ခံတော်မူသည်ကို ရည်ပြီးလျှင် (လ) မီးဖုန်းတော်များကို လှူဒါန်းပူဇော်တော်မူသည်" ဟူ၍လည်းကောင်း၊ ဆရာကြီး ဒဂုန်နတ်ရှင်၏ စာပေဝတ်ဆံ-၅ တွင် "မီးဖုန်းလှူဒါန်းကြခြင်းမှာ တပို့တွဲလပြည့်နေ့တွင်ဖြစ်ပါသည်။ တပို့တွဲလပြည့်နေ့ညဉ့်ချက်တီးကျော် (လပြည့်ကျော် ၁ ရက်အဝင်)တွင် မြတ်စွာဘုရားသခင်အား အချမ်းမှ သက်သာစေရန် ရှင်အာနန္ဒာက ဒုကုဋ်တော်တင်လှမ်းပေးခြင်းကို ကျမ်းဂန်များ၌ တွေ့ရပါသည်။ ထို့ကြောင့်သာ ထင်းများဖြင့် ဘုရားကိုရည်စူး၍ လှူဒါန်းကြခြင်းဖြစ်ပါသည်"ဟူ၍လည်းကောင်း ရေးသားဖော်ပြထား၏။

ယင်းမိန့်ဆိုချက်များအရ တပို့တွဲလ အန္တရဋ္ဌရက်ညများ၌ ဆီးနှင်းများပြင်းထန်စွာ ကျပြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးလှ၍ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင် အချမ်းဒဏ်ကို ခံနိုင်ရန် (ဝါ) ဓာတ်ကြီးလေးပါးမျှတစေရန် မီးအိုးတွင်းတွင် ရွှေလက်တော်တင်ကာ မီးလှုံတော်မူခဲ့ရဖူးသည်။ ဝါဒုကုဋ်သင်္ကန်း ထပ်ခြုံတော်မူခဲ့ရဖူးသည်။ ထိုသို့သော အကြောင်းအတ္ထုပ္ပတ္တိကိုအစွဲပြုပြီး ရှေးမြန်မာရဟန်းရှင်လူတို့ ရာသီပွဲတော်အဖြစ် တပို့တွဲလတွင် မီးအလှူပွဲ(ဝါ)မီးကုသိုလ်ပွဲ(မီးဖုန်းပွဲ)တစ်ခုကျင်းပပြုလုပ်ခဲ့ကြခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ရ၏။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲစာမျက်နှာ၊ ၅၄၄-၅၄၅ တွင် "ဓာတ်တော်မွေတော်၊ ရုပ်ပွားတော် ကိန်းဝပ်ရာစွယ်တော်ဝင်ဘုရား(လ)မဟာမုနိဘုရား၊ စုစုဘုရား တစ်ဆယ့်ငါးဆူ၊ ရွှေဂူစေတီသရီရိမြတ်မွေတော်၊ ဓာတ်တော်တို့အား နှစ်စဉ်ပူဇော်လှူဒါန်းမြဲ နံ့သာမျိုးဆယ်ပါးတို့တွင် သာရဂန္ဓအစစ် အနှစ်နံ့သာတို့ဖြင့် ပြည့်သောမီးခံနှင့်တကွသော မီးဖုန်းပြာသာဒ်ဆူရေ တစ်ဆယ့်ငါးကောက်သုံးပါးတို့တွင် ဩဘာလေးနက် အကျိုးတက်သော ကောက်ကြီးဆန်မြတ်ပေါ်ထက် လက်ဦးဆွတ်ယူခူးသော ကောက်ဦးဆွမ်းအဖြစ်ဖြင့် ယင်းသည့်လဆန်းတစ်ဆယ့်လေးရက်နေ့ညကပင် ရွှေရုံးတော်ရှေ့တွင် ပွဲသဘင်စုံ ကျင်းပစေလျက် လွှတ်တော်အရာရှိတို့ ကြီးကြပ်၍ အခွံနွှေးနွှေး၊ နှစ်နှစ်ပြေးမျှ၊ မြတ်လေးငုံ သဏ္ဌာန်အစေ့ဝန်သော ကောက်သစ်ဆန်များကို ဆတ်ခြင်းကင်းစေလျက် မြိန်ဆိမ့်သော အဖွယ်အရာတို့ဖြင့် ကောင်းစွာ ကျိုချက်ကပ်သော မွန်မြတ်သော ယာဂုဆွမ်းအလှူတော်များကို စာရင်းပါတစ်ဆယ့်ငါးဆူသော ဘုရားရှင်တို့အား သဇင်ပန်း၊ ဆီမီးတန်ဆောင်စသော အလှူတော်များနှင့်တကွ အရာရှိမှူးတော်မတ်တော်တို့ ကြီးကြပ်စေပြီးလျှင် ကောင်းမွန်စွာ အရုဏ်ဆွမ်းကပ်၍မီးဖုန်းတော်များကို လှူဒါန်းပူဇော်တော်မူသည်"ဟူ၍ ရေးသားဖော်ပြထား၏။ ဤပွဲတော်သည် မြန်မာနိုင်ငံအထက်ပိုင်း အညာဒေသတချို့၌သာ စဉ်လာမပျက် ကျင်းပလျက်ရှိ၏။ လူများစုအသိနည်းသော ရာသီပွဲဘဝသို့ ရောက်နေ၏။

**ယာဂုထမနဲပွဲတော်**

ထမင်းနဲ(ထမနဲ)ပွဲသည် တပို့တွဲလ၏ ရာသီပွဲဖြစ်၏။ ကောက်သစ်ဦး ပေါ်ချိန်ဖြစ်၍ လဆန်းစချိန်မှ လပြည့်နေ့ထိတိုင် နိုင်ငံအနှံ့အပြား၊ ကျေးလက်တောရွာအထိ တောင်သူလယ်သမားကြီးများ ထမင်းနဲ(ထမနဲ)ထိုးပွဲများ ဆင်ယင်ကျင်းပလေ့ရှိ၏။

ထမင်းနဲ(ထမနဲ)သည် ကောက်ညှင်းကို နှမ်း၊ နှမ်းဆီ၊ အုန်းသီး၊ မြေပဲ၊ ချင်းစသည်တို့ဖြင့် စီမံပြုလုပ်ထားသော ချိုဆိမ့်မွှေးသည့် မြန်မာအစားအစာတစ်မျိုးဖြစ်၏။ ကောက်ညှင်းထမင်းအိုးကို ထပ်ပြန်တလဲလဲကော်ပတ်စာများ နဲ့ဘိအလား နဲ့ရ

**ဤရာသီတွင် ထမနဲစားသုံးခြင်းအားဖြင့် အသားအရေစိုပြည်သည်။ အပူဓာတ် ရနိုင်မည်ဆိုသည်။ ပထဝီပျက်သူများ ထမနဲစားသင့်သည်ဆိုသည်။ တပို့တွဲလတွင် ထမနဲကိုစားထားခြင်းဖြင့် မိုးအခါ ဝမ်းရောဂါကာကွယ်သည်ဟု ဆိုကြ၏။ နှာရည်စိုရွဲတပို့တွဲလတွင် ထမနဲကို ဆေးပညာရှုထောင့်မှ ရှုမြင်သုံးသပ်ကြပြီး ကျန်းမာရေးအတွက် ရာသီစာအဖြစ် သတ်မှတ်ခဲ့ကြဟန်ရှိ၏။ ထမနဲထိုးကြသည့် အချိန်မှာလည်း များသောအားဖြင့် တပို့တွဲလဆန်း ၁၄ ရက်၊ ညဉ့်ဦးယံ၌ ထိုးလေ့ရှိကြ၏။**

သောကြောင့် ထမင်းနဲ(ထမနဲ)ဟု အဓိပ္ပာယ်ရှိရှိ မှည့်ခေါ်ထားခြင်းဖြစ်၏။ ယခုခေတ်ကာလတွင် စကားပြောသံအတိုင်း ထမနဲဟုပင် ရေးသားကြတော့၏။ နှမ်းဆီနှင့် နှမ်းနိုင်နိုင်ထည့်ရသည်ကို အကြောင်းပြုပြီး နှမ်းမနဲဟုလည်း အမည်တစ်မျိုးတွင်သေး၏။ တချို့အရပ်ဒေသများတွင် ထမင်းနဲ(ထမနဲ)ကို ယာဂုဟုလည်း ခေါ်ဝေါ်ကြ၏။

ယာဂုသည် ပါဠိစကားဖြစ်သည်။ ထမနဲသည် မြန်မာစကားဖြစ်၍ "အများမတူသပ သာခုပွဲဟာကို ယာဂုထမနဲထိုးချိန်အခါကျမှ"ဟူ၍လည်းကောင်း၊ ယာဂုထမနဲအိုးကြီးကွဲကာမှ စွန့်ကြဲသည့်ဒါနလည်း"ဟူ၍လည်းကောင်း၊ ဦးပုည၏မေတ္တာစာတွင် ယာဂုထမနဲတွဲခေါ်စပ်ဆိုထားခဲ့သည်။ ထမနဲပွဲမှာ အခြားသော ပွဲတော်များထက် ထူးခြား၏။ ကျန်းမာရေးကို အဓိကဦးတည်ချက်ထား၏။ အေးမြသော ဟေမန္တဥတုတွင်း ထမင်းနဲ(ထမနဲ)သည် ဆေးဖက်ဝင်သောအစာဖြစ်သည်ဟု မြန်မာ့ဆေးပညာရှင်ကြီးများက ယူဆခဲ့ကြ၏။

**မြန်မာ့ဆေးပညာရှုထောင့်မှ သုံးသပ်ချက်**

တပို့တွဲလသည် ဆောင်းရာသီ၏ စတုတ္ထမြောက်အန္တိမရာသီဖြစ်သည်။ ရတုခြောက်ပါးတွင်လည်း သိသိရ ရတုတွင် ပါဝင်သည်။ "နွေရာသီဟု ဓာတ်ညီတတ်ဟောင်း၊ မိုးနှင့် ဆောင်းမူ၊ ဓာတ်သက်ဟူ၏" နရသုခိကျမ်းဆရာက ဖော်ပြထားသည်။

ရာသီတစ်ဆယ့်နှစ်ပါးတွင် ပြာသိုလမှ ဝါဆိုလအထိ "တက်ဥတု" ဝါဆိုမှ ပြာသိုလအထိ "သက်ဥတု"ခွဲထားသည်။ တက်ဥတုခြောက်လ၌ လူတို့သည် တက်ရုပ်ဖြစ်ကာ တေဇောဓာတ်၊ ဝါယောဓာတ် လွန်ကဲသည်။ ပင်ပန်းလွမ်းလျအင်အားတို့ ကုန်ခန်းကြသည်။ သက်ဥတုခြောက်လ၌ ပထဝီဓာတ်၊ အာပေါဓာတ်လွန်ကဲသည်။ အင်အားတို့ ပြည့်ဖြိုးကုန်ကြသည်။

တပို့တွဲလသည် တက်ဥတုတွင်ပါဝင်သည်။ တက်ဥတု၊ သက်ဥတုနှစ်ပါးတွင် ထူးထူးခြားခြားအနေဖြင့် အာဟာရနှင့်ပတ်သက်သော တန်ခူးလတွင် သင်္ကြန်ထမင်း၊ တန်ဆောင်မုန်းလတွင် မဲဇလီဖူးဟင်း၊ တပို့တွဲလ၌ ထမနဲပွဲဟူ၍ ပွဲတော်သုံးမျိုးတွေ့ရှိရသည်။ အအေးဓာတ်လွန်ကဲသော တပို့တွဲလနှင့်ဥတုပထဝီအာကာသဓာတ်စာဖြစ်သော ထမနဲပွဲသည် လိုက်လျောညီထွေမှုရှိလှသည်။ ဆေးလည်းအစာ၊ အစာလည်း ဆေးဆိုစကားအရ အေးမြသော ဥတုတွင် ထမနဲသည် ဆေးဖက်ဝင်သော အစာဖြစ်သည်ဟု ရှေးမြန်မာဆေးပညာရှင်ကြီးများက ပြောကြားပါ၏။

ဤရာသီတွင် ထမနဲစားသုံးခြင်းအားဖြင့် အသားအရေစိုပြည်သည်။ အပူဓာတ် ရနိုင်မည်ဆိုသည်။ ပထဝီပျက်သူများ ထမနဲစားသင့်သည်ဆိုသည်။ တပို့တွဲလတွင် ထမနဲကိုစားထားခြင်းဖြင့် မိုးအခါ ဝမ်းရောဂါကာကွယ်သည်ဟု ဆိုကြ၏။ နှာရည်စိုရွဲတပို့တွဲလတွင် ထမနဲကို ဆေးပညာရှုထောင့်မှ ရှုမြင်သုံးသပ်ကြပြီး ကျန်းမာရေးအတွက် ရာသီစာအဖြစ် သတ်မှတ်ခဲ့ကြဟန်ရှိ၏။ ထမနဲထိုးကြသည့်အချိန်မှာလည်း များသောအားဖြင့် တပို့တွဲလဆန်း ၁၄ ရက်၊ ညဉ့်ဦးယံ၌ ထိုးလေ့ရှိကြ၏။

**ထမနဲထိုးနည်းနိဿရည်း**

ထမင်းနဲ(ထမနဲ)ထိုးရာတွင် အချိန်အဆရှိ၏။ အချိန်အဆမှန်ပြီး ထိုးနိုင်လျှင် ထမင်းနဲ(ထမနဲ)သည် အလွန်စားကောင်းသည်။ ရက်ရှည်လည်းအထားခံသည်။ ထမင်းနဲ(ထမနဲ)ထိုးသည့်အခါ ထည့်ရမည့်အချိုးအစားများကို ရှေးပညာရှင်များက တေးထပ်ဖြင့် မှတ်တမ်းပြုခဲ့သည်ကိုလည်း တွေ့ရသည်။

ထမနဲထိုးခြင်းနှင့်စပ်လျဉ်း၍ သက္ကရာဇ် ၁၂၂၈ ခုနှစ်၊ စားတော်ချက်ပေမူတွင် "ကောက်ညှင်းဆန် တစ်ပြည်ကို ညဉ့်ဦးယံက ရေစိမ် မိုးသောက်လျှင် ရေနှင့် ချက်၊ ဆားနှစ်ကျပ် နှစ်မတ်၊ နှမ်းနှစ်စလပ်၊ ဆီနှစ်ဆယ်၊ ချင်း၊ ကြက်သွန်တတ်အားသမျှ ထည့်၊ ဆီနှစ်ဆယ်သားကို အလျင်ကျပ်အောင်ချက်ပြီးမှ ထည့်၊ ဆီမကျက်လျှင် စိမ်းစော်နံမည်"ဟူ၍လည်း အမတာယာဂု ထမနဲကျိုနည်းကို ဖော်ပြပါသည်။

"စားတော်ရဆန်ပေါက်ဝါ၊ လေးပြည်သာထည့်ချိန်၊ ပိဿာလျှံကြည့်ရွှဲအောင်လို့၊ နှမ်းဆီလဲပြန်ထည့်၊ မြေပဲဆန်၊ အဋ္ဌသုညငယ်နှင့်၊ ဒွတ္တိသတိလ ဗီဇ၊ အုန်းသီးစိပ်ကျပ် ဝိသံငယ်၊ လောကသံချိန်သတ်နှင့်၊ ချင်းနဖတ်သင်္ဂီမျှရွှေ၊ သုံးကျပ်မသွေ၊ နန်းစဉ်ဆက်သမုဆွေငယ်၊ ဥပဒေမော်ကွန်းပလေး"အစချီသော တေးထပ်အရ၊ ကောက်ညှင်းဆန်လေး၊ ပြည်တွင် ဆီတစ်ပိဿာ၊ မြေပဲရှစ်ဆယ်သား၊ ဆားခုနစ်ကျပ်သား၊ အုန်းသီးစိတ်နှစ်ဆယ်သား၊ နှမ်းသုံးဆယ့်နှစ်ကျပ်သား ချင်းသုံးကျပ်သား ထည့်၍ ထိုးသောနည်းလည်းရှိခဲ့သည်။

ထို့အပြင် ထမနဲထိုးနည်း နိဿနည်းဟုဆိုသင့်သည်။ "ထမနဲထိုးရန်ဖို့ စာချိုးလို့မှာခဲ့မယ် တစ်စိတ်ဆန်သည် ကောက်ညှင်းရယ်နှင့် ၊ တစ်ပိဿာ ဆီအမှန်သွင်းပါလို့၊ ချင်းကသုံးဆယ် မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့်၊ အုန်းသီးဆန်အတူ ဖက်ပါလို့၊ နှမ်းမပျက် ဤနည်းနယ်၊ ရေစင်ကြယ်ပထည့်ရိုး လက်နှစ်သစ်သာပ၊ တွက်စစ်ကာ၊ ဆားချိန်တစ်ဆယ်သားရယ်နှင့်၊ ရောနှောကာလူအများတို့ရယ်၊ အားသစ်လို့ထိုး" ဟု ကျေးဇူးရှင် မန်လည်ဆရာတော်ကြီး၏ ကဗျာပေါင်းချုပ်ကျမ်းစာမျက်နှာ ၂၉၆ တွင် မှတ်တမ်းတင်ရေးဖွဲ့ထားသည်ကို ဖော်ပြထားပါသည် ထမနဲထိုးနည်း နိဿရည်းဟုခေါ်ဆို ထိုက်သည်။

**လေအနာ နှိပ်စက်ခံရလေသော**

ယာဂုအလှူပွဲအစဉ်အလာကို ဝိနည်းပိဋကတ်မဟာဝဂ်ပါဠိတော်၌ ပြဆိုထားသည်မှာ မြတ်စွာဘုရားသည် များစွာသော သံဃာတော်တို့နှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာ ဇနပုဒ်၌ နေသောသူတို့သည် ဆန်၊ ဆီ၊ ဆား၊ ဆေးစသော လှူဖွယ်ဝတ္ထုတို့ကို လှည်းဖြင့်တင်၍ မြတ်စွာဘုရားကြွချီရာသို့ လိုက်ပြီးလျှင် ဆွမ်း၊ ဘောဇဉ်၊ အာဟာရတို့ကို ကပ်လှူပူဇော်ကြလေသည်။ ထိုစဉ်ပုဏ္ဏားတစ်ယောက်သည်လည်း အလားတူ ဆွမ်းလုပ်ကျွေးလိုပါသော်လည်း မိမိအလှည့်မကျသောကြောင့် အရှင်အာနန္ဒာကို ချဉ်းကပ်၍ ယာဂုနှင့်တကွ ပျားသကာမုန့်ချိုတို့ကို မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့အား ဆက်ကပ်ခွင့်ပြုပါရန် လျှောက်ထားတောင်းပန်လေသည်။ အရှင်အာနန္ဒာလည်း ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားသည် ပုဏ္ဏားအလိုရှိသည့်အတိုင်း ကပ်လှူပူဇော်နိုင်ရန် သည်းခံတော်မူလေသည်။

ဤသည်မှစ၍ ယာဂုအလှူပွဲအစဉ်အလာပေါ်ပေါက်လာသည်။ ဝိနည်းတော်အရ တပို့တွဲနှင့်တပေါင်းစပ်ကြား၌ ရဟန်းတို့ မီးလှုံစေရန် ခွင့်ပြုသောအကြောင်းနှင့် မီးပုံပွဲနှင့်ယာဂုအလှူပွဲကို တစ်ဆက်တည်းကျင်းပကြသည်ဟု ယူဆရန်သာ ရှိပေတော့သည်။ ယာဂုဟူသည်မှာ ခေတ်စကားနှင့် ပြောရလျှင် ဆန်ပြုတ်ပင်ဖြစ်သည်။

လုံးတော်ဆရာတော်၏ အာဘော်အရ မြတ်စွာဘုရားသခင်သည် လေအနာနှိပ်စက်ခြင်းခံရလေသော် အရှင်အာနန္ဒာအား ယာဂုဆွမ်းခံချေဟု မိန့်တော်မူသည်။ မာတုဂါမတစ်ဦးထံ အလှူခံရာ ထိုဒကာမက ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့် စီရင်ထားသော ယာဂုဆွမ်းကို ကပ်သဖြင့် လေနာငြိမ်းသည်ဟု ယူဆသည်။ ထိုယာဂုသည် ငရုတ်၊ ကြက်သွန် စသည်တို့ ပါဝင်သော ဆန်ပြုတ်တစ်မျိုးဖြစ်သည်။

မင်းတုန်းမင်းလက်ထက်က ယာဂုအလှူပွဲအကြောင်းကို မဟာရာဇဝင်ကြီးတွင် ဖော်ပြထားသည်မှာ ယင်းအလှူပွဲအကြောင်းတွင် ရွှေမြို့တော်လေးပြင်၊ လေးရပ်၊ တရုတ်၊ ကုလား လူမျိုးခြားမှစ၍ တိုင်းသူပြည်သားအားလုံးတို့သည် လူတစ်ကိုယ်၊ ဆန်တစ်စလယ်ကျစုဆောင်း၍ ယာဂုကျိုရာ ထိုယာဂု၌ ကောက်ညှင်း၊ ဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်းစိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး စသည်တို့ကို ထည့်၍ကျိုသည်ဟု ဆိုပါသည်။

ရှေးခေတ်က ကျင်းပလာသော ယာဂုထမနဲလှူဒါန်းပွဲတွင် မီးပုံပွဲအလှူနှင့် ဆက်စပ်နေသည်ကို တွေ့ရလေသည်။ မီးပုံပွဲကျင်းပရင်းနှင့် ထမနဲယာဂုအလှူဖြစ်ပေါ်လာလေသလော၊ ထမနဲယာဂုပွဲကျင်းပရင်းနှင့် မီးပုံပွဲဖြစ်ပေါ်လာသလော။ ဤသည်သည်ကို မဝေခွဲနိုင်ပါ။ ဤအလှူနှစ်မျိုးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်၍ တစ်ပြိုင်တည်းဖြစ်လာသည်ဟု ဆိုနိုင်ရာသည်။ ထမနဲထိုးခြင်း၏ ရည်ရွယ်ရင်း အဓိပ္ပာယ်ကို သေချာစွာ လေ့လာမည်ဆိုပါက လယ်ယာလုပ်ငန်းရှင် ဦးကြီးတို့၏ လုပ်ငန်းပြီးသည် ကောက်သစ်ဦး ပေါ်စအချိန်တွင် ပျော်ရွှင်ဖွယ်ရာလှူဒါန်းကြခြင်းဖြစ်လေ၏။ ။

# မိုးကောင်းမြို့ အထက-၂ ကျောင်းဆောင်သစ် ဖွင့်ပွဲ ကျင်းပ

မိုးကောင်း ဇန်နဝါရီ ၂၇

**ကချင်ပြည်နယ် မိုးကောင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ အသစ်တည်ဆောက်သော အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ယင်းအဆောင်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် တက်ရောက်ခဲ့သည်။**

အဆိုပါ ကျောင်းဆောင်သစ်သည် အရှည် ပေ ၂၄၀၊ အကျယ် ပေ ၃၀ နှင့် အမြင့် ပေ ၃၀ ရှိ RC နှစ်ထပ်ဆောင် ဖြစ်ပြီး ရန်ကုန်မြို့နေ ဦးမောင်ကြီး-ဒေါ်တင်တင်အုန်း 'မြင့်ထွန်းဦး' ကျောက်စိမ်း ကျောက်မျက်ကုမ္ပဏီ လီမိတက်မိသားစုက ငွေကျပ်သိန်း ၆၀၀၀ ကျော် အကုန်အကျခံ၍ ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကျောင်းဆောင်သစ်နှင့် အတူ သင်ကြားရေးဆိုင်ရာ ပရိဘောဂအစုံ၊ ကွန်ပျူတာ အလုံး ၂၀ နှင့် ဆက်စပ်ပစ္စည်းများ၊ အဲကွန်း နှစ်လုံး၊ စာကြည့်တိုက် ပရိဘောဂနှင့် စာအုပ်များ၊ VIP သန့်စင်ခန်း နှစ်ခန်း၊ မျက်နှာကြက်ပန်ကာ ၈၄ လုံး၊ ကျောင်းအုပ် နေအိမ်၊ ၄၅ ကေဗွီ မီးစက်နှင့် အဆောက်အအုံ၊ သန့်စင်ခန်း ၁၀ ခန်းတွဲတစ်ဆောင်၊ ပေ ၁၇၆၀ အုတ်တံတိုင်း၊ သံပန်းတပ်ဆင်ခြင်း၊ ပေ ၁၀၀ တံတိုင်းအသစ်နှင့် ကျောက်ခင်းမြေဖို့ခြင်းများကို ငွေကျပ်သိန်း ၆၀၀၀ ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

"ကျွန်တော်တို့ မိသားစုဟာ မိုးကောင်းမှာမွေး၊ မိုးကောင်းမှာကြီး ဒီမှာပဲ ပညာသင်ကြားခဲ့ကြပါတယ်၊ ငယ်စဉ်စာသင်ချိန်က ကျောင်းဆောင် မလုံလောက်လို့ အခက်အခဲတွေကို ပြန်မြင်ယောင်ပြီး ကိုယ့်ဒေသကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့စိတ်နဲ့ နေခဲ့ဖူးတဲ့ ကျောင်းကို လာရောက်လှူဒါန်းခြင်း ဖြစ်ပါတယ်"ဟု အလှူရှင် ဦးမောင်ကြီးက ပြောသည်။



အဆိုပါ ကျောက်စိမ်းကျောင်းဆောင်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၆ ရက်က ပန္နက်ချ၍ ချမ်းမြေ့ဦး ကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်သော အာရ်စီနှစ်ထပ်ကျောင်းဆောင် ဖြစ်သည်။

ယနေ့ ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** အလှူရှင် ဦးမောင်ကြီးက ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**



# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ဒေသတရားရုံးဖွင့်

**တောင်ကြီး ဇန်နဝါရီ ၂၇**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက ဒေသတရားရုံးကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသတရားရုံးဖွင့်ပွဲဆိုင်းဘုတ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်က တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၁၇ ခုနှစ် မေ ၂၇ ရက်တွင် ကျင်းပသော ပြည်ထောင်စု အစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၈/၂၀၁၇)တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး လေးရုံး ဖွဲ့စည်းပုံကို အတည်ပြုပေးခဲ့၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက် အစည်းအဝေးအမှတ်စဉ်(၄ / ၂၀၁၇) တွင် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအားလုံးအတွက် တရားရုံးများ ဖွဲ့စည်းတည်ထောင်ပေးရန် ပြည်ထောင်စုအစိုးရသို့ တင်ပြခဲ့ပါကြောင်း၊ ပြည်ထောင်စု တရားသူကြီးချုပ်က ပြည်နယ် တရားသူကြီးထံ သဘောထားမှတ်ချက် တောင်းခံပြီး ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြကာ ပြည်ထောင်စု တရားသူကြီးချုပ်က ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၇ / ၂၀၁၈) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးဖွင့်လှစ်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဖွင့်လှစ်ထားပြီး ဖြစ်သည့် တရားရုံးများကလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ - ၁၉ တွင်ပါသည့် တရားစီရင်ရေး အခြေခံမူများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီပြီး တန်းတူညီမျှသော အခွင့်အရေးရရှိရေးကို ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က အမှာစကားပြောကြားကြပြီး ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ကိုယ်စားလှယ် ဦးခွန်စနေအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကြုံတွေ့လာနိုင်သည့် ငလျင်အန္တရာယ်အတွက် အသိပညာပေး ဇာတ်တိုက်လေ့ကျင့်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူများ ငလျင်အန္တရာယ် တွေ့ကြုံလာပါက လုပ်ဆောင်ရမည့် ငလျင်အန္တရာယ် အသိပညာပေး ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့ နံနက် ၈ နာရီတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း ကျိုက်ဝိုင်းဘောလုံးကွင်း၌ ကျင်းပသည်။ **(ယာပုံ)**

"ဒီနေ့ ဇာတ်တိုက်လေ့ကျင့်မှုမှာ အဓိက ပြသတာကတော့ ငလျင်လှုပ်တဲ့ အခါ တိုက်တွေပြိုတဲ့ပုံပေါ့၊ ခုံတွေနဲ့ ပိနေမယ်၊ ပစ္စည်းတွေနဲ့ ပိနေတဲ့လူနာတွေကို လူနာအမျိုးမျိုး၊ ပုံစံအမျိုးမျိုး စုစုပေါင်း ဖြစ်စဉ် ခြောက်မျိုးနဲ့ ကယ်ဆယ်ပုံတွေ သရုပ်ပြသပေးပါတယ်၊ ဒီလို ဇာတ်တိုက်လေ့ကျင့်မှုတွေကြောင့် တကယ်ဖြစ်လာခဲ့ပြီဆိုရင် ဘယ်လိုလုပ်ရမယ်ဆိုတာတွေနဲ့ ကြိုတင်ပြင်ဆင်မှုတွေက အဓိကကျတာပေါ့၊ ဒါတွေကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိထားဖို့ လိုပါတယ်၊ ငလျင်လှုပ်ပြီဆိုရင် ကနဦး ဆောင်ရန်၊ ရှောင်ရန်တွေ သိဖို့လိုပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။

**ဇာတ်တိုက်လေ့ကျင့်**

အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုတွင် အမှန်တကယ် ငလျင်လှုပ်ပြီဆိုလျှင် လူမှုကယ်ဆယ်ရေးအဖွဲ့များ အနေဖြင့် ဖြစ်ပွားသည့်နေရာကို အမြန်ဆုံးရောက်အောင်သွားရောက်ပုံ၊ ရောက်ရှိပြီဆိုလျှင် ဝင်ရောက်ကယ်တင်နိုင်မည့် အထောက်အကူပြုပစ္စည်းများ လိုအပ်မှုနှင့် ကယ်တင်သည့် ပညာတတ်မြောက်ထားမှုစသည့် အပိုင်း သုံးပိုင်းဖြင့် ငလျင်ဇာတ်တိုက်လေ့ကျင့်မှုတွင် ပြသသည်။

ထို့ပြင် ငလျင်ဒဏ်သင့်ပြီဆိုလျှင် ကြုံတွေ့နိုင်မည့် ဒဏ်ရာရလူနာအမျိုးမျိုးနှင့် ဖြစ်ပွားပုံများ၊ ကယ်ဆယ်သွားမည့် အခြေအနေများအား လူနာ ရှစ်ဦးကို ကယ်ဆယ်ရေးယာဉ် ရှစ်စီးဖြင့် လက်တွေ့ သရုပ်ပြသသည်။

သရုပ်ပြပွဲသို့ သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုကူညီရေး အထောက်အကူပြု အဖွဲ့အစည်းများနှင့် အများပြည်သူများအပါအဝင် စုစုပေါင်း အင်အား ၃၀၀ ခန့် တက်ရောက်လေ့လာ ကြည့်ရှုအားပေးသည်။

ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် သဘာဝဘေးကြောင့် ပြည်သူလူထု ထိခိုက်ခံစားရမှု၊ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်စေရန်၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ NGO များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ လူထုပါဝင်သော ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များအနက် ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိဘဲ ပြင်းအားအလိုက် ပျက်စီးဆုံးရှုံးမှု ကြီးမားသော ငလျင်ဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရန် ငလျင်ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**အသိပညာပေးဟောပြော**

ယခုအခါတွင် ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေး ဟောပြောခြင်းကို ကြည့်မြင်တိုင်မြို့နယ်တွင် ပြုလုပ်ပြီးဖြစ်သည်။ လမ်းမတော်မြို့နယ်၊ အလုံမြို့နယ်နှင့် လသာမြို့နယ်ရှိ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ငလျင် အသိပညာပေးဟောပြောပြီး ဖြစ်သည်။ အဖျောက်၊ တိုက်ကြီး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်းမြို့နယ်များရှိ အထက်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူနှင့် ပြည်သူလူထုပါပါဝင်ကာ အသိပညာပေးပြီးဖြစ်သည်။



လာမည့် ဖေဖော်ဝါရီလတွင် ဒဂုံဆိပ်ကမ်းမြို့နယ်၌ ပြုလုပ်ရန် စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရွှေထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရခိုင်ပြည်နယ် မြေပုံမြို့နှင့် မင်းပြားမြို့ကို ဆက်သွယ်ပေးမည့် ကြပ်စင်မြစ်ကူးတံတား



**စစ်တွေ ဇန်နဝါရီ ၂၇**

ကြပ်စင်မြစ်ကူးတံတားသည် ရခိုင်ပြည်နယ် မြေပုံ-မင်းပြား ကားလမ်း (မင်းပြားမြို့နယ်အပိုင်း)မိုင်တိုင်အမှတ် ၂၂/၄-၂၃/၁ အတွင်း တည်ရှိသည်။ အဆိုပါတံတားကို ဒေသခံပြည်သူလူထု တောင်းဆိုချက်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်း၏ လွှတ်တော် မေးခွန်းမေးမြန်းချက်အရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တံတားတည်ဆောက်ရေး အထူးအဖွဲ့-၈ က တာဝန်ယူဆောက်လုပ်လျက် ရှိသည်။

တံတားအမျိုးအစားမှာ သံမဏိ သံပေါင် (Plate Girder) သံကူကွန်ကရစ် ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်း၊ တံတားအပေါ်ထည် သံကူကွန်ကရစ်၊ တံတားအောက်ထည်သံကူကွန်ကရစ်ဘိုးပိုင်ဖြစ်ပြီး တံတားအရှည်မှာ ပေ ၁၉၂၀၊ တံတားအကျယ် ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် သုံးပေနှင့် ခွင့်ပြုယာဉ်အလေးချိန် ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်သည်။

အဆိုပါတံတားသည် ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ရန်ပုံငွေရရှိမှုမှာ ပြည်ထောင်စုအစိုးရထံမှ ငွေကျပ်သန်း ၉၀၀၊ ရခိုင်ပြည်နယ်အစိုးရထံမှ ငွေကျပ်သန်း ၁၉၃၄ ဒသမ ၁၈၇ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရထံမှ ငွေကျပ် သန်း ၁၅၀၀၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ထံမှ ငွေကျပ်သန်း ၁၀၀၀ ဖြင့် တံတားအထူးအဖွဲ့-၈ မှ ဆောင်ရွက်လျက်ရှိရာ တံတားတစ်စင်းလုံး ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီဟု သိရသည်။

အဆိုပါတံတားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရာနှုန်းပြည့် ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ပြီး တံတားကြီး ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိသော ရခိုင်ပြည်သူ ပြည်သားများ မြေပုံမြို့နယ်မှ တစ်ဆင့် ပြည်မသို့ ကုန်းလမ်းခရီးဖြင့် အချိန်တိုအတွင်း တိုက်ရိုက်သွားနိုင်ကြတော့မည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**

# ပြည်သူတွေ အန္တရာယ်မဖြစ်ခင်မှာ ကာကွယ်ပေးဖို့အတွက် အစိုးရမှာတာဝန်ရှိသလို လူတိုင်းမှာလည်း တာဝန်ရှိ


ဒေါ်ဆွေဆွေငြိမ်း


ဒေါ်ခင်လေးဆွေ


ဒေါ်စုစုနိုင်


ဒေါ်မေသန်းဦး


ဒေါ်မြထွေးနု

ရန်ကုန် ဇန်နဝါရီ ၂၇

**ယနေ့ကမ္ဘာသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဖြဟ္မစိုရ်တရားများ၊ အရှက်၊ အကြောက်တည်းဟူသော လောကပါလတရားများ နည်းပါးလာသည်နှင့်အမျှ ပူလောင်ဆူပွက်လျက်ရှိသည်။ တစ်ချိန်က ရိုးသားလှသည့် မြန်မာ့လူ့မှုဘဝအပေါ်သို့လည်း သက်ရောက်မှုများရှိလာကာ လူအချင်းချင်းကြားတွင် လှည့်ပတ်ခြင်း၊ ဆင်းရဲလိုခြင်း စသည့်စေတနာဆိုးများကလည်း အားကြီးလာသည်။**

အထူးသဖြင့် မြန်မာအမျိုးသမီးတို့၏ နိစ္စဓူဝ လူမှုဘဝအပေါ်သို့လည်း လတ်တလောရိုက်ခတ်မှုများ ဖြစ်ပေါ်လာသည်။

သို့ဖြင့် မြန်မာ့သတင်းစဉ်က ရန်ကုန်မြို့နေ အမျိုးသမီးအချို့၏ သဘောထားအမြင်များကို ကောက်နုတ်စုစည်း ဖော်ပြလိုက်ရပါသည်။

**ဒေါ်ဆွေဆွေငြိမ်း**
**(မရမ်းကုန်းမြို့နယ်၊ အမှတ် -၁ ရပ်ကွက်)**

လတ်တလော မှုခင်းဖြစ်စဉ်တွေအရဆိုရင် အမျိုးသမီးလေးတွေ အသတ်ခံရတာတွေ ကြားနေရတယ်။ ဒီလိုဖြစ်စဉ်တွေကြောင့် အမျိုးသမီးတွေအတွက် မလုံခြုံတော့သလို ခံစားလာရတယ်။ အမျိုးသမီးတွေအနေနဲ့ မဖြစ်မနေ ညဘက်သွားလာရတဲ့အခါမျိုးမှာ Taxi စီးရင်တောင် အသိမိတ်ဆွေတွေရဲ့ ကားကိုပဲ ရွေးစီးဖို့လိုတယ်၊ မဖြစ်မနေ တွေ့ရာကား ငှားစီးမယ်ဆိုရင်တောင် အထူးသတိထားပြီး စီးဖို့လိုပါတယ်။ ဒါတွေဟာ ကိုယ့်သားသမီးတွေ အတွက်လည်း စိတ်မချရပါဘူး။ အမျိုးသမီးတွေ အားလုံးလည်း သတိထားပြီးနေဖို့ လိုပါတယ်။ မဖြစ်မနေ သွားရမယ်ဆိုရင် အဖော်တစ်ဦးလောက် ခေါ်သွားဖို့လိုပါလိမ့်မယ်။ အဲဒီလိုမှမဟုတ်ရင် အိမ်မှာနေတဲ့ မိဘတွေအနေနဲ့ အမြဲတမ်းစိတ်ပူနေရမှာပါ။ အခုဆိုရင် ရန်ကုန်မှာ ပိုပြီးလူသတ်မှုတွေ ကြားလာရတယ်။ အသတ်ခံရတဲ့အထဲမှာလည်း အမျိုးသမီးတွေ ပါဝင်နေတာ တွေ့ရတယ်။ ဒါတွေကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့လည်း ကာကွယ်ပေးဖို့ လိုပါလိမ့်မယ်။ ကျူးလွန်တဲ့သူတွေကိုလည်း ပညာပေးအနေနဲ့ ပြစ်ဒဏ်တွေ ပြင်းပြင်းထန်ထန်၊ ထိထိရောက်ရောက် ပေးသင့်ပါတယ်။

**ဒေါ်ခင်လေးဆွေ (မရမ်းကုန်းမြို့နယ်၊ အမှတ်-၁ ရပ်ကွက်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ)**

အခုဆို အမျိုးသမီးတွေ တော်တော်များများ အကြမ်းဖက်ခံရတယ်။ တချို့ကျတော့ အကြမ်းဖက်ခံရရင်းနဲ့ အသက်ဆုံးရှုံးခဲ့ရတဲ့ ဖြစ်စဉ်တွေရှိတယ်။ တချို့ကျတော့လည်း ဝတ်ဆင်ထားတဲ့ တန်ဖိုးရှိ ပစ္စည်းတွေကြောင့် အသတ်ခံရတာတွေ ကြားသိနေရပါတယ်။ အခုခေတ်က နည်းပညာတိုးတက်လာတာနဲ့အမျှ အွန်လိုင်းကနေတစ်ဆင့် အပြင်မှာ လူချင်းတွေ့ရင်းနဲ့ အသတ်ခံရတာမျိုးတွေ ရှိသလို၊ ဘဝပျက်သွားတာတွေလည်း ရှိပါတယ်။ တချို့ကျတော့လည်း သွားရင်းလာရင်းနဲ့ အကြမ်းဖက်ခံရတာမျိုးတွေလည်း ကြားနေရပါတယ်။ ကျွန်မတို့ဆိုရင် အပြင်သွားဖို့ လာဖို့တောင် မရဲတရဲဖြစ်လာတယ်။ လမ်းမှာ အခက်အခဲဖြစ်လို့ လူကောင်းတစ်ယောက်က ကိုယ့်ကိုစေတနာနဲ့ ကူညီမယ်ဆိုရင်တောင် မယုံကြည်ရဲတော့ဘူး။ ကိုယ့်မှာ အခြေအနေအရ လူဆိုးလား၊ လူကောင်းလားဆိုတာ မဝေခွဲတတ်တော့ဘူး။ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် ဒါမျိုးတွေ မရှိသလောက်ပါပဲ။ လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေမျိုးမှာတော့ အမျိုးသမီးတွေအနေနဲ့ ကိုယ်နဲ့ မရင်းနှီးသူတွေကို မယုံဖို့လိုတယ်။ သူစိမ်းတွေက အကူအညီပေးတိုင်းလည်း မယူမိဖို့လိုတယ်။ သွားလာနေထိုင်မှုမျိုးမှာ အမြဲသတိနဲ့ နေထိုင်သင့်ပါတယ်။

**ဒေါ်နန့်သဇင်မင်း (ရောင်စုံမိန်းကလေးများအဖွဲ့၊ ညှိနှိုင်းရေးမှူး)**

အမျိုးသမီးတွေကို အနိုင်ကျင့်ပြီး အသတ်ခံရတဲ့သတင်းတွေ ကြားနေရတယ်။ ဒီလိုဖြစ်စဉ်တွေအပေါ်မှာ ပြန်ကြည့်ရင် ရန်ကုန်မြို့ကြီးမှာ အမျိုးသမီးတွေတင်သာမကဘူး အမျိုးသားတွေအတွက်လည်း လုံခြုံမှုမရှိတော့ဘူးဆိုတဲ့ အချက်တစ်ချက်ကို တွေ့ရှိရပါတယ်။ ဒီကိစ္စမှာ အမျိုးသမီးတွေဘက်ကနေ ထပ်ပြီး ဖြည့်စွက်ပြောရမယ်ဆိုရင်တော့ ကျွန်မတို့ရဲ့ ယဉ်ကျေးမှု အလေ့အထတွေက အမျိုးသမီးတွေအပေါ်မှာ တစ်ဆင့်နိမ့်တယ်ဆိုပြီး သတ်မှတ်ထားတာတွေ၊ မိန်းကလေးတွေက ဗိုင်းကောင်းကျောက်ဖို အိမ်ထဲမှာ နေရမယ်ဆိုတဲ့ အချက်တွေက မိန်းကလေးတွေအပေါ်မှာ ပိုပြီးတော့ အနိုင်ကျင့်လာစေနိုင်တယ်လို့ ယူဆလို့ရပါတယ်။ ကျူးလွန်သူတွေရဲ့စိတ်ထဲမှာလည်း ငါ ဂရုစိုက်စရာမလိုဘူးလို့ ဖြစ်နေတဲ့သဘောကလည်း စဉ်းစားစရာ တစ်ချက်ပါပဲ။ နောက်တစ်ချက်ကတော့ ဒီလိုခေတ်ကာလမှာ အမျိုးသား၊ အမျိုးသမီးတွေဟာ နေ့ဘက်၊ ညဘက်တွေမှာလည်း အလုပ်လုပ်နေကြတာတွေရှိပါတယ်။ စားဝတ်နေရေးအတွက် အလုပ်လုပ်နေကြရတယ်။ လုံခြုံမှုမရှိတော့ဘူးဆိုရင် နေ့စဉ် လှုပ်ရှားရုန်းကန်နေတဲ့ ပြည်သူတွေအနေနဲ့ ဘယ်လို အသက်ရှင်နိုင်မလဲ။ ဒါ့ကြောင့် ပြည်သူတွေအတွက် အန္တရာယ်မဖြစ်ခင်မှာ ကာကွယ်ပေးဖို့အတွက် အစိုးရမှာ တာဝန်ရှိသလို လူတိုင်းမှာလည်း တာဝန်ရှိပါတယ်။

**ဒေါ်စုစုနိုင်**
**(ကမာရွတ်မြို့နယ်)**

အခုနောက်ပိုင်း အမျိုးသမီးတွေ အသတ်ခံရတဲ့ ဖြစ်စဉ်တွေ တော်တော်များများ ကြားနေရတယ်။ လက်ဝတ်လက်စားတွေလိုချင်လို့ သတ်တာရှိသလို ကာမကိစ္စကြောင့် အသတ်ခံရတာတွေကိုလည်း ကြားနေရတယ်။ ဒီအဖြစ်အပျက်တွေဟာ ကျွန်မတို့လို အမျိုးသမီးတွေအတွက်ကတော့ ထိတ်လန့်စရာပါပဲ။ မဖြစ်မနေ အကြောင်းကိစ္စရှိလို့ အပြင်ထွက်ရင်တောင် အဖော်ပါမှ ထွက်တယ်။ တချို့အလုပ်သွား အလုပ်ပြန်နောက်ကျတဲ့ အမျိုးသမီးတွေအနေနဲ့လည်း နီးစပ်ရာ သူငယ်ချင်းတွေနဲ့အတူ စုစုစည်းစည်း သွားလာ နေထိုင်သင့်တယ်။ အကယ်၍ တစ်ယောက်တည်းဖြစ်နေရင်လည်း အတတ်နိုင်ဆုံး မိဘတွေနဲ့ အဆက်အသွယ်ရှိနေအောင် မကြာခဏ ကိုယ်ဘယ်ရောက်နေတယ်ဆိုတဲ့ အကြောင်း ဖုန်းဆက်သင့်တယ်။ ဒါမှလည်း မသမာသူတွေရဲ့အန္တရာယ်ကနေ ကင်းဝေးနိုင်မှာ ဖြစ်ပါတယ်။

**ဒေါ်မြထွေးနု**
**(အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်)**

အခုတလောကြားရတဲ့ သတင်းတွေက ကျွန်မတို့လို မိန်းမသားတွေအတွက် အချိန်မတော် အပြင်မထွက်ရဲလောက်အောင် ဖြစ်နေတယ်။ မဖြစ်မနေ အပြင်ထွက်ရမယ်ဆိုရင်တောင် ကိုယ့်ကိုယ်ကိုယ် လုံခြုံမှုမရှိသလို စိုးရိမ်နေရတယ်။ ကျွန်မတို့ဆိုရင် အလုပ်လုပ်ရတော့ သွားရေး၊ လာရေးမှာ အရင်ထက်ပိုပြီး သတိထားနေရတယ်။ ရှေ့သွားနေပေမယ့် အနောက်ကြည့်နေရတယ်။ ဘယ်သူ့ကိုမှ မယုံရဲဘူး။ ဒီနှစ်ကတော့ အမျိုးသမီးတွေအနေနဲ့ အကြမ်းဖက်ခံရတဲ့ ဖြစ်စဉ်တွေ မကြာခဏဆိုသလို ကြားနေရတယ်။ ဒါတွေကို ထိန်းချုပ်ဖို့လိုသလို ကျူးလွန်တဲ့သူတွေကိုလည်း တရားဥပဒေအရ ထိထိရောက်ရောက် အပြစ်ပေးဖို့ လိုပါတယ်။

အထူးသဖြင့် အမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်မှုတွေ အရင်ထက် ပိုပြီးလုပ်ပေးဖို့ လိုပါတယ်။ အမျိုးသမီးတွေအနေနဲ့လည်း ညဘက် အပြင်ထွက်တာမျိုး၊ ဒါမှမဟုတ် လူသူကင်းရှင်းတဲ့ နေရာမျိုးတွေကို မဖြစ်မနေသွားရတော့မယ်ဆိုရင် မိမိမှာတန်ဖိုးကြီးတဲ့ ပစ္စည်းတွေ ဝတ်ဆင်မသွားဖို့ လိုပါတယ်။ တချို့ကျတော့ ကိုယ့်ရဲ့ဝတ်ဆင်ထားတဲ့ တန်ဖိုးရှိ ပစ္စည်းတွေကြောင့်ပဲ အသက်ပေးလိုက်ရတဲ့ ဖြစ်စဉ်မျိုးလည်း ရှိတယ်။ ညဘက်တွေမှာ အဖော်မပါဘဲ တစ်ယောက်တည်း အပြင်သွားလာတာမျိုးကိုလည်း ရှောင်သင့်ပါတယ်။ မဖြစ်မနေ သွားရမယ်ဆိုရင် ကိုယ့်ရဲ့အိမ်နဲ့ အဆက်အသွယ် မပြတ်အောင် လုပ်ထားသင့်ပါတယ်။ ဥပမာ- မိမိ ဘယ်ရောက်နေပြီ၊ ဘယ်သူနဲ့ အတူရှိနေတယ်။ ဘယ်အချိန်ပြန်ရောက်မယ် စသဖြင့် မိဘအုပ်ထိန်းသူတွေကို အသိပေးသင့်ပါတယ်။ ဒါမှလည်း အကြောင်းတစ်စုံတစ်ရာဖြစ်ပေါ်လာရင် ကူညီမှုတွေ ပြုလုပ်ပေးနိုင်မယ်လို့ မြင်ပါတယ်။

**ဒေါ်မေသန်းဦး**
**(လှိုင်သာယာမြို့နယ်)**

အမျိုးသမီးတွေအနေနဲ့ အပြင်သွားမယ်ဆိုရင် လုံလုံခြုံခြုံလေးဝတ်ဖို့လိုတယ်။ သွားလာနေတဲ့ အချိန်အခါမှာလည်း သတိဝီရိယရှိဖို့လိုပါတယ်။ ကိုယ့်ရဲ့ အိမ်နဲ့လည်း အဆက်အသွယ် မပြတ်သွားဖို့ လိုပါတယ်။ သွားလာတဲ့အခါမှာ ကိုယ့်အတွက် ကာကွယ်နိုင်ဖို့ အထောက်အကူဖြစ်စေမယ့် ပစ္စည်းတစ်ခုခုယူဆောင်သွားဖို့လိုပါတယ်။ ကျွန်မကတော့ သမီးကို အကြောင်းကိစ္စရှိလို့ အပြင်သွားတဲ့အခါ သူငယ်ချင်းတစ်ယောက် နှစ်ယောက်လောက်ပါအောင် ခေါ်သွားခိုင်းတယ်၊ သူဘယ်ရောက်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာတွေကိုလည်း မကြာခဏ ဖုန်းဆက်ပြီး မေးတယ်။ ကလေးတွေအနေနဲ့လည်း ကိုယ့်ရဲ့ မိဘတွေအပေါ်မှာ အမှန်အတိုင်းပြောဖို့လိုတယ်။ အဲဒါမှလည်း သူတို့ ဘယ်မှာ ဘာတွေလုပ်နေသလဲဆိုတာ သိရမှာပါ။ အဲဒီလိုမှ မဟုတ်ဘဲ ကလေးတွေအနေနဲ့ မိဘတွေအပေါ်မှာ လိမ်ညာမယ်ဆိုရင်တော့ နှစ်ဦးနှစ်ဖက် အကျိုးမရှိဘဲ မသမာသူတွေရဲ့ အမြတ်ထုတ်မှုမျိုးကို ခံသွားရနိုင်ပါတယ်။ ဒါ့ကြောင့် မိဘနဲ့ သားသမီးကြားမှာ အပြန်အလှန် လေးစားယုံကြည်မှုမျိုးနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံသင့်ပါတယ်။ အပြင်ရောက်နေတဲ့အခါမှာ မိဘတွေနဲ့လည်း အဆက်အသွယ် အမြဲတမ်းရှိဖို့လိုအပ်ပါတယ်။ ဒါမှလည်း အရေးအကြောင်းရှိရင် ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း - ဇော်ကြီး**
**ဓာတ်ပုံ - ဖေဇော်**

---

**❂ ရှေ့ဖုံးမှ**

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျ အားဖြင့် ဆောင်းရာသီကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများဖြစ်ပေါ်လာနိုင်ခြင်း၊ ဆောင်းရာသီကာလ အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့် ရာသီဥတုဖြစ်စဉ်များမှာလည်း လျော့ကျလာနိုင်သည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန် ပေးပို့သွားမည်ဖြစ်သည်။

**မိုး/ဇလ**

---

## မြန်မာအမျိုးသားလေကြောင်း ရန်ကုန်-ဖူးခက် ခရီးစဉ်သစ် ပြေးဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းမှ ပဋ္ဌမမြောက် နိုင်ငံတကာခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်ကို Embraer-190 Boeing 737-800 NG လေယာဉ်များဖြင့် တစ်ပတ်လျှင် နှစ်ကြိမ် တနင်္ဂနွေနှင့် သောကြာနေ့များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-2 မှ မတ် ၂၅ ရက် ညနေ ၅ နာရီ ၅၅ မိနစ်တွင် စတင်ထွက်ခွာပြီး ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ ဒေသစံတော်ချိန် ၂၀း၁၅ နာရီတွင် ရောက်ရှိမည်ဖြစ်ကာ ဖူးခက်မြို့မှ ဒေသစံတော်ချိန် ၂၁း၁၅ နာရီတွင် ပြန်လည်ထွက်ခွာပြီး ရန်ကုန်မြို့သို့ ၂၂း၃၅ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ခရီးစဉ် အသွား အပြန် လေယာဉ်နှုန်းထားသည် အမေရိကန်ဒေါ်လာ ၂၅၀ ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းသည် ၁၉၄၈ ခုနှစ်မှ စတင်၍ ရပ်တည်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် နှစ်ပေါင်း ၇၀ ပြည့်မြောက်လာပြီဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

---

## နတ်မတောင်လေ့လာရေး ပြည်ပခရီးသွားအဖွဲ့ ဆော ပြန်/ဆက်ရုံးတွင် လေ့လာ

**ဆော ဇန်နဝါရီ ၂၇**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ နတ်မတောင်သို့ လေ့လာရေး သွားရောက်ကြသူ ယခုနှစ်တွင် ယခင်နှစ်များကထက် ပိုမိုများပြားပြီး ပြည်ပမှ ခရီးသွားတစ်စု ဇန်နဝါရီ ၂၇ ရက်က ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လာရောက်လေ့လာကြသည်။

အဆိုပါအဖွဲ့တွင် ဂျာမနီနိုင်ငံသူ နိုင်ငံသား ရှစ်ဦးပါရှိပြီး နတ်မတောင် ရှုခင်း၊ သဘာဝအလှ၊ တောင်ဇလပ်ပန်းတို့ကို လေ့လာပြီး ဓာတ်ပုံ၊ ဗီဒီယို မှတ်တမ်းရိုက်ယူခဲ့ကြကြောင်း သိရသည်။

မုံရွာ၊ ဂန့်ဂေါ၊ ပခုက္ကူ ၊ ချောက် စသည့်မြို့များမှ နတ်မတောင်သို့ လေ့လာရေး သွားရောက်ကြသူများသည် ဆောမြို့မှတစ်ဆင့် နတ်မတောင် တောင်ခြေအထိ ကားဖြင့် သွားရောက်နိုင်ကြသည်။ တောင်ခြေမှ တောင်ထိပ်အထိ သုံးမိုင်ကွာဝေးပြီး ခြေကျင်သွားရောက်နိုင်သည့်အပြင် ဆိုင်ကယ်ဖြင့်လည်း သွားရောက်နိုင်ကြကြောင်းနှင့် ဆိုင်ကယ်ငှားလျှင် တောင်တက် ငွေကျပ် ၅၀၀၀၊ တောင်ဆင်း ငွေကျပ် ၅၀၀၀ ပေးရကြောင်း သိရသည်။

**ကျော်သန်းဆွေ**

# သန်လျင်၌ ယာဉ်တစ်စီး အရှိန်လွန်ကာ လမ်းဘေးရပ်ထားသောယာဉ်များ ဝင်ရောက်တိုက်မိ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားငါးဆူမှတ်တိုင်အနီး ဇန်နဝါရီ ၂၆ ရက် ည ၁၁ နာရီ ၅၅ မိနစ်က ယာဉ်တစ်စီးအရှိန်လွန်ကာ ဆိုင်ကယ်နှင့်ကားများအား ဝင်ရောက်တိုက်မိ၍ လူသုံးဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်တန်းမြို့နယ်ဘက်မှ သန်လျင်မြို့နယ်ဘက်သို့ ယာဉ်မောင်း ငြိမ်းချမ်းအောင် (၃၃နှစ်) အမှတ်-၁၇ ရန်ပြေ ၉ လမ်း ၃ ရပ်ကွက် သာကေတမြို့နယ်နေသူ မောင်းနှင်လာသော 9I / -------- Toyota Wish ယာဉ်သည် ဘုရားငါးဆူမှတ်တိုင်အရောက် အရှိန်လွန်ကာ လမ်းဘေးတွင် ရပ်ထားသော ကိုကျော်နန္ဒထွန်း(၂၉ နှစ်)၏ ဆိုင်ကယ်နှင့် ကိုလှိုင်မင်းထွန်း(၂၃ နှစ်)၏ ဆိုင်ကယ်တို့အား ဝင်ရောက်တိုက်မိခဲ့သည်။

ထို့နောက် ကိုမျိုးမင်းဇော်(၃၂နှစ်) သဃ်န်းကျွန်းမြို့နယ်နေသူ မောင်းနှင်သည့် 6N / ----Suzuki ယာဉ်နှင့် ဦးသန့်ဇော် (၅၄ နှစ်) ပါဒကြီးကျေးရွာ ကျောက်တန်းမြို့နယ်နေသူ၏ 4H/ ------- Hondai အငှားယာဉ်တို့အား ထပ်မံဝင်ရောက် တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် 6N/---- Suzuki ယာဉ်မောင်း ကိုမျိုးမင်းဇော်နှင့် ၎င်း၏ဇနီးဖြစ်သူ မစုဝေဖြိုး (၃၁နှစ်)နှင့် သမီးဖြစ်သူ မကျော့စန္ဒီသွယ် (၆ နှစ်)တို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် သန်လျင်ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ငြိမ်းချမ်းအောင်အား သန်လျင်မြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# မသင်္ကာဖွယ်ရပ်ထားသည့် ယာဉ်များကိုရှာဖွေရာ ပိတောက်သစ်လုံးနှင့် ခွဲသားများဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၁၅၀၊ သွင်းကုန် ၁၀၈၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန်အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈ ဒသမ ၅၆၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၄၅၀ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၉၆ ဒသမ ၀၁၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဇန်နဝါရီ ၂၅ ရက်က မူဆယ်နှင့် မန္တလေးမြို့ များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးနှင့် မိုင်တိုင်အမှတ် ၁၉၅ မိုင်၊ မိုင်းလီကျေးရွာအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော ခရီးသည်တင်ယာဉ် တို့အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ၊ ပိတောက်သစ်လုံး၊ ပိတောက်ခွဲသား အပိုင်းအစ ၁၆၅ တုံး (၂ ဒသမ ၉၄၉၄ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၈ ဒသမ ၅၆၉ သန်းခန့် အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ၊ပိတောက်သစ်လုံး၊ ပိတောက်ခွဲသားအပိုင်းအစနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး

# တစ်ဖက်နိုင်ငံသားခြောက်ဦးအား တရားမဝင်သစ်များ သယ်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ် ခြောက်စီးနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက် နံနက် ၃ နာရီခွဲက နမ့်ခမ်းမြို့(၅)ရပ်ကွက် ပြည်ထောင်စုလမ်း မီးပွိုင့်လမ်းဆုံ၌ တရားမဝင်သစ်များသယ်ဆောင်လာသော တစ်ဖက်နိုင်ငံသားခြောက်ဦးအား လိုင်စင်မဲ့ယာဉ်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



**အရေးယူ ဆောင်ရွက်**

မူဆယ်ဘက်မှ ရွှေလီမြို့နယ် ကျေးလေ့ရွာနေ အိုက်ထွန်း (၂၅ နှစ်)ပါ အမျိုးသားခြောက်ဦး မောင်းနှင်လာသည့် ယာဉ်ခြောက်စီးတို့အား ပူးပေါင်းအဖွဲ့က ရပ်တန့်စစ်ဆေးရာ ယာဉ်တစ်စီးလျှင် တရားမဝင် သစ်မျိုးစုံ ခားရွေတုံး ခုနစ်တန်ခန့် စုစုပေါင်း တရားမဝင်သစ် ၄၂ တန်ခန့်အား ဖမ်းဆီးရမိခဲ့ပြီး ယာဉ်ခြောက်စီးမှာလည်း တရားဝင်မှတ်ပုံတင်ထားခြင်းမရှိကြောင်း စစ်ဆေးသိရှိရသဖြင့် အိုက်ထွန်းပါ တရုတ်နိုင်ငံသား ခြောက်ဦးကို နမ့်ခမ်းမြို့မရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# အောင်လံမြို့နယ် ရေနံကြီးကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**အောင်လံ ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး အောင်လံမီးသတ်စခန်း၏ အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာ ရေနံကြီးကျေးရွာတွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီ ၁၂ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေနံကြီးကျေးရွာနေ ဦးတင်အေးသည် ထမင်းဟင်းချက်ပြုတ်ပြီး ယာခင်းသို့သွားစဉ် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် ဘေးအကာထရံသို့ ကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသိမ်းထွန်း ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်ယာဉ် ခုနစ်စီးတို့ဖြင့် ကျေးရွာ အရန်မီးသတ် ၁၀ ဦး၊ ပြည်သူများနှင့်ပူးပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လူနေအိမ်လေးလုံးနှင့် နွားတင်းကုပ်တစ်လုံး မီးလောင်ခံရပြီး လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အိုးမဲ့အိမ်မဲ့ဖြစ်သူ ၁၃ ဦးသည် နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးတင်အေး (၄၆နှစ်) ကို အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# တရားမဝင် ရွှေကျင်လုပ်ငန်း လုပ်ကိုင်သူခြောက်ဦးအား အရေးယူ

**ရေး ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာအုပ်စု ရေးမြစ်ချောင်းအတွင်း တရားမဝင်ရွှေကျင်လုပ်ငန်းလုပ်ကိုင်သူခြောက်ဦးအား ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက ရေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နေသူများဖြစ်သည့် ရွှေကျင်ရန်စမ်းသပ်သူ မျိုးမြင့်၊ ဝင်းအောင်၊ အောင်ကိုဦး၊ မျိုးဇော်၊ ကျော်စွာနှင့် လုံးလုံးတို့ခြောက်ဦးအား ရွှေကျင်ရန် ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိသဖြင့် ရေးမြို့မရဲစခန်းက အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**နေမျိုးထွန်း(ရေး)**

# ပညာရေးဝန်ထမ်းတစ်ဦး၏ လက်ကိုင်အိတ်အား ဆိုင်ကယ်စီးလာသူနှစ်ဦးက လုယူထွက်ပြေး

**အင်းတော် ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက်တွင် ကျောင်းဆရာမတစ်ဦး၏လက်ကိုင်အိတ်အား ဆိုင်ကယ်စီးလာသူနှစ်ဦးက လုယူထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက် နံနက် ၆ နာရီခန့်က အင်းတော်မြို့ အောင်မင်္ဂလာရပ်နေ အထက်တန်းပြဆရာမ ဒေါ်နွဲ့နွဲ့စိန်သည် မဲဇာကျေးရွာသို့သွားရန် လမ်းလျှောက်လာစဉ် ရေနားတန်းလမ်းမပေါ်အရောက် မျက်နှာချင်းဆိုင်မှ အမျိုးသားနှစ်ဦးက ဆိုင်ကယ်ဖြင့် မောင်းနှင်လာပြီး ၎င်းကိုင်ထားသောလက်ကိုင်အိတ်အား လုယူထွက်ပြေးသွားကြောင်း သိရသည်။

ထို့နောက် ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းရာ သုံးဘီးယာဉ်မောင်း တစ်ဦးက သုံးဘီးဖြင့် လိုက်သော်လည်း လွတ်သွားခဲ့ကြောင်း၊ လက်ကိုင်အိတ်အတွင်း၌ ငွေကျပ် ၄၀၀၀၀၊ ဖုန်းနှစ်လုံးနှင့် ဝန်ထမ်းကတ်တစ်ခုတို့ပါသွားသဖြင့် ပစ္စည်းလုယူသူများအား ဖမ်းဆီးရမိရေး အင်းတော်မြို့မရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ၁၀၅ မိုင်နှင့် လေးမိုင်ခန့်အကွာ တောစပ်အနီး၌ အမျိုးသားရုပ်အလောင်းတစ်လောင်း တွေ့ရှိ

**မူဆယ် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကျေးရွာနှင့် လေးမိုင်ခန့် ကွာဝေးသော မော်တောင်းကျေးရွာအုပ်စု မိုင်းယုကြိုးဝိုင်း ထင်းရှူးစိုက်ခင်းအနီး တောစပ်တွင် ဇန်နဝါရီ ၂၆ ရက် ညနေ ၅ နာရီခွဲခန့်က အမျိုးသားရုပ်အလောင်းတစ်လောင်းအား ဒေသခံတစ်ဦးက တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေသခံရွာသားတစ်ဦးမှ ဇန်နဝါရီ ၂၆ ရက်က မိုင်းယု ၁၀၅ မိုင်နှင့် လေးမိုင်ကွာဝေးသော မော်တောင်းကျေးရွာအုပ်စု မိုင်းယုကြိုးဝိုင်း ထင်းရှူးစိုက်ခင်းအနီး ပြောင်းခင်းသို့အသွား ပြည်ထောင်စုလမ်းမကြီးနှင့် ပေ ၁၀၀ ခန့်အကွာ တောစပ်တွင် အမျိုးသားတစ်ဦး ဒဏ်ရာများနှင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ သတင်းပေးပို့ခဲ့ရာ အခင်းဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ နမ့်ခမ်းမြို့မ ပြည်သူ့စစ်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ရာ သေဆုံးသူမှာ အသက်(၄၀)ကျော်ခန့်ရှိ အမျိုးသားတစ်ဦးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့နောက် အဆိုပါရုပ်အလောင်းအား မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများက အမှုမှန်ပေါ်ပေါက်စေရေးအတွက် ဆက်လက်စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# တာချီလိတ်၌ သေနတ်ပစ်ဖောက်သူအား အရေးယူ

**တာချီလိတ် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ကချင်ရွာ၌ ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက သေနတ်ပစ်ဖောက်သူ အမျိုးသားတစ်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည်။

ဇန်နဝါရီ ၂၇ ရက် နံနက် ၄ နာရီခွဲက တာချီလိတ်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဝမ်ကောင်းရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဝမ်ကောင်းရပ်ကွက် ကချင်ရွာထဲတွင် သေနတ်ပစ်ဖောက်သံကြား၍ သွားရောက်စစ်ဆေးရာ ကျစေး (၃၀ နှစ်)သည် နေအိမ်ရှေ့တွင် သေနတ်ပစ်ဖောက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ပြီး ၎င်း၏နေအိမ် အိပ်ခန်းအတွင်းမှ ပစ္စတိုသေနတ်တစ်လက် ၎င်းကျည် လေးတောင့်၊ ကျည်ခွံတစ်ခုတို့အားတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

အမှုမှ တရားမဝင် လက်နက်ကိုင်ဆောင်ပစ်ဖောက်သူ ကျစေး ကချင်ရွာ ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့နေသူကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# သံလွင်မြစ်အတွင်း လူသေအလောင်းတွေ့ရှိ

**မော်လမြိုင် ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းပဲတန်းရပ်ကွက် ကမ်းနားလမ်းနှင့် သူဇာလမ်းထိပ် သံလွင်မြစ်အတွင်း ဇန်နဝါရီ ၂၆ရက် ညနေ ၄ နာရီက လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းရရှိသဖြင့် မော်လမြိုင်မြို့မ ရဲစခန်းစခန်းမှူး ဒုရဲမှူး မင်းအောင်နှင့် တာဝန်ရှိသူများ၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

တွေ့ရှိသည့်ရုပ်အလောင်းမှာ အနက်ရောင်အတွင်းခံဘောင်းဘီ ဝတ်ထားပြီး အပေါ်အင်္ကျီမပါဘဲ အသက် (၃၀ နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးဖြစ်ကာ ခန္ဓာကိုယ်ပုပ်ပွနေပြီး မှောက်လျက်အနေအထားဖြင့် ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ တွေ့ရှိခြင်းမရှိကြောင်း သိရသည်။

**စုံစမ်းဆောင်ရွက်လျက်ရှိ**

ဖြစ်စဉ်နှင့်ပတ်သက်၍ မော်လမြိုင်မြို့မရဲစခန်းက သေဆုံးသူ မည်သူမည်ဝါဖြစ်သည်ကို စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# ဝိုင်ပီဂျီသို့ မည်သည့်လက်နက်မျှ ထောက်ပံ့ပေးမည်မဟုတ်ကြောင်း အမေရိကန်ပြော



**အန်ကာရာ ဇန်နဝါရီ ၂၇**

အမေရိကန်က ကျောထောက်နောက်ခံထားသော ဆီးရီးယားရှိ ကာ့ဒ်ဝိုင်ပီဂျီ ပြည်သူ့စစ်များကို ဆန့်ကျင်သည့် တူရကီထိုးစစ် ရှစ်ရက်မြောက်သို့ ဝင်ရောက်လာပြီဖြစ်ရာ အမေရိကန်ပြည်ထောင်စုက ၎င်းတို့အနေဖြင့် ဆီးရီးယား ကာ့ဒ်ဝိုင်ပီဂျီပြည်သူ့စစ်များသို့ မည်သည့်လက်နက်မှ ထောက်ပံ့ခြင်းပြုမည်မဟုတ်ကြောင်း တူရကီကို ပြောကြားခဲ့သည်ဟု တူရကီသမ္မတရုံးမှ ဇန်နဝါရီ ၂၇ ရက်က ပြောကြားခဲ့သည်။

ဝိုင်ပီဂျီတို့ကို ဆန့်ကျင်သည့် တူရကီတို့၏ကျူးကျော်တိုက်ခိုက်မှု ဆီးရီးယား အနောက်မြောက်ပိုင်း အက်ဖရင်းဒေသသို့ ရောက်လာခြင်းသည် ဆီးရီးယားပြည်တွင်းစစ်ကို ဖြစ်ပွားစေနိုင်သလို နေတိုးမဟာမိတ် ဝါရှင်တန်နှင့် ဆက်ဆံရေးတင်းမာမှုကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

လက်နက်များထောက်ပံ့ပေးခြင်း၊ လေ့ကျင့်မှုများပြုလုပ်ပေးနေခြင်း၊ ဆီးရီးယား ကာ့ဒ်တပ်ဖွဲ့များကို လေကြောင်း ထောက်ပံ့မှုများပြုလုပ်ပေးနေခြင်းနှင့်ပတ်သက်ပြီး အမေရိကန်အနေဖြင့် အန်ကာရာကို အမျက်ထွက်နေကြောင်း သိရသည်။

တူရကီတို့က ဝိုင်ပီဂျီသည် တူရကီ၏အင်အားအများဆုံးရှိရာ ကာ့ဒ်အရှေ့တောင်ပိုင်းတစ်ခွင်တွင် ဆယ်စုနှစ် သုံးစုကျော်ကြာအောင် အကြမ်းဖက်သောင်းကျန်းမှုများကို ပြုလုပ်နေသည့် ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ) ၏ မတရားအဖွဲ့အစည်းတစ်ခုသာဖြစ်ကြောင်း ရှုမြင်လျက်ရှိသည်။

သမ္မတ တေရစ်အာဒိုဂန်၏ ပြောရေးဆိုခွင့်ရှိသူ အီဘရာဟင်ကာလင်နှင့် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး အိတ်ချ်အာ မက်မာစတာတို့က ဇန်နဝါရီ ၂၆ ရက်က ဖုန်းဖြင့် ပြောဆိုဆွေးနွေးခဲ့ကြရာ ထိုသို့ ပြောဆိုဆွေးနွေးမှုတွင် အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေး မက်မာစတာက အမေရိကန်ပြည်ထောင်စုအနေဖြင့် ဝိုင်ပီဂျီသို့ မည်သည့် လက်နက်မျှ ထောက်ပံ့ပေးမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု တူရကီသမ္မတရုံးမှ ဇန်နဝါရီ ၂၇ ရက်က ပြောခဲ့သည်။ **ရိုက်တာ**

# အာဖဂန်မြို့တော် ကဘူးလ် ရဲစစ်ဆေးရေးဂိတ်၌ ဗုံးပေါက်ကွဲရာ လူ ၁၇ ဦးထက်မနည်း သေဆုံး



**ကဘူးလ် ဇန်နဝါရီ ၂၇**

နိုင်ငံခြားသံရုံးများနှင့် အစိုးရအဆောက်အအုံများ၏အနီး အာဖဂန်မြို့တော် ကဘူးလ်ရဲစစ်ဆေးရေးဂိတ်၌ လူနာတင်ယာဉ်အတွင်း လျှို့ဝှက်ထောင်ထားသည့်ဗုံး ဇန်နဝါရီ ၂၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၇ဦးထက်မနည်းသေဆုံးခဲ့ပြီး လူပေါင်း ၁၁၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် အာဖဂန်တို့၏လက်ချက်ဖြစ်သည်ဟု စွပ်စွဲထားကြောင်းသိရသည်။ အဆိုပါပေါက်ကွဲမှုသည် လူ ၂၀ ထက်မနည်း သေဆုံးခဲ့သော ကဘူးလ်ရှိ ဟိုတယ်တစ်လုံး တိုက်ခိုက်ခံရပြီး တစ်ပတ်အကြာတွင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ဒါဟာအစုလိုက်အပြုံလိုက်လူသတ်ခြင်းဖြစ်ပါတယ်"ဟု အီတလီအရေးပေါ်ထောက်ပံ့ရေးအဖွဲ့ညှိနှိုင်းရေးမှူး ဒီဂျန်ပန်းနစ်က ပြောကြားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အနီးနားရှိ ဆေးရုံတစ်ခုထဲသို့ တင်ပို့လိုက်ရသည့် လူနာပေါင်း ၅၀ ကျော်ရှိကြောင်း လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ဖော်ပြခဲ့သည်။

ပြည်သူ့ကျန်းမာရေးပြောရေးဆိုခွင့်ရှိသူတစ်ဦးက အဆိုပါတိုက်ခိုက်မှုတွင် ၁၇ ဦးသေဆုံးပြီး ၁၁၀ခန့်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို မြို့တော်ဆေးရုံများသို့ ခွဲကာတင်ပို့ထားရကြောင်း ပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်အချိန်၌ အနီးအနားတွင်ရှိသော ပါလီမန်အဖွဲ့ဝင် မာဝိစ်ရာစီနီက ဗုံးလျှို့ဝှက်စွာတပ်ဆင်ထားသော လူနာတင်ယာဉ်သည် အဆင့်မြင့်လုံခြုံရေးကောင်စီရုံးနှင့် နိုင်ငံခြားသံရုံးများအနီး ရဲစစ်ဆေးရေးဂိတ်သို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့ပြီး နောက်ပိုင်းတွင် ပေါက်ကွဲသွားသည်ကိုတွေ့ခဲ့ရကြောင်း ပြောခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် မြေပြင်ပေါ်တွင် လူများအတုံးအရုံး လဲကျကုန်ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ မီးခိုးများမှာ ကောင်းကင်ပေါ်သို့တက်သွားပြီး အနီးအနားရှိ အဆောက်အအုံများ လှုပ်ခါသွားကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

**ရိုက်တာ**

# ဆီးရီးယားနိုင်ငံ ဂိုတာအရှေ့ပိုင်းဒေသအပေါ် နိုင်ငံတကာ စိုးရိမ်မှုမြင့်တက်

**ဘေရွတ် ဇန်နဝါရီ ၂၇**

ရုရှားနိုင်ငံအနေဖြင့် အပစ်ရပ်စဲရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ကတိပေးထားသော်လည်း ဆီးရီးယားနိုင်ငံ သူပုန်ထိန်းချုပ်ရာ ဂိုတာအရှေ့ပိုင်း၌ လက်နက်ကြီးများဖြင့်တိုက်ခိုက်မှု ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက ဆက်လက်ဖြစ်ပွားခဲ့ကြောင်း စစ်ပွဲစောင့်ကြည့်သူတစ်ဦးက ပြောကြားသည်။

ရုရှား သို့မဟုတ် ဆီးရီးယားအစိုးရတို့က မည်သည့်အပစ်ရပ်စဲရေးမှ တရားဝင်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ ဂိုတာအရှေ့ပိုင်းဒေသကို ဦးတည်ပစ်မှတ်ထားကာ လက်နက်ကြီများဖြင့် ညတွင်းချင်း ငါးကြိမ်ပစ်ခတ်တိုက်ခိုက်ခံခဲ့ရကြောင်း၊ အဆိုပါလက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုတွင် ဒုံးကျည်များ၊ အမြောက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းလည်း အပါအဝင်ဖြစ်ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်အနေဖြင့် ၎င်း၏ ရန်သူများကို ဆန့်ကျင်တိုက်ခိုက်ရာ၌ ရုရှားနိုင်ငံအနေဖြင့် ၎င်းကို အဓိကထားကာ ထောက်ပံ့မှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂမှ ကမကထပြုလုပ်ခဲ့သော ဗီယင်နာ၌ကျင်းပသည့် ကိုးကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မည်သည့်ရလဒ်မှ ထွက်ပေါ်ခြင်းမရှိဘဲ ပြီးဆုံးခဲ့သည်။

အဆိုပါဗီယင်နာဆွေးနွေးပွဲသို့ ဆီးရီးယားငြိမ်းချမ်းရေးကွန်ဂရက်မှ တာဝန်ရှိသူတစ်ဦးတက်ရောက်ခြင်းမရှိကြောင်း အတိုက်အခံဘက်က ပြောကြားခဲ့သည်။ အဆိုပါဆွေးနွေးပွဲကို ရုရှားတို့က လာမည့်အပတ်၌ ဆိုချီ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

လာမည့် ဆိုချီဆွေးနွေးပွဲတွင် ရလဒ်တစ်စုံတစ်ရာထွက်ပေါ်လာရန်မျှော်လင့်ကြောင်း၊ ရုရှားအနေဖြင့် ကိုယ်စားလှယ်အဖွဲ့ကို ဆွေးနွေးပွဲတက်ရောက်ရန် ဖိအားမပေးသင့်ကြောင်း အတိုက်အခံခေါင်းဆောင် နာဆာအယ်လ်ဟာရီရီက ပြောခဲ့သည်။ ဂိုတာအရှေ့ပိုင်းဒေသကံကြမ္မာအပေါ် နိုင်ငံတကာက စိုးရိမ်စိတ် မြင့်တက်လျက်ရှိကြောင်း သိရသည်။ **ရိုက်တာ**



## ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး တရုတ်သို့ လာမည်

**ပေကျင်း ဇန်နဝါရီ ၂၇** - ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး တာရိုကိုမိုသည် ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွမ်းရင်က ပေကျင်းမြို့၌ မကြာသေးမီက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစကာ ယခုသို့ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်ခြင်းသည် ၎င်း၏ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘုံစိုးရိမ်မှုများနှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်သည် တရုတ်-ဂျပန်ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး စာချုပ်ချုပ်ဆိုသည့် နှစ် ၄၀ ပြည့် အထိမ်းအမှတ်နှစ်ဖြစ်ကြောင်း၊ စိန်ခေါ်မှုများစွာရှိနေသော တရုတ်နှင့်ဂျပန်ဆက်ဆံရေးသည် တိုးတက်မှုရှိနေကြောင်း၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး၏ တရုတ်ခရီးစဉ်သည် နှစ်နိုင်ငံ ခေါင်းဆောင်များအကြား သဘောတူညီချက်များကို ပြီးမြောက်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မော်ရိုကို၌ စိတ်မနှံ့သည့် လူတစ်ဦးက မိသားစုဝင်များအား သတ်ဖြတ်

**ရာဘတ် ဇန်နဝါရီ ၂၇**

မော်ရိုကိုနိုင်ငံမြောက်ပိုင်း တီတောင်မြို့၌ လွန်ခဲ့သောရက်က စိတ်မနှံ့သည့် အမျိုးသားတစ်ဦးက မိသားစုဝင်လေးဦးအား သတ်ဖြတ်ခဲ့ကြောင်း ဒေသခံ အာဏာပိုင်များက ပြောကြားခဲ့သည်။

စိတ်မနှံ့သည့်တရားခံသည် ၎င်း၏ မိခင်၊ ညီမနှင့် တူနှစ်ဦးကို နေအိမ်တွင် ဓားဖြင့် သတ်ဖြတ်ခဲ့ကြောင်း၊ ထို့အပြင် နောက်ထပ် ညီမတစ်ဦးကိုလည်း ဒဏ်ရာရရှိစေခဲ့ကြောင်း အာဏာပိုင်များ၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့က အဆိုပါ တရားခံကို ဖမ်းဆီးခဲ့ကြောင်း၊ အဆိုပါတရားခံသည် မူးယစ်ဆေးဝါးစွဲ နေသူတစ်ဦးဖြစ်ပြီး ပြစ်မှုကျူးလွန်ပြီးနောက် သေကြောင်းကြံစည်ခဲ့ကြောင်း၊ သို့သော်လည်း အိမ်နီးချင်းများက ၎င်းအားတားဆီးခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့က အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

### ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲ ထပ်မံနှောင့်နှေး ကြန့်ကြာနိုင်

**ဗန်ကောက် ဇန်နဝါရီ ၂၇**

နိုဝင်ဘာလတွင် ကျင်းပရန် လျာထားသည့်ထိုင်းနိုင်ငံ၏အထွေထွေရွေးကောက်ပွဲသည်လာမည့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမတိုင်မီအထိ ထပ်မံနှောင့်နှေးသွားနိုင်ကြောင်း သိရသည်။

အမျိုးသားဥပဒေပြုညီလာခံသည် အထွေထွေရွေးကောက်ပွဲကို ကျင်းပရန် လိုအပ်သည့်ဥပဒေကို ရက်ပေါင်း ၉၀ကြာ ရွှေ့ဆိုင်းသွားရန် ဥပဒေကြမ်းတစ်ရပ်ကို ကြာသပတေးနေ့က အတည်ပြုခဲ့သည်။ ဥပဒေပြုရေး နှောင့်နှေးကြန့်ကြာနေမှုက ဒီမိုကရေစီအုပ်ချုပ်ရေးပြန်လည်ရရှိမှုကိုပါ နှောင့်နှေးကြန့်ကြာစေလိမ့်မည် ဖြစ်သည်။

ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် အထွေထွေရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပနိုင်ဖွယ်ရှိကြောင်း ပြီးခဲ့သည့်နှစ်က ပြောကြားခဲ့သည်။

တပ်မတော်ဦးဆောင်သည့် ကြားဖြတ်အစိုးရသည် ၂၀၁၄ ခုနှစ် အာဏာသိမ်းခဲ့ချိန်မှ စတင်ကာ နိုင်ငံကိုအုပ်ချုပ်ခဲ့သည်။

အာဏာသိမ်းမှုကို ဦးဆောင်ခဲ့သည့် တပ်မတော်အကြီးအကဲဟောင်းဖြစ်သူ ပရာယွတ်သည် ညီလာခံကျင်းပပြီးနောက် ရွေးကောက်ပွဲရွှေ့ဆိုင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အနာဂတ်စီးပွားရေးအတွက် အတူလက်တွဲတော့မယ့် ဗြိတိန်နဲ့ အမေရိကန်

--- *ချူးစန္ဒီမွေး* ---

**ဗြိတိန်ဟာ ဥရောပသမဂ္ဂအဖွဲ့ကနေ ထွက်လိုက်တဲ့အတွက် ပိုမိုလွတ်လပ်တဲ့ ကုန်သွယ်မှုတွေရရှိလာတော့မှာပဲ ဖြစ်တယ်ဆိုတဲ့ စကားနဲ့အတူ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ နိုင်ငံအများရဲ့စိတ်ဝင်စားမှုကိုရရှိအောင် ပြုလုပ်လိုက်ပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးကနေ ဗြိတိန် နုတ်ထွက်ဖို့မဲပေးဆုံးဖြတ်ခဲ့တာဆိုရင် တစ်နှစ်ခွဲနီးပါးရှိပါပြီ။ ဒီအချိန်အတောအတွင်းမှာ ထရီဆာမေဟာ သူ့နိုင်ငံရဲ့အနာဂတ်သေချာဖို့ အရေးလုံးပန်းနေခဲ့ရပါတယ်။**

ကမ္ဘာ့အင်အားကြီးနိုင်ငံ အဖြစ်ကနေ လျော့ကျမသွားဖို့၊ ကုန်သွယ်ရေး သဘောတူစာချုပ်တွေမှာ ထိခိုက်မှုမရှိဖို့ ဒါတွေ ကြိုးစားနေရင်းနဲ့ပဲ လုံးလည်လိုက်နေခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်ကနေ ဗြိတိန်ရဲ့ အာဏာမှေးမှိန်သွားခြင်းမရှိဖို့၊ စီးပွားရေးမှာလည်း လျော့ကျမသွားဖို့ ကြိုးစားရမယ့် အချိန်လည်း ဖြစ်တယ်။ ဒီအကြောင်းပြချက်တွေကြောင့်ပဲ ထရီဆာမေဟာ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ဗြိတိန်ကိုထင်ပေါ်အောင် လုပ်ရမယ့်အချက်တွေ ဖြစ်လာခဲ့တယ်။

**စီးပွားရေးလျော့ကျ**

လက်ရှိမှာတော့ဗြိတိန်ရဲ့စီးပွားရေးဟာ အားရစရာတော့ မကောင်းပါဘူး။ လွန်ခဲ့တဲ့နှစ်ကလည်း ၁ ဒသမ ၇ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပြီး အခုနှစ်မှာလည်း ၁ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးတက်ဖို့ရှိတယ်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပါတယ်။ အမေရိကန်ကတော့ ဗြိတိန်နဲ့ ဆန့်ကျင်ဘက်ပါပဲ။ ဗြိတိန်ရဲ့ စီးပွားရေးလျော့ကျနေတဲ့ အချိန်အမေရိကန်ကတော့ စီးပွားရေးမှာတိုးတက်လာတဲ့ အလားအလာတွေ အများကြီးပါပဲ။ အမေရိကန်ရဲ့ စီးပွားရေးဟာ ယခုနှစ်အတွင်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လာလိမ့်မယ်လို့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပါတယ်။

**ပေါင်ငွေတန်ဖိုးကျဆင်း**

ဒါ့အပြင် ယူရိုငွေအသုံးပြုတဲ့ နိုင်ငံပေါင်း ၁၉ နိုင်ငံဟာလည်း စီးပွားရေး ၂ ဒသမ ၂ရာခိုင်နှုန်းတိုးလာလိမ့်မယ်လို့လည်း ခန့်မှန်းထားပါတယ်။ ဗြိတိန်ရဲ့ စီးပွားရေးကျဆင်းမှုရဲ့အဓိကအကြောင်းကတော့ ဥရောပသမဂ္ဂအဖွဲ့ကနေ နုတ်ထွက်တာကြောင့်လည်းအများကြီးသက်ရောက်မှုရှိပါတယ်။ ဥရောပသမဂ္ဂကနေ ခွဲထွက်ဖို့မဲပေးပြီးတဲ့နောက်ပိုင်း ပေါင်ငွေတန်ဖိုးတွေ ကျဆင်းသွားပါတယ်။ ဒေါ်လာနဲ့ ယူရိုတန်ဖိုးကတော့ ဦးမော့လျက်ပါပဲ။ အဲဒီနောက်ပိုင်း ထရီဆာမေ ဦးဆောင်တဲ့အစိုးရဟာ ပေါင်ငွေတန်ဖိုး တက်လာအောင် အများကြီးလုပ်ဆောင်ခဲ့ပါတယ်။

**ငွေကြေးဖောင်းပွမှုဖြစ်လာ**

ပေါင်ငွေတန်ဖိုး ကျဆင်းတဲ့အတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေနဲ့ တရုတ်နိုင်ငံတို့က ကုန်ပစ္စည်းတွေ တင်သွင်းတဲ့အခါ ဈေးကြီးပေးဝယ်နေရပြီး အဲဒီအချက်ကပဲ ငွေကြေးဖောင်းပွမှုကို ဖြစ်စေပါတယ်။

**ရှောင်ရှားနိုင်အောင်ကြိုးစား**

လွန်ခဲ့တဲ့ လပေါင်းများစွာကတည်းကထရီဆာမေဟာ ဥရောပသမဂ္ဂကနေ ဗြိတိန် နုတ်ထွက်တဲ့အခါ ဗြိတိန်အတွက်



သက်ရောက်မှုအနည်းငယ်ပဲ ရှိစေဖို့ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ပါတယ်။ တစ်ပြိုင်တည်းမှာပဲသူရဲ့ ကွန်ဆာဗေးတစ်ပါတီအတွင်းက ဥရောပသမဂ္ဂကို ဆန့်ကျင်တဲ့သူတွေရဲ့ မကျေနပ်မှုတွေကိုရှောင်ရှားနိုင်အောင်ပါ ကြိုးစားခဲ့ရပါတယ်။

ထရီဆာမေအတွက်တော့ အကျပ်ရိုက်တဲ့ကာလတွေလည်း ဖြစ်တယ်။ ထရီဆာမေရဲ့ အစိုးရအဖွဲ့ကတော့ ဥရောပသမဂ္ဂအဖွဲ့နဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်တဲ့အခါ အကူးအပြောင်းကာလအတွင်းမှာတော့ ဗြိတိန်ကို ဥရောပသမဂ္ဂအဖွဲ့ရဲ့ ဘုံဈေးကွက်အတွင်းမှာပဲ ဆက်လက်ထားရှိဖို့ညှိနှိုင်းမှုတွေ ပြုလုပ်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။

**စည်းကမ်းတွေလိုက်နာရမှာဖြစ်**

ဒါပေမယ့် ဒီလိုမျိုးလုပ်ဖို့ဆိုရင်တော့ ဗြိတန်ဟာ ဥရောပသမဂ္ဂအဖွဲ့အတွင်း ရန်ပုံငွေတွေ ဆက်လက်ထည့်ဝင်ရမှာဖြစ်ပြီး လူတွေလွတ်လပ်စွာရွှေ့ပြောင်းနေထိုင်မှုအပါအဝင်အခြားသော ဥရောပသမဂ္ဂအဖွဲ့ရဲ့ စည်းကမ်းတွေကို လိုက်နာရမှာ ဖြစ်တယ်။ အမေရိကန်သမ္မတထရန့်ရဲ့ အစိုးရအဖွဲ့ကတော့ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်တာကို ထောက်ခံအားပေးခဲ့ပါတယ်။

ဗြိတိန်နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေမှာအဆင်ပြေချောမွေ့စေရေးအတွက် လည်းဆောင်ရွက်နေတယ်လို့အမေရိကန် ဘဏ္ဍာရေးဝန်ကြီးက သတင်းထောက်တွေကို ပြောပါတယ်။ အမေရိကန် သမ္မတထရန့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနဲ့ မတွေ့ဆုံမီ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး မစ္စတာ Steven Mnuchin က ဗြိတိန်နဲ့ အမေရိကန်ရဲ့ စီးပွားရေးဆက်နွှယ်မှုမှာ အလွန်အားကောင်းတယ်လို့တော့ ပြောလို့မရပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က ရှေ့ဆက်သွားနိုင်အောင် လုပ်ဆောင် သွားမှာပါလို့ ပြောခဲ့ပါတယ်။

**စိတ်အားထက်သန်လျက်ရှိ**

သမ္မတထရန့်ကတော့ ဗြိတိန်နဲ့ စီးပွားရေးအတူ ပူးပေါင်းဆောင်ရွက်ဖို့ စိတ်အားထက်သန်လျက် ရှိပါတယ်။ တကယ်လို့များ ဗြိတိန်ဘက်ကအဆင်သင့်ဖြစ်ခဲ့မယ်ဆိုရင် အကျိုးများမယ့် ကုန်သွယ်ရေးသဘောတူ စာချုပ်တွေ ချုပ်ဆိုဖို့ ပြင်ဆင်တော့မယ်လို့ မစ္စတာ Steven Mnuchin က ပြောလိုက်ပါတယ်။

အမေရိကန်ကတော့ ဗြိတိန်ကို ဥရောပသမဂ္ဂကနေ ခွဲထွက်စေလိုသူပီပီ ဗြိတိန်ကို သူ့ဘက်ပါလာအောင် မက်လုံးပေးဆွဲဆောင်နေတာကတော့ အထင်းသားပါပဲ။ ဒါဟာလည်း အမေရိကန်ရဲ့ အင်အားကြီးထွားလာအောင် ချဲ့ထွင်မှုတစ်ရပ်ပါပဲ။ ဗြိတိန်ဥရောပသမဂ္ဂအဖွဲ့ကနေ မြန်မြန်နုတ်ထွက်မှသာ ဒီကုန်သွယ်ရေးသဘောတူစာချုပ်တွေကို ချုပ်ဆိုနိုင်မှာဖြစ်တယ်။ ဘာလို့လဲဆိုရင် ဗြိတိန်အနေနဲ့ ဒီအုပ်စုကြီးကမထွက်သရွေ့ ဘယ်နိုင်ငံနဲ့မှ သဘောတူစာချုပ်ချုပ်ဆိုလို့ မရနိုင်ပါဘူး။

**အပြောင်းအလဲတွေက မခန့်မှန်းနိုင်**

သမ္မတထရန့်ကတော့ ဗြိတိန်နဲ့ အမေရိကန်ဆက်ဆံရေးဟာ အံ့သြလောက်စရာ ကောင်းမွန်လာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ အမေရိကန်နဲ့ ဗြိတိန်ကြား ကုန်သွယ်ရေးဆွေးနွေးမှုတွေကို ထရီဆာမေနဲ့ ဆွေးနွေးအပြီး ဒီလိုပြောလိုက်တာပဲ ဖြစ်တယ်။ ယခုလအစောပိုင်းတုန်းကတော့ ထရန့်ဟာ ဗြိတိန်ကိုလာမယ့်ခရီးစဉ်ကို ဖျက်သိမ်းခဲ့ပါတယ်။ လန်ဒန်မြို့မှာ အမေရိကန်သံရုံးနေရာသစ်နဲ့ ပတ်သက်ပြီးမကျေမနပ်ဖြစ်ပြီးလာမယ့်ခရီးစဉ်ကို ဖျက်သိမ်းလိုက်တာပဲဖြစ်တယ်။

ဒါပေမယ့်လည်း အခုလို ထရီဆာမေနဲ့ လူချင်းတွေ့ပြီးတဲ့အခါမှာတော့ ထရီဆာမေလုပ်ကိုင်တာတွေနဲ့ ပတ်သက်ပြီး သူ့အနေနဲ့ အားလုံးကို လေးစားပါတယ်။ ဗြိတိန်နိုင်ငံကိုလည်း နှစ်သက်တယ်လို့ ထရန့်က ပြောလိုက်ပါတယ်။

ထရန့်ရဲ့အပြောင်းအလဲတွေကတော့ မခန့်မှန်းနိုင်အောင်ပါပဲ။ အခုအချိန်မှာတော့ ဗြိတိန်နဲ့စီးပွားရေး၊ ကုန်သွယ်ရေးအတူ ပူးပေါင်းလုပ်ဆောင်ဖို့ မျှော်လင့်နေတယ်လို့ ဆိုပြန်ပါတယ်။ အမေရိကန်နဲ့ ဗြိတိန်နှစ်နိုင်ငံပေါင်းပြီး ခမ်းနားကြီးကျယ်တဲ့ ကုန်သွယ်မှုကြီးကိုအစပြုဖို့ စိတ်ကူးနေပြန်ပါပြီ။ အခုချိန်မှာ အမေရိကန်ဟာ ဗြိတိန်ဘက်က ရပ်တည်မယ်ဆိုတာဖြစ်သွားပြန်ပါပြီ။

**အနာဂတ်ကို ပုံဖော်သွားမယ်**

ထရီဆာမေကတော့ အမေရိကန် နဲ့ ဗြိတိန်ဟာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေဟာအတူတူပဲမို့ အတူတူရင်ဆိုင်သွားမယ်၊ အထူးရင်းနှီးတဲ့ဆက်ဆံရေးတစ်ရပ်ကိုလည်း ဆက်လက်တည်ဆောက်သွားမယ်၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမယ့် ကုန်သွယ်မှုတွေ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အနာဂတ်ကိုပုံဖော်သွားမယ်ဆိုပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ပဲ ပြောကြားသွားပါတယ်။

**ဗြိတိန်ရဲ့စီးပွားရေးမိတ်ဖက်သစ်**

ဗြိတိန်ဟာ ၂၀၁၉ ခုနှစ်မတ်လ ၂၉ရက်နေ့မှာ ဥရောပသမဂ္ဂအဖွဲ့ကြီးကနေ တရားဝင်အပြီးအပိုင်နုတ်ထွက်ရတော့မှာပဲ ဖြစ်တယ်။ အဲဒီအခါ ဗြိတိန်အတွက် ကုန်သွယ်ရေးတွေလုပ်ဖို့ စီးပွားရေးမိတ်ဖက်နိုင်ငံတွေ လိုအပ်လာပြီပဲ ဖြစ်တယ်။ ဥရောပသမဂ္ဂနဲ့ချုပ်ဆိုထားတဲ့ ကုန်သွယ်ရေးစာချုပ်တွေအစား နောက်ထပ်ကုန်သွယ်ရေးတွေ အစားထိုးဆောင်ရွက်နိုင်ဖို့ ကြိုးစားရတော့မှာလည်း ဖြစ်တယ်။


ဒီလိုလုပ်ကိုင်မှသာ ဗြိတိန်ရဲ့ စီးပွားရေး ယိုင်နဲ့မသွားအောင် ပေါင်ငွေတန်ဖိုး အားကောင်းလာအောင်ဆောင်ရွက်နိုင်မှာ ဖြစ်တယ်။ ဥရောပသမဂ္ဂရဲ့ အနှောင်အဖွဲ့တွေမရှိတော့လို့ လွတ်လပ်တဲ့ ကုန်သွယ်ရေးကိုအစပြုနိုင်ပြီလို့ ကြွေးကြော်နေတဲ့ဗြိတိန်ဟာလည်း သူကြွေးကြော်ထားသလို အမှန်တကယ်ပဲဆောင်ရွက်နိုင်မလားဆိုတာကတော့ အလုပ်နဲ့ပဲ သက်သေပြရမှာပါပဲ။ လတ်တလောမှာတော့ ဗြိတိန်ရဲ့စီးပွားရေး မိတ်ဖက်အသစ်ဟာ အမေရိကန်ပဲ ဖြစ်လာနိုင်တယ်လို့ ယူဆနိုင်ပါတယ်။


**ကိုးကား**

**နယူးယောက်တိုင်းမ်၊ ဘီဘီစီ**


**"ထရန့်ရဲ့အပြောင်းအလဲတွေကတော့ မခန့်မှန်းနိုင်အောင်ပါပဲ၊ အခုအချိန်မှာတော့ ဗြိတိန်နဲ့ စီးပွားရေး၊ ကုန်သွယ်ရေးအတူ ပူးပေါင်းလုပ်ဆောင်ဖို့ မျှော်လင့်နေတယ်လို့ ဆိုပြန်ပါတယ်၊ အမေရိကန်နဲ့ ဗြိတိန်နှစ်နိုင်ငံပေါင်းပြီး ခမ်းနားကြီးကျယ်တဲ့ ကုန်သွယ်မှုကြီးကိုအစပြုဖို့ စိတ်ကူးနေပြန်"**
















# မြန်မာသဒ္ဒါသင်ကြားရေး (၁၈)

**မောင်ခင်မင်(ဓနုဖြူ)**

"မြန်မာစကားရဲ့ဝါစင်္ဂကို လေ့လာတဲ့တခြားပညာရှင်တွေ ရှိပါသေးသလားဆရာ"

"ရှိတာပေါ့၊ Julian Wheadley ဂျူလီယန်ဝှိတလီဆိုတဲ့ ပုဂ္ဂိုလ်က မြန်မာသဒ္ဒါကျမ်းတစ်ကျမ်းကို ၁၉၈၂ ခုနှစ်မှာ ပြုစုတယ်၊ ကျမ်းနာမည်က Burmese: Grammatical Sketch တဲ့၊ မြန်မာသဒ္ဒါပုံကြမ်းပေါ့"

"သြော်...ဟုတ်ကဲ့၊ ကျွန်မတို့မကြားဖူးသေးပါဘူးဆရာ"

"ဒီပညာရှင်က ပညာရပ်စွယ်စုံကျမ်းတွေမှာလည်း မြန်မာဘာသာစကားအကြောင်း ဆောင်းပါးတွေရေးတယ်၊ အဲဒီသဒ္ဒါကျမ်းမှာ ဝါစင်္ဂအကြောင်းအခန်းတစ်ခန်းပါတယ်"

"ဟုတ်ကဲ့၊ ဝါစင်္ဂတွေဘယ်လိုခွဲပါသလဲဆရာ"

"ပြောပဲ့မယ်၊ အဲ....သတိရလို့၊ ဝါစင်္ဂခွဲပုံမပြောခင် ကျမ်းပြုစုတဲ့သူက အဲဒီကျမ်းကိုပြုစုဖို့ ဘယ်လိုအားထုတ်ခဲ့တယ်ဆိုတာကို အမှာစာမှာ သူရေးထားတာ အချုပ်ပြောဦးမယ်၊ ပညာရပ်တစ်ခုကို စနစ်တကျလေ့လာတဲ့ ပညာရှင်တစ်ယောက်ရဲ့ အတွေ့အကြုံအကြောင်းသိရတာ တန်ဖိုးကြီးပါတယ်"

"ဟုတ်ကဲ့ပါ"

"ဂျူလီယန်ဝှိတလီက ဒီကျမ်းကို ပါရဂူဘွဲ့အတွက် ပြုစုတင်သွင်းခဲ့တာပါ၊ သူက အမေရိကန်ပြည်ထောင်စုကပါ၊ ဘာသာစကားကို စနစ်တကျလေ့လာဖို့ အခြေခံ သဘောတရားနည်းနာတွေကို ထင်ရှားတဲ့ဘာသာဗေဒပညာရှင် Matisoft မက်တီဆော့ဆီမှာ သင်ခဲ့တယ်၊ လန်ဒန်က အရှေ့တိုင်းနဲ့အာဖရိက ပညာသင်ကျောင်း SOAS ပေါ့၊ အဲဒီမှာ ဆက်ပြီး မြန်မာဘာသာစကားလေ့လာတယ်၊ အထူးသဖြင့် အဲဒီပညာရှင်တွေဖြစ်တဲ့ ဒေါက်တာလှုဘေရယ်၊ ဂျွန်အိုကယ်ရယ်၊ အယ်နာအဲလော့ရယ်၊ အဲဒီဆရာကြီး ဆရာမကြီးတွေဆီက အများကြီး ဆည်းပူးခဲ့တယ်၊ ပြီးတော့ မြန်မာနိုင်ငံကိုလာပြီး ရန်ကုန်၊ မန္တလေးနဲ့မော်လမြိုင်မှာ တစ်လစီနေပြီး လေ့လာတယ်၊ ဒါက ဒီကျမ်းအတွက် လေ့လာမှုအစပါ၊ နောက်တော့ ကယ်လီဖိုးနီးယားမှာရော၊ မြန်မာနိုင်ငံမှာရော မြန်မာတွေနဲ့တွေ့ဆုံပြီး ထဲထဲဝင်ဝင် ဆက်လေ့လာတယ်"

"ဟုတ်ကဲ့ပါ"

"ဒီကျမ်းမှာ Sketch ဆိုတဲ့ စကားကို ပဏာမလေ့လာချက်ဆိုတဲ့အဓိပ္ပာယ်နဲ့ သုံးထားကြောင်း ကျမ်းပြုသူက ရေးထားတယ်၊ အင်မတန်သိမ်မွေ့တဲ့ကိစ္စတွေကို ဆက်ပြီးသုတေသနပြုဖို့ ရှိကြောင်းလည်း ဖော်ပြထားတယ်"

"ဟုတ်ကဲ့ပါ"

"ဒီကျမ်းကို ပြုစုရာမှာ သာဓကအထောက်အထားအဖြစ် လူထုဦးလှရဲ့ ပလောင်ပုံပြင်များနဲ့ တိုင်းခမ်းတီးပုံပြင်များ၊ သိန်းဖေမြင့်ရဲ့ ကျွန်တော်၏အချစ်ဦးဆိုတဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ၊ သိပ္ပံမောင်ဝရဲ့ စစ်အတွင်းနေ့စဉ် မှတ်တမ်း၊ မောင်ထင်ရဲ့ ဘဝတ္ထုနဲ့ ရှေးဝတ္ထုဖြစ်တဲ့ မာလာလင်္ကာရဝတ္ထု အဲဒီစာတွေထဲက သာဓက ထုတ်ကြောင်းလည်း ဖော်ပြထားတယ်၊ ကဲ...ပညာရှင်တစ်ယောက် ဘယ်လိုလေ့လာတယ်ဆိုတာ သိရအောင် ပြောတာပါ၊ ဝါစင်္ဂကို စရအောင်"

"ဒီအကြောင်းတွေ သိရတာကောင်းပါတယ်ဆရာ၊ မသိသေးတာတွေ အများကြီး သိရပါတယ်"

"ကဲ...ဝှိတလီရဲ့ဝါစင်္ဂခွဲပုံအကြောင်း ပြောရအောင်၊ သူကလည်း ဂျွန်အိုကယ်တို့၊ ဦးမင်းလတ်တို့လိုပဲ ပထမဆုံးဝေါဟာရစကားလုံးနဲ့ သဒ္ဒါစကားလုံးဆိုပြီး အရင်ခွဲပြီးမှ ဝေါဟာရစကားလုံးကို ဝါစင်္ဂငါးမျိုးခွဲတယ်၊ နာမ်ရယ်၊ နာမ်စားရယ်၊ ကြိယာရယ်၊ ကြိယာဝိသေသနရယ်၊ အာမေဍိတ်ရယ် အဲဒီငါးမျိုးပါ၊ သဒ္ဒါစကားလုံးကိုတော့ ပစ္စည်းရယ်၊ ဝေါဟာရစကားလုံးလည်းအပြည့်အဝမဟုတ်၊ သဒ္ဒါစကားလုံးလည်း အပြည့်အဝမဟုတ်ဘဲ ကြားအဆင့်မှာရှိတဲ့ စကားလုံးတွေရယ်ဆိုပြီး နှစ်မျိုးခွဲတယ်"

"ဝေါဟာရစကားလုံးမှာ ဝါစင်္ဂငါးမျိုးခွဲတာက တခြားကပညာရှင်တွေနဲ့ ဘယ်လိုကွာပါသလဲဆရာ"

"အခြေခံကတော့အတူတူပါပဲ၊ ဝေါဟာရစကားလုံးတွေကို သဒ္ဒါအလုပ်၊ သဒ္ဒါတာဝန်အရခွဲတယ်၊ နာမ်ဆိုရင် အစိတ်အပိုင်းတစ်ခုရဲ့ဦးဆောင်အဖြစ် ရပ်တည်နိုင်တယ်၊ နောက်က မျိုးပြလိုက်နိုင်တယ်၊ 'ဟာ၊ က၊ ကို' စတဲ့ နောက်ဆက်တွေ တွဲနိုင်တယ်၊ အဲဒီလို သဒ္ဒါအလုပ်တာဝန်တွေကို အခြေခံပြီး နာမ်လို့သတ်မှတ်တာပါ"

"မှတ်သားစရာပါပဲဆရာ"

"အဲဒီလိုပဲ၊ နာမ်စားကျတော့ နာမ်တွေ၊ နာမ်ပုဒ်တွေကို သုံးနိုင်တယ်၊ ပုဂ္ဂိုလ်၊ အရာဝတ္ထုကို မူတည်ပြီး ပြောသူ၊ နာသူ၊ တခြားသူဆိုပြီး ခွဲနိုင်တယ်၊ ပုံမှန်သုံး၊ အယဉ်သုံး၊ ရင်းရင်းနှီးနှီးသုံး၊ စားသုံးပေသုံး ဆိုတာမျိုး နာမ်စားအမျိုးမျိုးခွဲတယ်၊ အဲဒီမှာ သတိပြုစရာက နာမယောဂလို့ခေါ်တဲ့တခြားသူနာမ်စားဖြစ်တဲ့ 'သူ'ဟာ ယောကျ်ားရော မိန်းမရော နှစ်ဖက်စလုံးသုံးတဲ့ နာမ်စားပါလို့ ဖော်ပြထားခြင်းပါပဲ"

"'သူမ' ဆိုတာ မြန်မာလိုမဟုတ်ဘူးဆိုတာ နိုင်ငံခြားသားပညာရှင်တွေကတောင် ကွဲကွဲပြားပြားသိတယ်နော်ဆရာ"

"အင်း... ထားပါတော့"

"ဟုတ်ကဲ့"

"ကြိယာကျတော့ ကြိယာပုဒ်ရဲ့ဦးဆောင်အဖြစ် ရပ်တည်နိုင်တယ်၊ ရှေ့က 'မ' ရှေ့ဆက်တိုက်ရိုက်တွဲပြီး မဟုတ်ပြကြိယာ လုပ်နိုင်တယ်၊ နောက်က 'တယ်'၊ 'မယ်' စတဲ့ နောက်ဆက်တွေတွဲနိုင်တယ်၊ အဲဒီလိုမှတ်ကျောက်တွေနဲ့ စိစစ်ပြီး သတ်မှတ်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ၊ ကြိယာကို ဝါကျထဲမှာ ဘယ်လိုစကားတွေနဲ့ တွဲနိုင်တယ်ဆိုတာမျိုး လေ့လာတာပေါ့နော် ဆရာ"

"ဒီသဘောပါပဲ၊ ဝှိတလီက ကြိယာဝိသေသနကို ဝါစင်္ဂတစ်ခုအဖြစ် သတ်မှတ်တယ်၊ 'တယ်လှပါလား' ဆိုတဲ့ အသုံးမျိုးက 'တယ်' ရယ်၊ 'အင်မတန်၊ အမြဲတမ်း၊ မုချ' ဆိုတဲ့ စကားမျိုးတွေရယ်ကို ကြိယာဝိသေသနစစ်စစ်လို့ သတ်မှတ်ထားတယ်၊ များသောအားဖြင့်ကတော့ ကြိယာရဲ့ရှေ့က ရှေ့ဆက်အ-တွဲတာတို့၊ ကြိယာကို နှစ်ထပ်ပြုတာတို့လုပ်ရင် ကြိယာဝိသေသနဖြစ်လာတာပဲ၊ တချို့ကြိယာဝိသေသန တွေကတော့ ပုံသေတွဲထားတဲ့ စကားစုဖြစ်နေလို့ ထပ်ခွဲလို့မရတဲ့ စကားလုံးတွေ အဖြစ်ယူဆကြတယ်၊ အဲ... ဘယ်စကားလုံးက ဘယ်လိုရင်းမြစ်က ဆင်းသက်တယ်ဆိုတဲ့ ရင်းမြစ်ပညာရှင်တွေဆိုရင်တော့ ခွဲလို့ရရင်ရမှာပေါ့၊ သာမန်လူတွေကတော့ ခွဲလေ့ မရှိပါဘူး၊ 'ခဏတစ်ဖြုတ်' ဆိုပါတော့၊ ဒီအတွဲက ပုံသေဖြစ်နေပြီ၊ 'ခဏ' နဲ့ 'တစ်ဖြုတ်' နဲ့ ခွဲလို့ မရတော့ဘူး၊ 'တစ်ခါတလေ'တို့၊ 'လုံးဝ' တို့၊ 'ဖြုန်းခနဲ' တို့လည်း အဲဒီလိုပဲ ဆိုပြီး ပြထားတယ်"

> **"ဒီသဘောပါပဲ၊ ဝှိတလီက ကြိယာဝိသေသနကို ဝါစင်္ဂတစ်ခုအဖြစ် သတ်မှတ်တယ်၊ 'တယ်လှပါလား' ဆိုတဲ့ အသုံးမျိုးက 'တယ်' ရယ်၊ 'အင်မတန်၊ အမြဲတမ်း၊ မုချ' ဆိုတဲ့ စကားမျိုးတွေရယ်ကို ကြိယာဝိသေသနစစ်စစ်လို့ သတ်မှတ်ထားတယ်၊ များသောအားဖြင့်ကတော့ ကြိယာရဲ့ရှေ့က ရှေ့ဆက်အ-တွဲတာတို့၊ ကြိယာကိုနှစ်ထပ်ပြုတာတို့လုပ်ရင် ကြိယာဝိသေသနဖြစ်လာတာပဲ၊ တချို့ကြိယာဝိသေသနတွေကတော့ ပုံသေတွဲထားတဲ့ စကားစုဖြစ်နေလို့ ထပ်ခွဲလို့မရတဲ့ စကားလုံးတွေ အဖြစ်ယူဆကြ"**

"ဟုတ်ကဲ့ပါ"

"အာမေဍိတ်ကို ဝါစင်္ဂသတ်မှတ်တာကတော့ ဂျွန်အိုကယ်တို့၊ ဦးမင်းလတ်တို့လိုပါပဲ၊ 'ဟယ်၊ ဟာ၊ ဟော၊ ဟင်၊ သြော်၊ အဲ၊ အို' ဆိုတဲ့ စကားမျိုးတွေပေါ့၊ 'အမလေး' လို စကားမျိုးလည်းပါတယ်၊ နာမ်တွေ၊ ကြိယာတွေ၊ ပုဒ်တွေ၊ ဝါကျခွဲတွေကိုလည်း အာမေဍိတ်အဖြစ် သုံးကြတယ်တဲ့"

"သဒ္ဒါစကားလုံးတွေကို ဝါစင်္ဂခွဲရာမှာတော့ ပစ္စည်းလို့ ခြုံပြီးခေါ်တာပါပဲ၊ ပစ္စည်းတွေက ကိုယ့်ဟာကိုယ် မရပ်တည်နိုင်ဘူး၊ ပြီးတော့ ပုဒ်ထဲမှာ ပစ္စည်းဟာ ဦးဆောင်စကားလုံးမဖြစ်နိုင်ဘူး၊ သူ့ရှေ့က ဝဏ္ဏနဲ့ အရပ်အနားမရှိဘဲ တစ်ဆက်တည်း ဆက်စပ်နေတယ်ဆိုတဲ့ အချက်တွေနဲ့ စိစစ်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"စိတ်ဝင်စားစရာတစ်ခုက သဒ္ဒါစကားလုံးတချို့က အဓိပ္ပာယ်ရှိတဲ့ ဝေါဟာရစကားလုံးတွေနဲ့ အဆက်အစပ်ရှိပုံကို ပြထားတာပါ၊ ဆိုပါစို့ 'ပြီးဆုံးတယ်' ဆိုတဲ့ 'ပြီး' ဟာ ဝေါဟာရစကားလုံးမှာပဲ ပြောစကားအနေနဲ့ အသံထွက်တော့ 'ပီး' ပေါ့၊ အဲဒီပီးဟာ 'လာပြီ'၊ 'သွားပြီ' ဆိုတဲ့ စကားမှာပါတဲ့ 'ပြီ' နဲ့ အဲ... အပြောစကားမှာတော့ 'ပီ' ပေါ့၊ အဲဒီ 'ပီ' နဲ့ ခုနကပြောတဲ့ 'ပီး' ဟာ ဆက်စပ်မှုရှိမှာပေါ့၊ ပီးနဲ့ပီ တက်ကျသံပဲကွာတာလေ၊ အဲဒီလိုပဲ ဒီဟာ၊ ဟိုဟာဆိုတဲ့ 'ဟာ' နဲ့ 'သူဟာတော်တော် ဆိုးတယ်' ဆိုတဲ့ ဝါကျထဲက 'ဟာ' နဲ့ ဘယ်လိုဆက်စပ်မှုရှိသလဲ၊ ဝေါဟာရစကားလုံး တွေကနေပြီး သဒ္ဒါစကားလုံးတွေ ဆင်းသက်တာလား၊ ဒါလည်း လေ့လာစရာပဲလေ"

"ဟုတ်ပါတယ် ဆရာ"

"နောက်ဝါစင်္ဂတစ်မျိုးကတော့ ရှေ့မှာ ပြောခဲ့တဲ့အတိုင်း ဝေါဟာရစကားလုံးစစ်စစ်နဲ့ ကြားအဆင့်မှာရှိတဲ့ စကားလုံးမျိုးပဲ၊ မြင်သာအောင်ပြောရရင် ဟိုမရောက် ဒီမရောက်အဆင့်ပေါ့"

"အဲဒါ ဘယ်လို စကားလုံးမျိုးပါလိမ့်ဆရာ"

"ဝှိတလီပြထားတဲ့သာဓကက 'အတွက်' ဆိုတဲ့သာဓကပဲ၊ 'သူ့အတွက်' ဘာလုပ်တယ် ညာလုပ်တယ်ဆိုတာမျိုးသုံးရင် 'အတွက်' ဟာ ပစ္စည်းပဲ၊ သဒ္ဒါစကားလုံးပဲ၊ 'ဟာ တို့၊ က တို့၊ ကို တို့'လို ပစ္စည်းတွေနဲ့ မတူတာကတော့ 'အတွက်' ဟာ ရှေ့က စကားလုံးတွေနဲ့ တစ်ဆက်စပ်တည်း ပူးကပ်နေတာမဟုတ်ဘဲ သီးခြား ရပ်တည်နိုင်တယ်၊ ပြီးတော့ အ-ရှေ့ဆက်တွဲတဲ့ နာမ်ပုံစံမျိုးပဲ၊ ဒီတော့ ဝေါဟာရ စကားလုံးနဲ့ ပုံစံတူတာပေါ့"

"ဆရာမကြီး ဒေါက်တာဖေ့ရဲ့ဝါစင်္ဂခွဲပုံမှာလည်း 'အတွက်' တို့၊ 'အဖြစ်' တို့လို ဝါစင်္ဂတစ်ခုအဖြစ် ခွဲပြထားတယ်မဟုတ်လား ဆရာ"

"ဟုတ်တာပေါ့၊ ဝှိတလီက အဲဒီစကားလုံးမျိုးကို ဝါစင်္ဂတစ်ခုအဖြစ် သီးခြားပြထားတာပါပဲ၊ ကဲ... နားကြဦးစို့"

# ဗက်တီးရီးယားတွေကို အံ့မခန်းတိုက်ဖျက်နိုင်တဲ့ သဘာဝပျားရည်

**ကလျာမိုးမြင့်**

လူသားတွေဟာပျားရည်ကို ကျောက်ခေတ်ကတည်းက နှစ်ခြိုက်စွာ သုံးစွဲလာခဲ့ကြပါတယ်။ ဘီစီ ၇၀၀၀ လောက်မှာ ပျားဖယောင်းကိုရှာတွေ့ခဲ့ကြပြီး အများစုက မိုးရေမစိုစွတ်ဖို့ အကာအရံအနေနဲ့ အသုံးပြုခဲ့ကြပါတယ်။

ရှေးခေတ်အီဂျစ် လူမျိုးတွေဟာ ပျားရည်ကို နတ်ဘုရားတွေကို ပူဇော်ပသခဲ့ကြပြီး အဲဒီကနေ ဂရိ၊ ရောမနဲ့ တရုတ်လူမျိုးတွေဟာဆိုရင် ပျားရည်ကို ထိခိုက်ဒဏ်ရာတွေ၊ ဖျားနာ တာတွေနဲ့ အစာအိမ်ရောဂါတွေကို ကုသဖို့အတွက် ထည့်သွင်းအသုံးပြုလာခဲ့ကြပါတယ်။

ယနေ့ခေတ်မှာဆိုရင်တော့ ပျားရည်ရဲ့တန်ဖိုးကို သိလာကြတဲ့ ဝါဒဖြန့်ကြော်ငြာသူတွေက ပျားရည်ရဲ့အံ့သြလောက်တဲ့ ဂုဏ်သတ္တိတွေကို ထုတ်ဖော်လာကြပါတယ်။ ပျားရည်ဟာ ကင်ဆာကိုကာကွယ်နိုင်တယ်။ နှလုံးရောဂါမဖြစ်အောင်တားဆီးပေးနိုင်တယ်။

အစာအိမ်လမ်းကြောင်းမှာဖြစ်တဲ့ ပြဿနာတွေကို လျှော့ချပေးနိုင်တယ်။ ပြည်တည်တဲ့အနာတွေကို သက်သာစေနိုင်တယ်။

သွေးတွင်းသကြား ပမာဏကို လျှော့ချပေးနိုင်တယ်။ လည်ချောင်းနာခြင်းကို သက်သာပျောက်ကင်းစေနိုင် တယ်။ ချောင်းဆိုးခြင်းကို ကုသနိုင်တယ်။ ပြေးခုန်ပစ်အားကစားသမားတွေကို ပိုပြီးစွမ်းဆောင်ရည်မြင့်မားစေနိုင်တယ်စသဖြင့် ပျားရည်ရဲ့ မကုန်ခန်းနိုင်တဲ့ ကောင်းကျိုးတွေကို တွေ့မြင်လာရပါတယ်။

**ပျားရည်ရဲ့ဂုဏ်သတ္တိ**

ပျားရည်ဟာ ဗက်တီးရီးယားတွေ ကို သေစေနိုင်တဲ့စွမ်းအားရှိတယ်ဆိုတာကို သံသယဖြစ်စရာမရှိပါဘူး။ ပျားရည် ဟာ အစာအဆိပ်ဖြစ်စေနိုင်တဲ့ ဗက်တီးရီးယားပိုးနဲ့ အားစိုက်ဇီဇများစွာကိုဆန့်ကျင်ရာမှာ သိပ်ပြီးထိရောက်မှုရှိတာကို လေ့လာမှုရလဒ်တွေက ပြသခဲ့ပါတယ်။

မာနူကာပျားရည်လို့ခေါ်တဲ့ နယူးဇီလန်က ထွက်တဲ့ပျားရည် အမျိုးအစားနဲ့ မလေးရှားကထွက်တဲ့ Tualang ပျားရည်အမျိုးအစားဟာဆိုရင် ပြည်တည်နာဖြစ်စေတဲ့ ဗက်တီးရီးယားပိုးနဲ့ အစာချေစနစ်ကို ဒုက္ခပေးတဲ့ ဗက်တီးရီးယားပိုးကို တိုက်ဖျက်နိုင်တာကို တွေ့ရှိ ရတယ်လို့ ဆိုပါတယ်။ ဒီဗက်တီးရီးယားပိုးတွေဟာ H.pylori လို့ခေါ်တဲ့ အစာအိမ်၊ အူသိမ် အနာကို ဖြစ်ပွားစေပြီး ပျားရည်က ဒီဗက်တီးရီးယားတွေကို ကောင်းကောင်း တိုက်ထုတ်ပစ်နိုင်ပါတယ်။ သေးငယ်တဲ့ ဗက်တီးရီးယားတွေကို ပျားရည်က ဘာကြောင့်တိုက်ထုတ်နိုင်တာလဲ ပျားကောင်အများစုဟာ ပန်းပွင့်တွေရဲ့ဝတ်မှုန်ကနေ ဓာတ်စုပေါင်း မှုကိုဖြစ်စေပြီး ပျားရည်ထဲမှာ ဟိုက်ဒရိုဂျင်ပါ အောက်ဆိုက်ကို ထည့်သွင်းလိုက်ပါတယ်။



ဒီလိုပေါင်းထည့်လိုက်တဲ့ပျားရည်ဟာ သဘာဝအလျောက် အက်စစ်ဓာတ် ပါဝင်မှုရှိနေပြီး ဗက်တီးရီးယားတွေကို ဆန့်ကျင်တဲ့ ဂုဏ်သတ္တိတွေထွက်ပေါ်လာရပါတော့တယ်။

**စီအင်န်အင်န်**

ခရီးသွားဆောင်းပါး

# မွေတော်ကက္ကူဆီသို့

မောင်မောင်မြင့်ဆွေ



ဓာတ်ပုံ - ခင်ဇွန်ဇာလင်း

ကားပေါ်မှဆင်းလိုက်သည်နှင့် လက်ကိုင်ဖုန်းမှ နာရီကိုကြည့်လိုက်ရာ ညနေ ၃ နာရီခွဲ။ တောရိပ်၊ တောင်ရိပ်များကြောင့် ညနေအလင်းရောင်က အားဖျော့နေသယောင်။ ရှေ့တူရူကို လှမ်းကြည့်လိုက်ရာ ပုံစံတူစေတီများ၏အပေါ်ပိုင်းသို့ ကျရိပ်သန်းနေသည့် ညနေအလင်းရောင်က နှုတ်ဆက်ပက်ဖျန်းလျက်၊ ကြည်ညိုသပ္ပာယ်စရာကောင်းသည့်စေတီများ သို့မဟုတ် မွေတော်ကက္ကူဘုရားမြင်ကွင်းက ဖူးတွေ့ရသူများအတွက် စိတ်နှလုံးကြည်မွေ့ ငြိမ်းချမ်းဖွယ်ရာပင်။

မြေစိုက်စေတီပေါင်း ၂၄၀၀ခန့်ရှိသော မွေတော်ကက္ကူဘုရားက သမိုင်းဝင်ဘုရားစေတီများဖြစ်ရာ ထင်ရှားလေသည်။ ကနဦး စတင်တည်ထားခဲ့သော စေတီများအနက် အချို့မှာ ငလျင်ဒဏ်ကြောင့် ထီးတော်စောင်းခြင်း၊ စေတီအပေါ်ပိုင်းအချို့ ပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရသဖြင့် ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းထားကြောင်း သိရှိရသည်။

## များပြား

ဖိနပ်ကိုကားပေါ်မှာပင် ချွတ်ထားခဲ့ပြီးနောက် စေတီတော်များ တည်ရှိရာသို့ သွားရောက်ဖူးမြော်ရန် မုခ်ဦးဝသို့ လမ်းလျှောက်လာခဲ့သည်။ မွေတော်ကက္ကူဘုရားတည်ရှိရာ မုခ်ဦးရှေ့ မြေကွက်လပ်နှင့် ဝဲဘက်သစ်ပင်များအောက်တွင် ဘုရားဖူးယာဉ်ကြီး၊ ယာဉ်ငယ်များကို တွေ့ရသည်။ ဘုရားဖူးရာသီဖြစ်သည့်အတွက် မွေတော်ကက္ကူဘုရားသို့ လာရောက်ဖူးမြော်ကြသူများပြားကြောင်း သတိပြုမိသည်။

ကျွန်တော်တို့က တောင်ကြီး-အင်းလေး-ပင်းတယ ခရီးစဉ်သို့ သွားရောက်ရာတွင် လမ်းခရီး၌ရှိသော မွေတော်ကက္ကူဘုရားသို့ ဝင်ရောက်ဖူးမြော်ကြခြင်းဖြစ်သည်။ တောင်ကြီးမြို့မှ ၃၃ မိုင်ခန့်ဝေးသော မွေတော်ကက္ကူဘုရားသို့ ကားဖြင့် ခပ်မှန်မှန်မောင်းနှင်လာရာ အချိန် နှစ်နာရီခန့်ကြာမြင့်လေသည်။ လမ်းခရီးတွင် ရှမ်းတိုင်းရင်းသားကျေးရွာနှင့် ပအိုဝ်းတိုင်းရင်းသားကျေးရွာများကို ဖြတ်သန်းလာခဲ့ရသည်။ တကယ်တော့ မွေတော်ကက္ကူဘုရားက ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကျောက်တစ်လုံးကြီးမြို့နယ် နောင်ခဲ့င်းကျေးရွာအုပ်စု မွေတော်ရွာအနီးတွင် တည်ရှိနေခြင်းဖြစ်သည်။

ကျွန်တော်တို့က မြင်းမထိလိုဏ်ဂူသို့ သွားရောက်ခဲ့ပြီးနောက် ဘုရားများဖူးမြော်ကာ သက်သတ်လွတ်ထမင်းဟင်းများ လှူဒါန်းသည့်နေရာတွင် နေ့လယ်စာစားသောက်ခဲ့ပြီး မွေတော်ကက္ကူဘုရားသို့ လာရောက်ခဲ့ကြခြင်းဖြစ်သည်။ ဤဒေသသည် စိုက်ပျိုးရေးဖြစ်ထွန်းရာ ဒေသဖြစ်၍လားမသိ၊ လမ်းဘေးဝဲယာတွင် ကြည့်လေတိုင်း စိုက်ခင်းများကို နေရာအနှံ့တွေ့ရသည်။ ကြက်သွန်ဖြူ၊ ချင်း၊ နနွင်း၊ ပန်းဂေါ်ဖီ၊ ပန်းမျိုးစုံတို့စိုက်ပျိုးဖြစ်ထွန်းရာ ဒေသစိုက်ပျိုးထွက်ကုန်များက စျေးနှုန်းလည်း သက်သာလေသည်။

ထူးထူးခြားခြားအဖြစ် မြင်းမထိလိုဏ်ဂူ၏အပြင်ဘက် သက်သတ်လွတ်ထမင်းဟင်းများ လှူဒါန်းကျွေးမွေးရာအနီး ဒေသခံတိုင်းရင်းသားများရောင်းချသည့် ဒေသထွက်စိုက်ပျိုးကုန်များအနက် ရေကန်စွန်းဥများကိုတွေ့၍ ဝယ်ခဲ့သည်။ ပြုတ်ပြီးစားစရာမလိုဘဲ၊ အစိမ်းအတိုင်းအခွံနွှာပြီး စားရုံဖြစ်၍ လွယ်ကူသောကြောင့် အမြည်းသဘောမျိုးစားကြည့်ရာ ချိုအေးပြီး အရသာရှိသဖြင့် ဝယ်ယူလာခဲ့သည်။ ဆီးချိုသွေးတိုးရောဂါရှိသူများ စားသုံးသင့်ကြောင်း သိရသည်။

ယခု မွေတော်ကက္ကူဘုရားမုခ်ဦးအဝင်မှ အတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် မြေစိုက်စေတီများရှေ့တွင် အမှတ်တရဓာတ်ပုံရိုက်နေသူများ၊ စေတီများ တည်ဆောက်ထားခဲ့မှုကို စိတ်ဝင်စားစွာ စူးစမ်းလေ့လာသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ ညနေခင်းနေရောင်က ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားပရိဝုဏ်အတွင်း ပူဇော်နေသကဲ့သို့ ဖြာဆင်းကျလျက်ရှိရာ ရွှေရောင်ဝင်းဝါနေသော စေတီများ၏အပေါ်ပိုင်းဖြစ်သော ထီးတော်၊ ခေါင်းလောင်း၊ ကြာမှောက်ကြာလှန်၊ ဖောင်းရစ်များအပေါ် ဆလိုက်မီးရောင် ထိုးထားသကဲ့သို့ သပ္ပာယ်စရာကောင်းနေသည်။

## ခေါ်ဝေါ်

မွေတော်ကက္ကူဘုရားများ၏ အလယ်တွင် ကွန်ကရစ်လမ်းငယ်ခင်းထားသည်ဖြစ်ရာ စေတီများတည်ထားမှုကို အနီးကပ်ဖူးတွေ့ခွင့်ရရှိသည့်အပြင် စေတီများအကြား ဝင်ထွက်သွားလာကာ စိတ်တိုင်းကျ လေ့လာဖူးမြော်နိုင်လေသည်။ မွေတော်ကက္ကူဘုရားကို ဒေသခံတို့က ကက္ကူမွေတော်ဘုရားဟူ၍လည်းကောင်း၊ မွေတော်ဟူသောစကားကို ချန်ထားပြီး ကက္ကူဘုရားဟူ၍လည်း ခေါ်ဝေါ်ကြကြောင်း သိရသည်။

ပအိုဝ်းတိုင်းရင်းသားစကားအရ ကက္ကူတွင် အသံနှစ်မျိုးပေါင်းစပ်ထားခြင်းဖြစ်ရာ ကက်(ကဲက်)+ကူ=ကက္ကူဖြစ်သည်။ “ကက်(ကဲက်)” အဓိပ္ပာယ်မှာ ကင်းစခန်းဖြစ်ပြီး “ကူ”မှာ နယ်ခြားဖြစ်သည်။ အသံနှစ်ခု ပေါင်းစပ်လျှင် ကက္ကူဆိုသည်မှာ နယ်ခြားစခန်းဖြစ်ကြောင်း သိရသည်။ ဤနေရာသည် ရှေးအခါက ဆီဆိုင်စော်ဘွားနှင့် ညောင်ရွှေစော်ဘွားတို့၏ နယ်နိမိတ်အစပ်ဖြစ်ရာ “နယ်ခြားကင်းစခန်း”နေရာဖြစ်ပြီး ဤနေရာတွင် တည်ထားသောစေတီဘုရားကို ကက္ကူဘုရားဟုခေါ်ဆိုခြင်းဖြစ်သည်။

## ပါဝင်ခဲ့

မွေတော်ကက္ကူဘုရားကို ရှင်သောနနှင့် ရှင်ဥတ္တရ အမည်ရှိ ရဟန္တာမထေရ်မြတ်များနှင့် သီရိဓမ္မာသောကမင်းကြီးတို့က တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်ပြီး သာသနာတော် ၂၁၈ သို့ ရောက်သောအခါ တတိယသင်္ဂါယနာတင်ပွဲအောင်မြင်ပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ် စေတီပေါင်း ၈၄၀၀၀ ကို တည်ထားခဲ့ရာတွင် မွေတော်ကက္ကူဘုရားလည်း တစ်ဆူအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများတွင် လေ့လာခဲ့ရဖူးသည်။

ကျွန်တော်တို့ မွေတော်ကက္ကူစေတီစု ပရိဝုဏ်အတွင်း ဖြည်းဖြည်းချင်းလမ်းလျှောက် လေ့လာဖူးမြော်ခဲ့ရာ စေတီစုမြောက်ဘက်တွင် ရဟန္တာသိမ်တော် တည်ရှိပြီး မွေတော်ကက္ကူစေတီ၏ အနောက်ဘက်၌ ရွှေဝက်ကူးစေတီ တည်ရှိသည်ကို ဖူးမြော်ခဲ့ရသည်။ ရှေးခေတ်က ဤနေရာအနီးဝန်းကျင်တွင် ရွှေရောင်အဆင်းရှိသော ဝက်များ နေထိုင်ကျက်စားခဲ့ကြပြီး မွေတော်ကက္ကူဘုရားကို အမြဲလာရောက်ဖူးမြော်ကာ ထိန်းသိမ်းစောင့်ရှောက်ကြကြောင်း မှတ်တမ်းများအရ သိရသည်။ ရွှေဝက်များ ကူးချည် သန်းချည် သွားလာခဲ့သည်ကို အစွဲပြုပြီး ရွှေဝက်ကူးဘုရားဟု ခေါ်တွင်ခဲ့ခြင်းဖြစ်ပြီး အနီးဝန်းကျင်တွင်လည်း ရွှေဝက်များနေထိုင်ခဲ့ရာ ဂူတစ်ဂူရှိရာ ရွှေဝက်ဂူဟုခေါ်ဆိုကြောင်း၊ ဂူအနီးတည်ထားသော ဘုရားတစ်ဆူကိုလည်း ရွှေဝက်ဂူဘုရားဟုခေါ်ဆိုကြကြောင်း ရှေးဟောင်းပအိုဝ်းပုရပိုက်စာတွင် တွေ့ရှိလေ့လာခဲ့ဖူးသည်။

## မှတ်တမ်းတင်

မွေတော်ကက္ကူဘုရားစု၏ အရေအတွက်ကို အလွယ်တကူမှတ်ယူနိုင်ရန် ‘တောင်သူကွမ်းညှပ်၊ တဖြတ်ဖြတ်’ဟု မှတ်တမ်းတင်ထားခဲ့သည်ဖြစ်ရာ ‘တောင်သူကွမ်းညှပ်’စကားအရ စတည်စဉ်က စေတီပေါင်း ၇၆၂၃ ဆူရှိကြောင်း၊ ‘တဖြတ်ဖြတ်’မှာ အသံကာရံလိုက်၍ ဖြည့်ထားသောစကားဖြစ်ကြောင်း သိရသည်။

မွေတော်ကက္ကူစေတီစုများထဲမှ ဖောင်တော်သိုက်စေတီ၏ ဂန္ဓကုဋိအနောက်ဘက် အုတ်နံရံတွင် မင်ဖြင့် မွေတော်ကက္ကူစေတီစု၏ အရေအတွက်ကို မှတ်တမ်းတင်ထားမှုအရ သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်တွင် ၂၅၄၈ ဆူရှိကြောင်း မှတ်သားခဲ့ရသည်။ မွေတော်ကက္ကူစေတီကို စတင်တည်ထားခဲ့သည့် ဘီစီ ၃၀၇ မှ စတင်လျှင် နှစ်ပေါင်း ၂၃၀၀ ကျော်ရှိခဲ့ပြီး ထပ်မံပြုပြင်တည်ထားခဲ့သည့် ပုဂံဘုရင်နရပတိစည်သူမင်းလက်ထက် မြန်မာသက္ကရာဇ် ၅၃၇ ခုနှစ်မှ စတင်လျှင် နှစ်ပေါင်း ၈၂၅ နှစ်ရှိခဲ့ပြီဖြစ်သည်။ မွေတော်ကက္ကူစေတီစု ပရိဝုဏ်အတွင်း ကြေးပိသာ ၂၂၀ ရှိသော ကြေးခေါင်းလောင်းကြီးမှာလည်း လွန်ခဲ့သော နှစ်ပေါင်း ၂၂၆ နှစ်ကြာက သွန်းလောင်းလှူဒါန်းထားခဲ့သည်ကို တွေ့ရသည်။ နောက်ထပ်ကြေးပိသာ ၄၅၀ ရှိသော ကြေးခေါင်းလောင်းတစ်လုံးကိုလည်း လွန်ခဲ့သော နှစ်ပေါင်း ၁၂၀ ကျော်က လှူဒါန်းထားခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရသည်။


## ဝယ်ယူ

ကျွန်တော်တို့ မွေတော်ကက္ကူစေတီစုများကို လိုက်လံလေ့လာဖူးမြော်ပြီးနောက် ဘုရားပရိဝုဏ်အတွင်းမှ ပြန်ထွက်လာခဲ့ပြီး အနီးရှိမွေတော်ကက္ကူဘုရား စျေးသို့ သွားရောက်ခဲ့ကြသည်။ ညနေစောင်းနေပြီဖြစ်ရာ ဆိုင်အချို့သိမ်းနေကြပြီဖြစ်၍ စျေးအဝင်ပေါက်အနီး မြေပြင်တွင် ရောင်းနေသော ဒေသထွက်ကုန်များကို လိုက်လံကြည့်ရှုလေ့လာမိသည်။ ကြက်သွန်ဖြူဥတစ်လုံး၊ လက်ဖက်ခြောက်၊ မြေပဲ၊ ပျားရည်၊ လိမ္မော်သီး၊ နေကြာစေ့များက စျေးသက်သာသဖြင့် ဝယ်ယူခဲ့သည်။ အခြားဘုရားဖူးများကလည်း ဝယ်ယူကြသည်ကို တွေ့ရသည်။

မွေတော်ကက္ကူဘုရားစျေးနှင့် မွေတော်ကက္ကူဘုရား ပရိဝုဏ်အကြားတွင် ကြီးမားသော သစ်ပင်ကြီးများ တွေ့ရသဖြင့် ပင်းတယဂူ အဝင်ကားလမ်းဘေးအနီး ညောင်ပင်ကြီးများကို သတိရမိသည်။ သက်တမ်းရင့်သစ်ပင်ကြီးများဖြစ်၍ ထူးခြားသော ပင်စည်ကြီးများနှင့် အကိုင်းများကြီးမားနေခြင်းဖြစ်ပြီး ဤဒေသတွင် ထူးထူးခြားခြား ပေါက်ရောက်ရှင်သန်နေခြင်း ဖြစ်သည်။

မွေတော်ကက္ကူစျေးမှ ပြန်ထွက်လာပြီး ပြန်ရန်ကားပေါ်တက်ခဲ့သည်။ မွေတော်ကက္ကူဘုရားများဘက်သို့ လှမ်းပြီးဖူးမြော်လိုက်ရာ အမှောင်ရိပ်သိမ်းစပြုနေပြီဖြစ်သော်လည်း မွေတော်ကက္ကူစေတီစုများက လျှပ်စစ်မီးရောင်ကြောင့် ကြည်ညိုသပ္ပာယ်စရာကောင်းနေသည်။ အအေးဓာတ်လွှမ်းခြုံလာသော ရှမ်းပြည်နယ် ညနေပိုင်းက အေးစိမ့်စိမ့်ဖြစ်လာသည်။ အပြန်လမ်းတစ်လျှောက် မွေတော်ကက္ကူစေတီစု ပုံရိပ်များက အာရုံထဲဝေ့ဝဲနေရာ အတွေးဖြင့် ဖူးမြော်မဆုံးဖြစ်နေဆဲ။ ကြည်ညိုပီတိပွားများနေဆဲ။ ။

“မွေတော်ကက္ကူဘုရားစု၏ အရေအတွက်ကို အလွယ်တကူမှတ်ယူနိုင်ရန် တောင်သူကွမ်းညှပ်၊ တဖြတ်ဖြတ်ဟု မှတ်တမ်းတင်ထားခဲ့သည်ဖြစ်ရာ တောင်သူကွမ်းညှပ်စကားအရ စတည်စဉ်က စေတီပေါင်း ၇၆၂၃ ဆူရှိကြောင်း၊ တဖြတ်ဖြတ်မှာ အသံကာရံလိုက်၍ ဖြည့်ထားသောစကားဖြစ်ကြောင်း သိရသည်”



# ချန်ထားရစ်ခဲ့သော နှလုံးသားသံစဉ်များ

မြင့်စိုး (နတလ)




သူတို့လေးတွေအားလုံး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိသွားကြပေပြီ။ အချို့က မြစ်ကြီးနား၊ အချို့က ပူတာအို။ ချင်းပြည်နယ် တောင်ပိုင်း ဒေသ ပလက်ဝမြို့နယ်နှင့် ရှင်းလက်ဝဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူလေးများကတော့ အနည်းငယ်နောက်ကျပြီးမှ ရောက်လာသည်။ ပလက်ဝမှ ရှင်းလက်ဝခရီးက တစ်ရက်ခွဲခန့်အချိန်ယူကာ ထပ်၍သွားရကြောင်း သိရသည်။ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်အတွင်းမှလာသော လေ့လာရေးအဖွဲ့ဝင် ရှမ်း၊ "ဝ"၊ လားဟူ တိုင်းရင်းသား တိုင်းရင်းသူလေးများသည်လည်း ထိုနည်းနှင်နှင်ပင်။ နေပြည်တော်မှ တောင်ကြီးသို့ တစ်ရက်၊ တောင်ကြီးမှ မိုင်းပျဉ်းသို့ တစ်ရက်၊ မိုင်းပျဉ်းမှ မက်မန်းသို့ တစ်ရက်၊ မက်မန်းမှ သူတို့ရွာများဖြစ်သော ဆွတ်ဝိုး၊ ပန်ပွဲ၊ ငှက်ယောင်း၊ ကွန်ဟောင်းကြီး၊ ဝမ်စလောင်း၊ ရောင်အူ၊ အောင်သံလွင် အစရှိသည့်နေရာများသို့ အရောက်ဆိုလျှင် စုစုပေါင်း သုံးရက်ခွဲခန့်ကြာသောခရီးဖြစ်ပါသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်များအတွင်းက ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူလေ့လာရေးအဖွဲ့ဝင်များကတော့ ပြန်ချိန်အနည်းဆုံးဖြစ်သည်။ ဇန်နဝါရီ ၁၃ ရက်နေ့ဥပင် နေပြည်တော်မှ မိမိကျေးရွာ၊ မိမိအိမ်အရောက် ခရီးပေါက်ခဲ့သည်။ ထိုအဖွဲ့များထဲတွင်မှ ပူတာအိုဘက်မှလာသော ရဝမ်တိုင်းရင်းသား တိုင်းရင်းသူများအတွက်ကတော့ မြစ်ကြီးနား-ပူတာအို လေယာဉ်ခရီးစဉ်တစ်ခု ပိုတိုးသွားခဲ့ရသည်ပဲပေါ့။

**လေ့လာရေးအဖွဲ့ဝင် ၁၀၀**

သူတို့လေးတွေဟု ပြောလိုက်ရခြင်းမှာလည်း အုပ်ချုပ်သူအဖြစ်လိုက်ပါလာသူ တစ်ဦးတလေကလွဲ၍ ကျန်သူအားလုံးမှာ သက်တူ၊ ရွယ်တူ။ ၁၉၊ ၂၀ မှသည် ၂၄၊ ၂၅ ပတ်ဝန်းကျင်များသာ။ ပို၍ထူးခြားသည်ကတော့ သည်တစ်ခေါက်လေ့လာရေးအဖွဲ့ဝင် ၁၀၀ ဦးထဲမှာ B.E (Mechanical) ဘွဲ့ရ ပအိုဝ်းတိုင်းရင်းသူတစ်ဦး အပါအဝင် ဘွဲ့ရ ၂၂ ဦး၊ တက္ကသိုလ်တက်ဆဲ ၃၂ ဦး၊ တက္ကသိုလ်ဝင်တန်းအောင် ၁၇ ဦး၊ အထက်တန်းဆင့် ၁၅ ဦး၊ အလယ်တန်းဆင့်ခုနစ်ဦး ပါဝင်ခဲ့ပြီး အတန်းပညာနည်းသူ ခုနစ်ဦးသာ ပါဝင်လာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

နေပြည်တော်နှင့်ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်များသွားရောက်ခဲ့ရာတွင် ဇန်နဝါရီ ၁၁ ရက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်လေ့လာခဲ့စဉ်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နေ့လယ်စာဖြင့် တည်ခင်းကျွေးမွေးခဲ့ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ဇနီး ဒေါ်ခိုင်မေကြူတို့ကလည်း ဇန်နဝါရီ ၁၀ ရက်က ညစာဖြင့် တည်ခင်းဧည့်ခံ၍ ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့သည်။

ထိုအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် "လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးရသည့် အဓိကရည်ရွယ်ချက်မှာ အမိနိုင်ငံတော်ကြီးအတွင်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမများ ပမာ၊ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လာခဲ့ကြသည့် မြန်မာတည်းဟူသော တိုင်းရင်းသားများဖြစ်ကြသည့်အတွက် မြန်မာစိတ်ဓာတ်ကိုအခြေခံ၍ ကောင်းမွန်မှန်ကန်သော ခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်"ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**သံယောဇဉ်**

နေပြည်တော်မှာ လေးရက်မျှသာ အတူတွေ့ဆုံ နေထိုင်ခွင့်ရခဲ့ကြသော်လည်း ထိုလေးရက်အတွင်း သူတို့အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ သံယောဇဉ်ရှိမှု၊ အပြန်အလှန်လေးစားမှုတို့မှာကား မည်၍မည်မျှဆိုသည်ကို ကိန်းဂဏန်းဖြင့်ဖော်ပြ၍မရပါ။ နှလုံးသားအသီးသီးတွင် နှောင်ဖွဲ့ရစ်တွယ်သွားသော သံယောဇဉ်နှင့် ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်အတွေးအခေါ် စဉ်းစားဉာဏ်တို့ဖြင့် ဦးနှောက်တွင် သိုမှီးသွားသော အသိတရားတို့မှ တစ်ဆင့် ရရှိနိုင်သည့် အညွန့်ကိန်းများ ဖြစ်နေ၍ပါတည်း။

ရန်ကုန်၌ရှိစဉ်ကာလ ရိုးရာသကြၤန်ပွဲတော် ဆင်နွှဲရန် ဖိတ်ကြားခေါ်ယူခဲ့စဉ်ကမူ ရက်ပေါင်း ၂၀ ကျော် အချိန်ယူ၍ အတူတကွနေထိုင်ကာ သင်္ကြန်ယိမ်းအကများတိုက်ကြ၊ မိမိတို့ တိုင်းရင်းသားရိုးရာအကများကို လေ့ကျင့်ကြ၊ လေ့လာရေးခရီးစဉ်များ သွားကြဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အချိန်ပို၍ကြာသွားသည်နှင့်အမျှ သံယောဇဉ်ပမာဏကလည်း ပို၍ပို၍ ကြီးမားသွားသည်မှာ အသေအချာပင်ဖြစ်၏။ ယခုကဲ့သို့ လေးရက်တာ ကာလလေးမှာပင် နတလဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီးနေထိုင်ရင်း၊ ကားတစ်စီးထဲမှာ တိုင်းရင်းသားလူမျိုးအချင်းချင်း အတူသွားလာနေထိုင် လေ့လာကြရင်းမှ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာရချိန်မှာ မျက်ရည်ကျလာသော တိုင်းရင်းသူလေးများကို တွေ့ခဲ့ရသည်။

**ဆန္ဒသဘောထားအမြင်များ**

မိမိတို့ နယ်စပ်ရေးရာဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးသော လေ့လာရေးခရီးစဉ်နှင့်ပတ်သက်၍ လေ့လာရေးအစီအစဉ်များ၊ နေထိုင်စားသောက်ရေး အခြေအနေများ အပါအဝင် လုပ်ငန်းဆောင်တာအရပ်ရပ်အပေါ် သူတို့လေးတွေ၏ တစ်ဦးချင်း ဆန္ဒသဘောထားအမြင်ကို သိလိုသောကြောင့် တောင်းခံကြည့်လိုက်သောအခါ တော်တော်များများက တူညီသော ထင်မြင်ယူဆချက်၊ အကြံပြုချက်၊ သုံးသပ်ချက်များ ပေးလာကြသည်။ သူတို့ရေးခဲ့သော အကြံပြုချက်လေးများကို ဖတ်ကြည့်ရင်း၊ သူတို့အားလုံး၏ဓာတ်ပုံများ၊ ကိုယ်ရေးအချက်အလက်များ၊ နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များ ပါဝင်သည့် မှတ်တမ်းစာအုပ်လေးကို ပြန်ကြည့်မိသောအခါ သူတို့ကိုယ်တိုင်ပြောပြနေသလို ခံစားမိသည်။ ကြားယောင်လာမိသည်။ ကြည့်လေ...။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ စတုတ္ထနှစ် (ဥပဒေ) ကျောင်းသား မောင်နော်လာက ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်လေ့လာရာတွင် လွှတ်တော်ကျင်းပနေချိန်နှင့်တိုက်ဆိုင်ပါက ပို၍ကောင်းပါမည်ဟု အကြံပြုလာသည်။

ဂျိန်းဖောတိုင်းရင်းသူ စတုတ္ထနှစ်(အင်္ဂလိပ်)ကျောင်းသူ မဒါရီပန်စင်ကလည်း တည်းခိုဆောင်များတွင် နေရာချထားသည့်အခါ ဒေသတစ်ခုချင်းအလိုက် လူမျိုးတစ်မျိုးချင်းအလိုက် မဟုတ်ဘဲ အခြားတိုင်းရင်းသူများဖြစ်သော ချင်း၊ ရှမ်း၊ "ဝ"၊ လားဟူ၊ ပအိုဝ်းတို့နှင့်အတူ နေရာချထားပေးလျှင် ပို၍ ချစ်ခင်ရင်းနှီးမှုရပါမည်...တဲ့။

**အသက်မွေးဝမ်းကျောင်း ပညာရပ်**

ပူတာအိုဒေသမှ ရဝမ်တိုင်းရင်းသား A.G.T.I ဒီပလိုမာဘွဲ့ရ မောင်တန်ရှင်ဒီးအောင်၏ အမြင်ကတော့ အင်ဂျင်နီယာကျောင်းသားပီပီ တစ်မျိုးဆန်းသစ်နေ၏။ လေ့လာရေးခရီးစဉ်ကာလအတွင်း အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုခုကို မိမိတို့ဒေသကျေးရွာများမှာ ပြန်လည်အသုံးချနိုင်အောင် သင်ကြားပေးနိုင်က သင်ပေးစေချင်ပါသည်ဟူ၏။ ယနေ့အချိန်အခါတွင် နိုင်ငံတော်အကြီးအကဲများက အသက်မွေးဝမ်းကျောင်းပညာရပ်နှင့်ပတ်သက်၍ အလေးထားသင်ယူကြရေး လမ်းညွှန်တိုက်တွန်း မှာကြားနေချိန်၌ သူ၏အမြင်ကလည်း နိုင်ငံ၏လိုအပ်ချက်နှင့် တစ်ထပ်တည်းကျနေပါသည်။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်နှင့်စစ်ကိုင်း) တို့တွင် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များအပြင် အင်ဂျင်နီယာဘာသာရပ်ကိုပါ သင်ကြားပေးနေရုံမျှမက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၄၄ ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း ကိုးကျောင်းတို့ကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

**မြို့ရွာအနှံ့အပြား**

ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက်က ရဝမ်တိုင်းရင်းသူလေး မဇိန်ဒမ်းဆန်းဇီ၏ အကြံပြုတင်ပြချက်ထဲမှာပါသော 'ကျွန်မတို့သည် ကချင်ပြည်နယ် မြစ်ကြီးနားမှအပ မည်သည့်မြို့ကြီးများကိုမျှ မရောက်ဖူးပါ'ဆိုတာကို ဖတ်ရသောအခါ စိတ်မကောင်းဖြစ်မိသည်။ ယခုခရီးစဉ်တွင် မြစ်ကြီးနားနှင့် ပူတာအို နှစ်ဖွဲ့ပေါင်း လေ့လာရေးအဖွဲ့သည် မြစ်ကြီးနားမှ နေပြည်တော်အထိ ကားဖြင့် အတူလာရောက်ခွင့်ရသောကြောင့် လမ်းခရီးတစ်လျှောက် မြို့ရွာပေါင်းများစွာကို တွေ့မြင်ဖြတ်သန်းခဲ့ကြရပေလိမ့်မည်။ ခေတ္တခဏ ကြည့်ရှုနားနေခွင့်ရခဲ့ကြပါလိမ့်မည်။ သို့သော် ကျွန်တော်တို့တစ်တွေ နယ်စပ်ဒေသများပါမကျန် မြို့ရွာအနှံ့အပြားသို့ ရောက်ဖူးနေသလို သူတို့ကိုလည်း ရောက်စေချင်ပါသည်။

**အလုပ်အကိုင် အခွင့်အလမ်း**

ဟော... ချင်းပြည်နယ် ပလက်ဝနှင့် ရှင်းလက်ဝဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူလေးများ၏ အမြင်ကလည်း တော်တော်များများ တူညီနေကြပြန်ပါသည်။ ရှင်းလက်ဝဒေသမှ ပထမနှစ်(မြန်မာစာ)ကျောင်းသား မောင်ရဲထက်အောင်က ချင်းပြည်နယ် ပလက်ဝမြို့နယ်သည် ဝေးလံခေါင်းပါးသောဒေသဖြစ်၍ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးစေလိုကြောင်း ရေးသားထားပါသည်။

ပလက်ဝမြို့ မြို့သစ်ရပ်ကွက်မှ ပထမနှစ် (ပထဝီ)ကျောင်းသား မောင်စိမ်းလင်းပိုကလည်း အချို့သောလူငယ်များ ၁၀ တန်းအောင်ပြီး တက္ကသိုလ်ဆက်မတက်နိုင်သူတွေ များစွာရှိနေပါသည်။ ထိုကဲ့သို့သောလူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးပါရန် တင်ပြချက်သည်လည်း အထက်တွင်ဖော်ပြထားသကဲ့သို့ အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကူညီပေးရန်လိုအပ်နေကြောင်းကို ပြသနေပါသည်။

ခူမီးချင်းတိုင်းရင်းသားလေး မောင်အောင်စိုးထိုက် ပထမနှစ်(မြန်မာစာ)ကတော့ မက်ဆီတို့၊ နေမာတို့၊ စီရော်နယ်လ်ဒိုတို့ကို အားကျသူ၊ အားကစားဝါသနာပါသူ ဖြစ်နိုင်သည်။ ကျွန်တော်အလွန်ရောက်ဖူးချင်နေသော နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်ဖူးသွား၍ အလွန်ဝမ်းသာသည်ဟု ရေးသားထားသောကြောင့်ပင်။

ရှင်းလက်ဝမှ ခူမီးချင်းတိုင်းရင်းသူ မထိုက်ထိုက်လွယ် ရေးသားထားသည်ကတော့ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှာ လေ့လာကြည့်ရှုရင်း တိုင်းရင်းသားအကတွေ ရိုက်ကူးခွင့်ရလိမ့်မည်ဆိုတာကို အိပ်မက်တောင် မမက်ဖူးခဲ့ပါဟူ၏။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ လေ့လာရေးအဖွဲ့ဝင် ပအိုဝ်းတိုင်းရင်းသူ နန်းမေဦး B.Sc (Zoology) ကတော့ မိမိတို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် ပါဝင်ထမ်းရွက်သွားပါမည်ဟု ကတိပြုထားသည်။

ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာမှ နန်းခင်ထွေး ပထမနှစ်(သင်္ချာ)ကတော့ ယခုလို တိုင်းရင်းသားအားလုံးနှင့် ချစ်ချစ်ခင်ခင် ထပ်မံဆုံစည်းခွင့် ရချင်ပါသေးသည်...တဲ့။

**နှလုံးသားထဲမှ သံစဉ်များ**

သူတို့လေးတွေ၏ အထက်ပါဆန္ဒပြုချက်လေးများသည် အလွန်ကောင်းမွန်ပါသည်။ ဒေသအကျိုး ဆောင်ရွက်လိုစိတ်များကိုလည်း ထင်ထင်ရှားရှား တွေ့ရသည်။ လိုအပ်ချက်များကိုလည်း သိခွင့်ရလိုက်သည်။ တစ်နည်းဆိုရလျှင် ဤအကြောင်းအရာလေးများသည် သူတို့၏နှလုံးသားထဲမှ ထွက်ပေါ်လာသော သံစဉ်များဟူ၍ ကျွန်တော်မှတ်ယူပါသည်။ မည်သည့်အခါမျှ ပျောက်ပျက်သွားမည်မဟုတ်ပါ။ ထပ်မံ၍လည်း ကြားချင်ပါသေးသည်။ ထိုသံစဉ်များမှတစ်ဆင့် နိုင်ငံတော်အတွက် လှပသောတေးသွားများကို ဖန်တီးနိုင်လိမ့်မည်ဟူ၍လည်း အလေးအနက်ယုံကြည်မိပါသည်။ ။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ကျန်းမာရေးမြှင့်တင်ရေးသံတမန် တံဆိပ်ပေးအပ်

**မုံရွာ ဇန်နဝါရီ ၂၇**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနေ ပြည်သူများအနေဖြင့် ကျန်းမာရေးအသိပညာများ တိုးတက်လာစေရေးအတွက် ခန့်အပ်သည့် ကျန်းမာရေးအသိပညာမြှင့်တင်ရေး သံတမန်(Health Literacy Promotion Ambassador for Naga Land-2018)အဖြစ် အသိအမှတ်ပြုတံဆိပ်ကို နာဂတိုင်းရင်းသူရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်အဆိုတော် မာရီကိုးလ်ထံ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပေးအပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပသည့် တိုင်းဒေသကြီးအဆင့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ် မိတ်ဆက်ပွဲတွင် အဆိုပါတံဆိပ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ခဲ့ခြင်းဖြစ်သည်။

"အခုက နိုင်ငံတော်အဆင့်ကနေပြီးတော့ သံတမန်ခန့်အပ်တာဆိုတော့ အရမ်းလည်း တာဝန်ကြီးပါတယ်၊ ဒီထက်မကလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်မယ်လို့ ယုံကြည်တယ်၊ ယုံယုံကြည်ကြည်နဲ့ပေးအပ်တဲ့ ဒီဆုနဲ့လည်း ထိုက်တန်အောင် ကြိုးစားသွားမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်၊ နာဂဒေသမှာက အမှန်အတိုင်းပြောရရင် ကျန်းမာရေး အလွန်အားနည်းပါတယ်၊ ကလေးတွေက တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းတယ်၊ အဲဒီအားနည်းချက်ကို သူတို့လေးတွေ သိရှိနိုင်ဖို့ ဘယ်လိုနည်းနဲ့လုပ်လို့ရမယ်ဆိုတာကို အားလုံးပူးပေါင်းပြီးတော့ ဖြေရှင်းသွားမယ်၊ အားလုံးကြိုးစားကြမယ်လို့ ပြောကြားလိုပါတယ်"ဟု နာဂဒေသ ကျန်းမာရေးအသိပညာမြှင့်တင်ရေး သံတမန်အဖြစ် ခန့်အပ်ခံရသည့် နာဂတိုင်းရင်းသူ မာရီကိုးလ်က ပြောသည်။

နာဂဒေသအတွင်း ပရဟိတလုပ်ငန်းအနေဖြင့် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက နာဂဒေသမှ ကလေးငယ်များ ဦးရေ ၈၀ ကျော် သေဆုံးသွားသည့်အတွက် ရန်ပုံငွေပွဲလုပ်ခဲ့ပြီး ရန်ပုံငွေပွဲမှရသည့်အလှူငွေဖြင့် လဟယ်မြို့နယ်အတွင်းမှ ကျေးရွာနှစ်ရွာတွင် ကျောင်းဆောင်နှစ်ဆောင် လှူထားကြောင်းလည်း မာရီကိုးလ်က ဆက်လက်ပြောကြားခဲ့သည်။

ဝင်းဦး(ဇေယျာတိုင်း)



ခ ရီး သွား ဆောင်း ပါး

# သဘာဝအလှကိုမြင်တွေ့ခဲ့ရသည့် သီပေါမြို့သို့ အလည်တစ်ခေါက်

ဇင်ဦး(မြန်မာ့အလင်း)



ဓာတ်ပုံ - သီဟစည်သူ

သီပေါမြို့သည် ၁၉၆၀ ပြည့်နှစ် အစောပိုင်းကာလခန့်က စော်ဘွားစဝ်ကြာဆိုင်နှင့် ကြင်ယာတော် ဩစတြေးလျနိုင်ငံသူ မဟာဒေဝီမင်းသမီးတို့၏ အချစ်ဇာတ်လမ်းအကြောင်းကို ရေးသားထားသည့် Twilight over Burma: My life as a Shan Princess ဝတ္ထုကြောင့် လူသိများသည့် မြို့တစ်မြို့ဖြစ်သည်။ သမိုင်းဝင်နေရာများ၊ ရှေးဟောင်းဘုရားများ၊ လှပသည့်ရှုခင်းများနှင့် သီပေါမြို့သည် ခရီးသွားများကိုဆွဲဆောင်နေသည့် ရှမ်းပြည်နယ်၏ မြို့တစ်မြို့ဖြစ်သည်။ ရှမ်းစော်ဘွားများ နန်းစိုက်ခဲ့သည့် ထိုမြို့ကလေးသို့ ခရီးတစ်ခေါက် ရောက်ဖြစ်ခဲ့သည်။

**သမိုင်းဝင်ခဲ့သည့် အဓိကနေရာ**

သီပေါစော်ဘွားစဝ်ကြာဆိုင်နှင့် မိသားစုများ နေထိုင်ခဲ့သည့် သီပေါဟော်နန်းမှာ သီပေါမြို့၏ အဓိက ခရီးသွားဆွဲဆောင်မှုတစ်ခု ဖြစ်နေသည်။ သမိုင်းဝင်ခဲ့သည့် အဓိကနေရာဖြစ်၍ မဖြစ်မနေ ဝင်ရောက်လည်ပတ်သင့်သော နေရာတစ်ခုလည်းဖြစ်သည်။ သို့ရာတွင် ဟော်နန်းကို နံနက် ၉ နာရီမှ ၁၂ နာရီအထိနှင့် ညနေ ၃ နာရီမှ ၅ နာရီအထိအတွင်းသာ ဖွင့်၍ အချိန်ကိုက်ရောက်အောင် သွားဖို့တော့ လိုသည်။

သီပေါမြို့အနီးတစ်ဝိုက်တွင် ပုဂံဘုရားများကဲ့သို့ တစ်စုတစ်စည်းတည်း ရှိနေသည့် ရှေးဟောင်းဘုရားများကြောင့် Little Bagan ဟု တင်စားခေါ်ဝေါ်သည့် နေရာသို့လည်း ရောက်ရှိခဲ့သည်။ အဆိုပါနေရာသို့ သီပေါဟော်နန်းမှတစ်ဆင့် စက်ဘီးစီးပြီးဖြစ်စေ၊ လမ်းလျှောက်၍ဖြစ်စေ သွားနိုင်ပြီး မိနစ် ၂၀ ခန့်သာကြာမြင့်ကာ တစ်ဆက်တည်း သွားရောက်လည်ပတ်နိုင်သည့် နေရာတစ်ခုဖြစ်သည်။ သီပေါရောက် လျှင်ဝင်ရမည့် အခြားနေရာတစ်ခုမှာ သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင်ရှိသည့် ဘော်ကြိုဘုရားဖြစ်သည်။ သီပေါမြို့၏ ကျက်သရေဆောင်ဘုရားဆိုလည်း မမှားပေ။

**သိမ်တောင်ပေါ်က နေဝင်ချိန်**

သီပေါမှာ နေဝင်ချိန်ကြည့်ရန်အတွက် နေရာကောင်းများစွာရှိသည့်အနက် သိမ်တောင်မှာ နေဝင်ချိန်ကြည့်ရန် အကောင်းဆုံးဖြစ်သည်။ Sunset Hill ဖြစ်သည့် သိမ်တောင်ပေါ်မှ မြင်တွေ့ရသည့် နေဝင်ချိန်သည် ဒုဋ္ဌဝတီမြစ်နှင့် လိုက်ဖက်စွာ ပန်းသင့်လှသည်။

မြို့ပြ၏မွန်းကျပ်မှုအောက်မှ လုံးဝခွဲထွက်သွားပြီး တကယ့်သဘာဝအလှများကို မြင်တွေ့ရမည့် သီပေါမြို့အနီး လွယ်ပန်းဆေး(သဇင်တောင်)ပေါ်မှ Tree House ကိုလည်း မရောက်မဖြစ် သွားရောက်သင့်သည်။ ယခုအခါ ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားလာသည့် ခရီးစဉ်တစ်ခုလည်းဖြစ်သည်။

**သဇင်တောင် Tree House ခရီးစဉ်**

ခရီးစဉ်အတွက်တော့ သီပေါမြို့မှ Mr. Bike(ခ)ကိုပလောင်က စီစဉ်ပေးခဲ့သည်။ သမားရိုးကျခရီးစဉ်များမှ ကွဲထွက်နေသော စိတ်လှုပ်ရှားစရာကောင်းသည့်ခရီးစဉ်တွင် ပထမဆုံး သီပေါမြို့မှ ပိန်းဆိုင်းရွာအထိ နံနက် ၉ နာရီမှ စတင်ကာ ကားဖြင့်သွားရသည်။ ထိုမှတစ်ဆင့် အထမ်းသမားအဖွဲ့ရှိသည့် ပန်လန်းရွာအထိ တစ်နာရီခွဲ လမ်းလျှောက်ရသည်။ Tree House ကိုရောက်ရန် ခြောက်နာရီကြာ လမ်းလျှောက်ရမည်ဖြစ်သည်။ ခရီးလမ်းတစ်လျှောက် ပိန်းဆိုင်းနှင့် ပန်လန်းဟူသော ရှမ်းရွာလေးနှစ်ရွာကို ဖြတ်သွားကြရသည်။

ပန်လန်းရွာမှထွက်သည်နှင့် ၄၅ မိနစ်လောက် လမ်းလျှောက်ပြီး နေ့လယ်စာစားရမည့် စမ်းချောင်းလေးနံဘေးကို ရောက်သည်။ နေ့လယ်စာစားပြီး ဆက်ထွက်သည်နှင့် အတက်ချည်းဖြစ်သည်။ ခပ်ပြေပြေလေးတက်ရသလို အချို့နေရာတွင် မတ်မတ်တက်ရတာလည်းရှိပြီး တောင်ခါးပန်းတစ်လျှောက် လမ်းလျှောက်ရသည်များလည်းရှိသည်။ လမ်းတစ်လျှောက် တောတောင်များကို ဖြတ်သန်းရသည်။ ဆွတ်ပျံ့သည့် တောတောင်ရနံ့များက ရင်ထဲအထိ စွဲကျန်ရစ်ကာ မွန်းတည့်ချိန်အထိ လျော့မသွားသည့် အအေးဓာတ်၊ မြူနှင်းများအကြားမှ သာယာလှပသည့် တောင်ပေါ်လက်ဖက်ခင်းများ၊ တောနေကြာနှင့် ရှုမျှော်ခင်းများ၊ တောင်တန်းများ၊ တောင်ကျရေသံတဝေါဝေါကြားနေရသဖြင့် သက်ဝင်လှုပ်ရှားနေသည့် သဘာဝပန်းချီကားကြီးထဲ လမ်းလျှောက်ရသကဲ့သို့ ခံစားရသည်။

**ခရီးစဉ်၏ ထူးခြားချက်**

ခရီးစဉ်ကို စတင်မသွားမီကပင် ကျောပိုးအိတ်ထဲသို့ ပလတ်စတစ်အိတ်များကို ခရီးသွားအေဂျင်စီက ထည့်ပေးထားသည်။ လမ်းခရီးတစ်လျှောက် စားကြွင်းစားကျန်နှင့် အမှိုက်ဟူသမျှကို လမ်းတွင်မစွန့်ပစ်ဘဲ သတ်မှတ်ထားသည့်နေရာတွင် မီးရှို့ရှင်းလင်းခဲ့ရသည်မှာ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အတုယူစရာပင် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်းများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးရမည်။ ထိန်းသိမ်းရမည်။ လူတို့၏ပယောဂကြောင့် သဘာဝအလှတရားများ မပျက်စီးသင့်ပေ။ ထိုသို့သော အလေ့အထကို လူတိုင်းလိုက်နာနိုင်ကြလျှင် ကျွန်တော်တို့၏ ဝန်းကျင်တွင် သဘာဝအလှတရားများ ဝေဆာနေမည်ထင်မိသည်။

သီပေါမှ နံနက် ၉ နာရီသာသာက ထွက်ခဲ့သည့် စာရေးသူတို့အဖွဲ့သည် နေ့လယ်စာကို ၁၂ နာရီခွဲလောက်မှာ စားပြီး တောင်ပေါ်က tree house သို့ ညနေ ၅ နာရီသာသာမှ ရောက်ခဲ့သည်။ စုစုပေါင်း ရှစ်နာရီလောက် လမ်းလျှောက်လိုက်ရပြီး ထိုအထဲမှ လေးနာရီခန့်မှာ တောင်တက်လမ်းချည်းဖြစ်သည်။ ရောက်ရောက်ချင်းတွင် ပင်ပန်းနွမ်းလျသည့် ခရီးကို အောင်မြင်မှုက အနိုင်ယူလိုက်ပြီဆိုသည့် ခံစားမှုကြောင့် ကျေနပ်ရသလို မြင်တွေ့ရသည့် သဘာဝရှုခင်းများကလည်း ရင်သပ်ရှုမောဖွယ် စိတ်ခံစားမှုကို ပြေပျောက်စေသည်။

သစ်ပင်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်သုံးလုံးကိုတွေ့ရသည်။ အဆိုပါနေရာသို့ ရောက်ရှိနေသည့် နိုင်ငံခြားခရီးသွား အများအပြားကိုလည်း တွေ့ရသည်။ သီပေါမြို့၏ သဘာဝအတိုင်း တည်ရှိနေသည့် ရေမြေတောတောင် အလှတရားများနှင့် အေးချမ်းလှသည့် ရာသီဥတုကို နိုင်ငံခြားသားခရီးသွားများ၏ အကြိုက်ပင်ဖြစ်နေသည်။ ခရီးသွားရင်း သဘာဝအလှတရားများကို အပြည့်အဝ ခံစားနေကြသည်။

**တောင်ပေါ်ည**

ညစာကို ရေနံဆီမီးတိုင်လေးများထွန်းညှိပြီး စားရသည်။ လထွက်လာသည်ကို ကြည့်၍ ကြည်နူးမှု အပြည့်အဝ ခံစားရသည်။ တောင်ပေါ်ညက လှသည်။ ကောင်းကင်ယံတွင် ကြယ်များ ရေတွက်ရင်း မီးပုံလေးမှာ မီးလှုံကြသည်။ ဒေသထွက် ဆန်အရက်ပြင်းရှရှလေး သောက်ကြရသည်။ ဝါးဆစ်ခွက်လေးများဖြင့် ရေနွေးသောက်ကြသည်။ လျှပ်စစ် မီးလုံးဝမရှိဘဲ တောထဲမှာနေရသည့် သဘာဝအရသာကို အပြည့်အဝ ခံစားရသည်။ စွန့်စားခရီးသွားလိုသူများ ခံစားရမည့် စိတ်အာရုံပင်ဖြစ်သည်။

**အပြန်ခရီး**

တောထဲတွင် ညပိုင်း အိပ်စက်အနားယူပြီး နံနက် ၆ နာရီထိုးသည်နှင့် ခရီးစဉ်တစ်ခု လုံး၏ အနှစ်သာရရှိသော အချိန်တစ်ချိန်ဖြစ်သည့် နံနက်ခင်း နေထွက်ချိန်ကို အားရ ပါးရ ခံစားလိုက်ရသည်။ Sunrise ကြည့်ပြီးသည်နှင့် နံနက်စာ ပူပူနွေးနွေးနှင့် ကော်ဖီပူပူလေးကို စားသောက်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြကာ အလာလမ်းအတိုင်း ပြန်ဆင်းခဲ့ကြသည်။ ပြန်ဆင်းချိန်မှာ စုစုပေါင်း ငါးနာရီခန့်သာ ကြာမြင့်သည်။ ထို့နောက် သီပေါမြို့မှ နာမည်ကြီး Pop corn အော်ဂဲနစ် စားသောက်ဆိုင်တွင် ညစာစားသောက်ကြပြီးနောက် ခရီးစဉ် အဆုံးသတ်ခဲ့တော့သည်။ ။


**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ အလက(၂)၊ တာမွေ၊ ပဋ္ဌမတန်း(A)မှ မောင်ဥက္ကာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွဋ်(ခ) ဦးဝင်းမြင့် ၁၂/ဒဂတ(နိုင်)၀၁၆၇၇၄ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

တောင်တွင်းကြီးမြို့၊ အထက(၁)၊ နဝမတန်း၊ ဂမုန်းပွင့် ခန်းမှ မောင်ညဏ်လင်းကို၏ ဖခင်အမည်မှန်မှာ ဦးဖြိုးစိန် ဖြစ်ပါကြောင်း။

ဦးဖြိုးစိန်

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် နေထိုင်သည့် ဦးမုန်လင်းအောင်(ခ) ဦးမာန်လင်းအောင် ၁/မကတ(နိုင်) ၀၀၂၉၆၆မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမုန်လင်းအောင်(ခ)ဦးမာန်လင်းအောင်

**ပျောက်ဆုံးကြောင်း**

ဦးမိုးဇော် ၇/ပခန(နိုင်)၃၆၁၂၂၆ ၏ Passport No., (မမှတ်မိ) သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါကြောင်း။

**မသက်ဆိုင်တော့ပါကြောင်း**

ကျွန်မ၏ခင်ပွန်း ဦးကျော်မြင့်အောင် ၉/စကန(နိုင်)၀၅၄၄၆၆ သည် မိသားစုဒုက္ခရောက်အောင်ပြုမူပြီး မိမိဆန္ဒအလျောက် ၁၈-၉-၂၀၁၇ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါကြောင်းနှင့် မသက်ဆိုင်တော့ပါကြောင်း။

ဒေါ်ယဉ်ယဉ်ဦး
၈/ရစက(နိုင်)၁၄၂၈၃၂
ရဲစခန်းဝင်း အမှတ်(၅)မြဝတီမြို့

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7K/9430 ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများ ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကမ်းစားမှုများ ဆောင်ရွက်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချခြင်း** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ် ၅၄၉၊ သီတာဆိပ်လမ်းသွယ်၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။

**တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အလုံလမ်း၊ ဒဂုံမြို့နယ်

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၉-၁-၂၀၁၈ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၈-၂-၂၀၁၈/ ၁၆း၀၀နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်/ အချိန်** - ၉-၂-၂၀၁၈ရက်/ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၁-၂၀၂၁၇၁၊၀၁-၉၀၀၀၉၁၂တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျင်မြင့်သည် ဦးသန်းနိုင် (၁၂/ကမရ(နိုင်)၀၅၀ရ၀၁) ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ မြေနီကုန်း၊ အမှတ်-၂၇၄/အေ၊ အခန်းမှတ်-၂၀၄၊ ပထမအထပ်ဟုခေါ်တွင်သောတိုက်ခန်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ထိုတိုက်ခန်းနှင့်ပတ်သတ်သည့်ကားပါကင် တစ်နေရာစာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန်အတွက် စရံငွေတစိတ်တဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းဝယ်ယူခြင်းကို ကန့်ကွက်လိုသူသည် စာရွက်စာတမ်းမူရင်းများပါ တပါတည်းယူလာပြီး ကျွန်ုပ်ထံသို့ ကြေညာစာပါသည့်နေ့မှ(၁၄)ရက်အတွင်း နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးလွင်ဦး LL.B, D.M.L, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၁၂)
အမှတ်-၉/၁၁၊ ၃၀၂-စီ၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၄၂၁၁၅၆ရရ၂

**ပြည်နယ်ပညာရေးမှူးရုံး**
**ရှမ်းပြည်နယ်**
**တောင်ကြီးမြို့**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူအားလုံး အခမဲ့ထောက်ပံ့ပေးရန်အတွက် ကျောင်းဝတ်စုံများအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **လျှောက်လွှာထုတ်ယူရက်** - ၂၉-၁-၂၀၁၈ရက် (အခမဲ့)

**လျှောက်လွှာတင်သွင်းရက်** - ၉-၂-၂၀၁၈ရက် ၁၆း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အထက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၃၁၉၊ ၀၈၁-၂၁၂၁၀၂၁၊၀၈၁-၂၁၂၁၃၁၈၊ ၀၈၁-၂၀၆၈၅၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ(၁)၊ သန္တာလမ်း၊ အမှတ် ၂၀၂နေ ဦးဖြိုးမင်းကြည် ၁၂/ပဘတ(နိုင်)၀၀၀၁၃၁သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၄၆၇၈/၂၀၁၄)အဖြစ် ၇-၁၀-၂၀၁၄ရက်ကတည်းက မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ မိမိတစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်အမှတ်အသားကိုသုံးစွဲကာ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ စက်ရုံသုံးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအား ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချလုပ်ကိုင်ဆောင်ရွက်လျက်ရှိနေပါသည်။

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

HIKARI

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို အရွယ်အမျိုးမျိုး၊ အရောင်အမျိုးမျိုးဖြင့် လက်ကမ်းကြော်ငြာများ၊ ပလတ်စတစ်အိတ်များ၊ ဘောပင်အမျိုးမျိုး၊ အင်္ကျီအမျိုးမျိုး၊ ဦးထုပ်အမျိုးမျိုး၊ စက္ကူကတ်များ၊ စက္ကူဘူးများ၊ အထက်ဖော်ပြပါ လျှပ်စစ်ပစ္စည်းများနှင့် အခြားသောပစ္စည်းအမျိုးမျိုးတို့တွင် ထည့်သွင်းသည့်ပုံးများ၊ ဘူးများတို့အပေါ်တွင် ရိုက်နှိပ်ဖော်ပြပြီး ဖြန့်ဖြူးရောင်းချသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဦးဖြိုးမင်းကြည်၏ အထက်ဖော်ပြပါ လုပ်ငန်းများတွင်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ တံဆိပ်တစ်ခုလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ထင်ယောင်ထင်မှား ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း အလျှဉ်းမပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ တုပပြုလုပ်သုံးနေသည်ကို တွေ့ရှိရပါက ဥပဒေအရ ထိရောက်စွာအရေးယူ မည်ဖြစ်ကြောင်း အများသိသာရန် အသိပေးကြေညာအပ်ပါသည်။

ဦးဖြိုးမင်းကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးဟန် B.A(Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁)
(ရုံးခန်း)-အမှတ် ၁၉၆၊ ပထမထပ်၊ (၃၃)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၈၄၉၁

# ထပ်ဆင့်ဝမ်းမြောက်အနုမောဒနာပြုခြင်း

သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်ရည်သန်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟဲဟိုးမြို့နယ်၊ ဟဲသိမ်ပဋ္ဌာန်မြားတောင်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ရေချိုးရေသန့်များ အဆင်ပြေလုံလောက်စွာ သုံးစွဲနိုင်စေရန် အလို့ငှာ အဝီစိစက်ရေတွင်းကြီး (၁)တွင်းကို စေတနာသဒ္ဓါတရား ထက်သန်စွာ တူးဖော်လှူဒါန်းပေးခဲ့သော **ကမ္ဘောဇဘဏ်လီမိတက်** မှ ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော ကုမ္ပဏီများအနက် **“ပထမ”** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း အတွက် ကမ္ဘောဇဘဏ်နှင့် ဘဏ်ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်းနှင့် မိသားစု၊ ကမ္ဘောဇဘဏ် အရာထမ်း၊ ဝန်ထမ်းများ နှင့်ထပ်တူ များစွာ ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇအုပ်စုကုမ္ပဏီများ ယခုထက် ပိုမိုတိုးတက်အောင်မြင်၍ ဘာသာ၊ သာသနာအကျိုး၊ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဆထက်သယ်ပိုးထမ်းဆောင်နိုင်ပြီး မြန်မာပြည်သူပြည်သားများ အားကိုးအားထား ရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း ဝမ်းမြောက်ဝမ်းသာစွာ ဆုတောင်း မေတ္တာပို့သ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ဆရာတော် ဦးကောဝိဒ**
**ဟဲသိမ်ပဋ္ဌာန်မြားတောင်ဘုန်းတော်ကြီး**
**ဟဲဟိုးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် တပည့်သာဝကများ**

## တစ်နိုင်ငံလုံးတွင် “ပထမ” နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်း “ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ” အတွက်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်၊ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ် အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **“ကမ္ဘောဇဘဏ်လီမိတက်”** သည် **“ပထမ”** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအပြင် ကြိုတင်ခွန်များနှင့်ပတ်သက်၍ စနစ် တကျ ကြိုတင်စီစဉ်ပေးသွင်းရန် ဆောင်ရွက်ထားရှိခြင်း၊

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်း နှင့် နိုင်ငံအတွင်း အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်အမြောက်အမြား ပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင် ပေးနိုင်ခဲ့ခြင်း၊

ကမ္ဘောဇဘဏ်လီမိတက်၏ “ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)” သည် နိုင်ငံတွင်း လူမှုအကျိုးပြုလုပ်ငန်းများတွင် နိုင်ငံတော်နှင့်ပြည်သူအတွက် ကျပ်ငွေ (၁၃၈)ဘီလီယံကျော် လှူဒါန်းခဲ့ခြင်း၊

နှစ်စဉ် ပြည်တွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ ချီးမြှင့်သော ပြည်တွင်းနှင့် နိုင်ငံတကာဆု အမြောက် အမြားကို ကမ္ဘောဇဘဏ်လီမိတက်မှ ထိုက်တန်စွာ လက်ခံရရှိခဲ့ခြင်းစသည့် အောင်မြင်မှုများအတွက် **“ကမ္ဘောဇ ဘဏ်လီမိတက်–ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း”** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်အဖွဲ့**
**မန္တလေးတိုင်းကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)**
**မန္တလေးတိုင်းဒေသကြီး**

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (ဂ) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ် နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန် (၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ် (၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ /- နှုန်း
မှ စတင်၍ . .
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာ လက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေကေ (၃၀ )ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၇)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့် အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊
Fitness Center,SPA,
Convenience Store,
လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။



■ (၃)ကေခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသော ပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.

အမှတ်(၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း) ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133




## ဖောင်းကြွပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7526 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် SHN/5802 Honda Wave MLHJA 211 ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဆံ ၁၃/မကန (နိုင်)၀၂၃၃၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၀ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ပျောက်ဆုံးကြောင်း

ကျွန်မ အီကျဲန်တစ် ၁၃/မယတ (နိုင်)၀၃၂၆၄၂ ၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၆၁၃၁၉၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၂၈၆၅ Honda Dream ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင်း ၆/သရခ(နိုင်)၀၂၁၁၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8626 Toyota Liteace KM75 P/U (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်တင် ၁၂/တမန(ပြု)၀၀၀၀၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## အများသိစေရန် ကြော်ငြာခြင်း

ဦးအောင်မြတ်စိုး(ဘ)ဦးသန်းမြင့် ၇/အဖန(နိုင်)၀၆၅၆၄၈က ဒေါ်မိုးမိုးအေး(ခ) ဒေါ်မြဒ္ဓူဖြိုး (ဘ)ဦးကြည်လွင် ၁၂/လသယ(နိုင်)၀၄၁၈၃၁အား ပျဉ်းမနားမြို့နယ် တရားရုံးတော်၌ တရားမကြီးမှုအမှတ် (၇၈/၂၀၁၇)ဖြင့် လင်မယားကွာရှင်းပေးစေလိုအား စွဲဆိုခဲ့ပါသည်။ ပျဉ်းမနားမြို့နယ် တရားရုံးတော်မှ ၁၄-၁၂-၂၀၁၇ရက်တွင် ဦးအောင်မြတ်စိုးအား အနိုင်ဒီကရီချမှတ်ပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်မြတ်စိုးနှင့် ဒေါ်မိုးမိုးအေး(ခ)ဒေါ်မြဒ္ဓူဖြိုးတို့မှာ မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် နောက်နောင် ဒေါ်မိုးမိုးအေး(ခ)ဒေါ်မြဒ္ဓူဖြိုးနှင့်ပတ်သက်သည့် ကိစ္စရပ်များအား ဦးအောင်မြတ်စိုးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအောင်မြတ်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြိုးအိအိခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၇၉/၁၃)**
**အခန်း(၁၃)၊ တိုက်(၁၃၇၇) နေသီဒ္ဓိရပ်ကွက်၊ နေပြည်တော်**
**ဖုန်း-၀၉-၄၂၀၇၀၁၄၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၊ အမှတ်၂၅၇၊ ပတ္တမြားလမ်း၊ အကွက် (၉၂-ပန်းသီရိဒေါ)၊ ဦးပိုင်အမှတ်(၂၅၇)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်သည် ဦးကျော်စိုးမိုးအမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပါသည်။ မြေကွက်ကို ဦးကျော်စိုးမိုးက ကျွန်မ ဒေါ်နေဇာထိုက်သို့ လွှဲပြောင်းရောင်းချခဲ့ရာ ၇-၁၂-၂၀၁၇ရက်တွင် နာနတ်တောရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် စာချုပ်ချုပ်လက်မှတ်ရေးထိုးခဲ့ပါသည်။ မြေကွက်ကို ကျွန်မတစ်ဦးတည်း နေထိုင်အကျိုးခံစားကြောင်း ကျမ်းကျိန်၍ စာချုပ်စာတမ်းမှတ်ပုံတင်ထားပါသည်။ သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**ဒေါ်နေဇာထိုက် ၂/လကန(နိုင်)၀၅၁၉၈၆**
**အမှတ်-၂၅၇၊ နာနတ်တောရပ်ကွက်၊ လှိုင်ကော်မြို့**
**ဖုန်း-၀၉-၄၁၀၀၈၀၄၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ယင်းမာ(၁၅)လမ်း၊ အမှတ်(၄၁၁)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ) ဦးအေး၏သမီး ဒေါ်ဌေးဌေးမြင့် ၇/ဝမန(နိုင်) ၁၄၇၂၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅၀)ရပ်ကွက်၊ စိန်ပန်းနီလမ်း၊ အမှတ်(၅၇၄)ရှိ မြေအကျယ်အဝန်း အလျား ပေ၄၀×အနံပေ၆၀အား ဂရန်အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသော ဦးအောင်ခိုင်ဦး ၁၂/မရက(နိုင်)၀၉၇၂၇၇ နှင့် ဒေါ်နုနုယဉ် (HGU-137235) တို့ထံမှ ၄င်းတို့ပိုင်မြေအကျယ်အဝန်းအနက်မှ အိမ်အပါအဝင် မြေအကျယ်အဝန်း အလျားပေ ၂၀ × အနံပေ ၆၀ကို ဆက်စပ်စာချုပ်အဆင့်ဆင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ (ဘ) ဦးကြီးရွှေ၏သား ဦးအောင်မြင့်ရွှေ ၁၂/ဥကမ(နိုင်)၀၄၃၄၃၆က ပြန်လည်ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေက လက်ရောက်ဝယ်ယူရန် ရောင်းချရန် ကမ်းလှမ်းသည့် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းသူသို့ပေးချေခဲ့ရာ ရောင်းသူက ငွေလက်ရောက် လက်ခံထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ပြုမှုအား ကန့်ကွက်လိုသူများသည် ဤသတင်းစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အိမ်အပါအဝင် အိမ်ခြံမြေအရောင်းအဝယ်ပြုမှုကို ဥပဒေဘောင်အတွင်းမှ မြေဂရန်ခွဲအမည်ပေါက်ရသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးမြင့် ၇/ဝမန(နိုင်)၁၄၇၂၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်ကြီး**
**B.A Eco, DA, RL, DBL, DML, DIL, DIPL, MA (Business Law $P_1$), $DL_{101}$, WIPO(Switzerland)**
**(အထက်တန်းရှေ့နေ-၃၇၀၂၉)**
**(၄၈၇)၊ ဒူးယား(၄)လမ်း၊ ၅၀ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/9278 Suzuki Splash Hatch Back(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဦး ၁၂/ရကန(နိုင်)၀၅၆၀၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇C/၆၇၈၉ Toyota Tundra P/U(4×4)ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဦး ၆/လလန(နိုင်)၀၁၅၅၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၉၂/က မြေကွက်နှင့်ပတ်သက်၍ ၂၁-၁-၂၀၁၈ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် စာမျက်နှာ-၁၆၌ ကြေညာချက်ထုတ်ဖော်ကြေညာထားသည့် ဒေါက်တာစိန်စိန်အေးနှင့် ၄င်းမြေပေါ်တွင် မြန်မာမင်္ဂလာစံအိမ် ထူးပြည့်ပြည့်စုံ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဆောက်လုပ်နေသည့် ၈½ ထပ်တိုက်၌ ကြိုတင်ငွေဝယ်ယူထားသည့် ပုဂ္ဂိုလ်များသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၉၂/ကတွင် လေးခန်းတွဲ၊ (၈)ထပ်ခွဲတိုက်အသစ်ကို ၈-၈-၂၀၁၄ ရက်တွင် လုပ်ငန်းအပ်နှံသူ မြေရှင် ဒေါ်စိန်စိန်အေး ၁၂/ဘဟန(နိုင်)၀၀၈၄၉၂ နှင့် ဦးသိန်းသန်းဝင်း ၂/ဖရဆ(နိုင်)၀၁၂၇၁၃ တို့သည် အကျိုးတူ ကန်ထရိုက်တိုက် ဆောက်လုပ်ရန် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။

အဆိုပါတိုက်အသစ်ကို ၅၀ ရာခိုင်နှုန်းစီ ခွဲဝေယူရန်နှင့် ကန်ထရိုက်တာမှ မြေရှင်အား အလိုက် ငွေကျပ်သိန်း ၂၀၀၀ ပေးရန်ရှိသည့်အနက် အလိုက်ငွေကျပ်သိန်း ၁၆၅၀ကို ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာ့အလင်းသတင်းစာတွင် ဒေါက်တာစိန်စိန်အေး၏ ကြေညာမှုတို့သည် မှန်ကန်မှုမရှိပါ။ ဒေါက်တာစိန်စိန်အေးသည် ၈-၈-၂၀၁၄ ရက်စွဲပါ ကတိစာချုပ်အပိုဒ်(၂) အပိုဒ်ခွဲ(၃)ပါ စကားရပ်တို့ကိုလည်းကောင်း၊ ထိုကတိစာချုပ်အပိုဒ် ၃ ပါ စကားရပ်တို့ကို လိုက်နာမှုမရှိဘဲ မဆင်မခြင် ကြေညာခြင်းသာဖြစ်ပါသည်။ ကန်ထရိုက်တာ ဦးသိန်းသန်းဝင်းသည် ဒေါက်တာစိန်စိန်အေး၏ သဘောဆန္ဒအရ မူလစာချုပ်ပါ ကတိပြုချက်ကို ပြောင်းလွှဲ၍ Mat Foundation System အစား Pile Foundation System ဖြင့် ပြောင်းလဲတည်ဆောက်ရသောကြောင့်လည်းကောင်း၊ ကားပါကင်အား မူလကတိပြုချက်အတိုင်းမဟုတ်ဘဲ ကားပါကင် (၂)လွှာ (Basement + Grand Floor)အပိုပြုလုပ်ပေးရခြင်းကြောင့် အချိန်ပိုမိုကြာမြင့်ခြင်း၊ ငွေကြေးကုန်ကျစရိတ်ပိုမိုကုန်ကျခဲ့ကြောင်းနှင့် စံချိန်စံညွှန်းများနှင့်အညီ စေ့စပ်သေချာစွာ လျှော်ကန်ခံနိုင်ခဲ့အောင် တည်ဆောက်လျက်ရှိရာတွင် အချိန်ပိုမိုကြန့်ကြာခဲ့ရကြောင်း၊ ဒေါက်တာစိန်စိန်အေး သိရှိနားလည်ပြီးဖြစ်ပါသည်။ ထိုသို့သိရှိနားလည်ပါလျက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် နှစ်ဦးသဘောတူညီချက်အရ ကျန်သည့် ၄½ထပ်အား ထပ်မံဆောက်လုပ်နိုင်ရန် သက်တမ်းတိုးမြှင့်လျှောက်ထားပေးရန် ဒေါက်တာစိန်စိန်အေးတွင် တာဝန်ရှိပါလျက် ယခုကဲ့သို့ ကြေညာခြင်းသည် လုပ်ငန်းရပ်ဆိုင်းခိုင်းရာရောက်သကဲ့သို့ စာချုပ်ဖျက်သိမ်းရာလည်း ရောက်ပါသည်။ ထို့ကြောင့် ဒေါက်တာစိန်စိန်အေးအနေဖြင့် ကြေညာထားသော ကြေညာချက်အား ဤကြေညာချက်ပါသည့်ရက်မှ ၁၅ ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် သိစေအပ်ပါသည်။

**ဦးသိန်းသန်းဝင်း**
**အုပ်ချုပ်မှုဒါရိုက်တာ**
**မြန်မာမင်္ဂလာစံအိမ်**
**ထူးပြည့်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းဒါယကာကြီး**
**ဦးတင်လေး (မော်ကျွန်း)**
**အသက်(၉၀)**

သူငယ်ချင်း ဒေါက်တာခင်ချိုမာ (မျက်စိအထူးကု ဆရာဝန်ကြီး၊ ဖျာပုံပြည်သူ့ဆေးရုံကြီး)၏ အနန္တကျေးဇူးရှင်ဖခင်ကြီး ဦးတင်လေးသည် ၂၄-၁-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃-၁၉၈၈ ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်နီ(ခ)ဒေါ်ရင်မေ**
**အသက်(၇၈)နှစ်**

သူငယ်ချင်း ဒေါက်တာမျိုးကြည်(ခွဲစိတ်အထူးကု ဆရာဝန်ကြီး)၏ အနန္တကျေးဇူးရှင် မိခင်ကြီး ဒေါ်နီ(ခ) ဒေါ်ရင်မေသည် ၂၄-၁-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃-၁၉၈၈ ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်းများ**

## ဦးမျိုးသန့်

**အငြိမ်းစား RO (FG)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး ၈၉လမ်း၊ တိုက် ၄၁၊ ငါးလွှာ(A)နေ(ဗိုလ်ကြီးဘငွေး၊ ငြိမ်း-ဒေါ်တင်တင်လှ)တို့၏သား၊ ဦးကျော်မြင့်မောင်(အောင်ဇမ္ဗူဆန်စက်)-ဒေါက်တာဒေါ်ခင်အေးမြင့်(အထူးကုဆရာဝန်ကြီး၊ အောင်ဆန်းတီဘီ အထူးကုဆေးရုံကြီး)တို့၏မောင်၊ ဦးအေးကျော်(ညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်မိုးသီတာအောင်ချစ်(လဝက၊ ငြိမ်း)၊ ဦးအောင်မိုး(အငြိမ်းစား RO)-ဒေါ်ရွှေခဲ @THONG တို့၏အစ်ကို၊ မောင်ကျော်မိုးထက်(Final Year)စီးပွားစီမံ၊ မောင်အေးချမ်းမိုး(နဝမတန်း၊ ပညာလွင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ နေပြည်တော်)တို့၏ ဘကြီးသည် ၂၇-၁-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်မွှောရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၈ရက် (သောကြာနေ့) တွင် ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ညွှန်ကြားရေးမှူးချုပ်အိမ်ရာ၊ မြနန်းဇေယျာလမ်း၊ တိုက် ၅၅၃/အေ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၇၅၉/၁၄၁၁)၊ မြေကွက်တည်နေရာအမှတ် (၇၅၉/၁၄၁၁)၊ အေးရိပ်သာ (၅)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက် (ဦးချစ်တင် EG-၀၄၃၀၁၃)၊ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးချစ်တင်သည် ၂၅-၃-၂၀၀၄ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်လှကြည်သည် ၂၁-၁၂-၂၀၀၁ရက်တွင်လည်းကောင်း၊ သားတစ်ဦးဖြစ်သူဦးသန်းဦးသည် ၁၈-၁၁-၂၀၀၅ရက်တွင် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ အသီးသီးကွယ်လွန်သွားကြသဖြင့် ကျန်သားသမီး မောင်နှမများဖြစ်သော (၁)ဒေါ်လွန်းမေ ၁၂/တမန(နိုင်)၀၀၉၄၆၅၊ (၂) ဒေါ်သန်းသန်းအေး ၁၂/တမန(နိုင်)၀၃၆၅၃၄နှင့် (၃)ဦးကြည်တင် ၁၂/တမန(နိုင်) ၀၃၆၇၈၅တို့ထံမှ စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၀၃၂/၂၅-၈-၂၀၁၇)နှင့် ကျန်သမီးတစ်ဦးဖြစ်သူ ဒေါ်မြင့်အေး ၁၂/တမန(နိုင်)၀၃၆၅၅၃ တို့ထံမှ GP အမှတ် (၇၉၉၃/၂၅-၈-၂၀၁၇)တို့ဖြင့်ရရှိသူ ဦးနေသူလှိုင် ၂/လကန(နိုင်) ၀၀၅၄၄၅မှ ပုဇွန်တောင်မြို့နယ်တရားရုံး၏ ကျမ်းကျိန်အမှတ်စဉ် (၉-၃၅၇/၆-၉-၂၀၁၇) ဖြင့် ပါဝါမရပ်သိမ်းကြောင်း၊ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာမူရင်း၊ သေစာရင်း၊ မိသားစုသန်းခေါင်စာရင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံး ကျမ်းကျိန်အမှတ်စဉ် (၉-၃၅၆/၆-၉-၂၀၁၇)၏ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာမူရင်း၊ ထပ်ဆင့်ကျမ်းကျိန်လွှာမူရင်း၊ ဂရန်မူရင်း၊ ပါဝါမူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆို၍ မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ်၁၃၅၀၊ မြေကွက်တည်နေရာအမှတ်၁၃၅၀၊ ၁၃ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဗိုလ်မှူးခင်မောင်) (MMS-၂၉၀၃၆၉) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဗိုလ်မှူးခင်မောင်ထံမှ GP-၁၂၄၃၆/၄-၀၂-၁၅ဖြင့် ရရှိသူ ဦးလှိုင်မင်းထွန်း(၈/နမန(နိုင်)၁၅၆၆၅၄)မှ ဂရန်မူရင်း၊ ပါဝါကျမ်းကျိန်ကိုယ်စားလှယ်လွှဲစာအား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မိတ္တူမှန်တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ လျှောက်ထားသူအား ပါဝါမူရင်းတင်ပြရန် အကြောင်းကြားခဲ့ရာ ဝင်စာ-၁၂၀၈၆၊ ၂၃-၁၁-၀၇ဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ တရားဝင်မှတ်ပုံတင်ရုံးမှ တရားဝင်ထုတ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ မိတ္တူမှန်ဖြင့် တရားဝင်အရောင်းအဝယ်ပြုလုပ်နိုင်ရန် မြေပုံမြေရာစဝင်ကူးယူလျှောက်ထားရခြင်းဖြစ်ပါကြောင်းနှင့် ဖြစ်ပေါ်လာမည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဖြေရှင်းစာတင်ပြလာပါသည်။ သို့ပါ၍ ဗိုလ်မှူးခင်မောင်ထံမှ GPရသူဦးလှိုင်မင်းထွန်းမှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးတင်မြင့်(ခ)စောကံဝင်း (မော်လမြိုင်)**
**အသက်(၉၄)နှစ်**

သူငယ်ချင်း ဒေါ်သိန်းသိန်းထွေး၏ ဖခင်ကြီးသည် ၂၆-၁-၂၀၁၈ ရက်(သောကြာနေ့)ည ၇း၀၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းတို့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၇၉ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘွဲ့ရ သူငယ်ချင်းများ)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်တင့် အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်၊ အမှတ် (၇၄-D)၊ အေးချမ်းသာယာလမ်းနေ(ဦးကြူးဝါး-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ (ဦးကြည်ယာ)၏ဇနီး၊ (ဦးဝင်းနိုင်)-ဒေါ်မြစိန်၊ ဦးသိန်းထွဋ်-ဒေါ်ကျင်သန်း၊ ဦးစွမ်-ဒေါ်ကျင်အေး၊ (ဦးသန်းအေး)၊ ဦးကြည်လွင်-ဒေါ်စန်းစန်းကြည်(ခ)ဒေါ်အေးတို့၏ချစ်လှစွာသောမိခင်၊ ဦးသိန်းဇော်ဝင်း၊ ဦးအောင်အောင်(ခ)သားငယ်-ဒေါ်အေးသီတာကျော်၊ ဒေါ်ဆုရည်မွန်၊ ဦးသူရထွန်းတို့၏အဘွား၊ မသန့်အိန္ဒြေအောင်၊ မောင်ဘုန်းထက်ဇော်၊ မောင်အုပ်စိုးခန့်တို့၏အဘွားသည် ၂၆-၁-၂၀၁၈ရက်(သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၈ရက်(စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၈ ရက်(ကြာသပတေးနေ့)နံနက်တွင် ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးကျော်ရင် အသက်(၈၅)နှစ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဦးမင်းခိုင်(ညွှန်ကြားရေးမှူး) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန-ဒေါ်ဖြူနှင်းအေးတို့၏ချစ်လှစွာသောဖခင် ဦးကျော်ရင် အသက်(၈၅)နှစ်သည် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲမြို့တွင် ၂၆-၁-၂၀၁၈ ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲဝန်ထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ငွေရီ (ပေါင်မြို့)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ထန်းတပင်လမ်း၊ အမှတ် S-23, B-5 နေ (ဦးငြိမ်းမောင်-ဒေါ်အုံးကျင်)တို့၏သမီး၊ ဦးဆန်းဦး(Chief Operation Officer, Concrete King Concrete Manufacturing Co.,Ltd.)-ဒေါ်ညွန့်ညွန့်ဝေ၊ ဦးဇော်ဦး-ဒေါ်ကြည်ကြည်ငွေးတို့၏ ချစ်လှစွာသောမိခင်၊ မခင်ချိုချိုဦး၊ မောင်ပိုင်သက်ကို၊ မဝိုင်းဝိုင်း၊ မောင်အောင်ဖြိုးဇော်တို့၏အဘွားသည် ၂၇-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၈ရက်(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မမ (Bcom-BL)

**လဝကမှူး(ငြိမ်း)**
**ဒုလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**(D.C.P.T ကြို့ကုန်း၊ ရန်ကုန်)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၃၀)ရပ်ကွက်၊ သပြေလမ်း၊ အမှတ် ၁၉၁နေ (ဦးဘသင်-ဒေါ်တင်တင်)တို့၏သမီး၊ ဒေါ်ခင်မကြီး(ခ)ဒေါ်တိက္ခဝတီ၊ ဗိုလ်မှူးချုပ်မြင့်ဆွေ(ရေ-ငြိမ်း)-ဒေါ်ခင်မလေးတို့၏ညီမ၊ (ဦးခင်မောင်လေး)-ဒေါ်သင်းသင်း၊ ဒေါ်ဝင်းဝင်းသန်း(မြဝတီဘဏ်)တို့၏အစ်မ၊ ဦးအောင်ကိုဦး၊ ကပ္ပတိန် ကျော်စွာမြင့်-ဒေါက်တာဝင်းမာဦးတို့၏အဒေါ်သည် ၂၇-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှနွယ် အသက်(၈၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ အပိုင်း(၃)၊ အမှတ် ၂၃၃၊ အခန်း ငါးလွှာ Aနေ (ဦးသိန်းမောင်-ဒေါ်သန်းစိန်)တို့၏သမီး၊ (ဦးမြင့်၊ ဆက်သွယ်ရေးအင်ဂျင်နီယာ၊ ငြိမ်း)၏ဇနီး၊ ဦးလှမြင့်-ဒေါ်မြမြတ်မွန်၊ ဦးမြတ်ဆွေ၊ ဦးကိုကိုအောင်(I.S.M Co.,Ltd.)၊ ဒေါ်သန်းသန်းလွင်၊ ဒေါ်ဝါဝါမင်း(လူမှုဖူလုံရေး)၊ ဦးကျော်သူ(C.H Co.,Ltd.)-ဒေါ်တာတာလွင်တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၆-၁-၂၀၁၈ ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကား များ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မြင့်(ခ)ဒေါ်မြင့်မြင့်**
**ခင်မြင့်မြင့်(စမ်းချောင်း)**
**B.A, H.G.P ဦးစီးမှူး(ငြိမ်း)၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (MEIC ဝန်ထမ်းဟောင်း)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ အင်္ဂပူလမ်း၊ တိုက်အမှတ် ၁၂(မြေညီထပ်)နေ (ကျောင်းအုပ်ဆရာကြီး ဦးဘိုးကော်-ဒေါ်စိန်ထွေး)တို့၏သမီး၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်းနေ (ဦးစွမ်ရှူး-ဒေါ်အုန်းရှင်)တို့၏သမီးချွေးမ၊ ဦးစိုးမိုးမောင်မောင်-ဒေါ်စီစီသန်း(S'pore)၊ ဦးအောင်မျိုးမောင်မောင်-ဒေါ်စုနန္ဒာ(S'pore)၊ ဦးထွန်းလင်းမောင်မောင်(B.com)-ဒေါ်နန်းလောင်ခမ်း(BE Com)တို့၏ချစ်လှစွာသောမိခင်၊ မောင်ဘုန်းပိုင်စိုး(S'pore)၊ နန်းစံမွမ်း၊ နန်းလောင်ဆုန်(Grade-VI, အထက-၁၊ ဒဂုံ)တို့၏အဘွား၊ [ဦးမောင်မောင်ဝင်း(Chinese Interpreter)]၏ချစ်လှစွာသောဇနီးသည် ၂၆-၁-၂၀၁၈ ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်အေးသွင်

**အလပြ(ငြိမ်း)**
**အထက(ပေါင်မြို့)**
**အသက်(၈၅)နှစ်**

မွန်ပြည်နယ်၊ ပေါင်မြို့၊ မင်းလမ်းမနေ ဦးသိန်းညဏ်-ဒေါ်ငွေဇင်တို့၏သမီးသည် ၂၅-၁-၂၀၁၈ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၈ရက် မွန်းလွဲ ၂း၃၀နာရီတွင် စွယ်တော်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ရဟန်းအမ

**ဒေါ်ခင်သန်းညွန့် (ကလော)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ (ဦးဘသန်း-ဒေါ်တင်ဝေ)တို့၏သမီး၊ ဦးအေးဝင်း-ဒေါ်ခင်သန်းအေး၊ ဦးဖေလွင်-(ဒေါ်သန်းသန်းငွေး)တို့၏အစ်မ၊ ဦးအာသာထွန်းဖေ၏ဇနီး၊(ဦးစပ်မျိုးနိုင်)-ဒေါ်မိမိချို၊ ဦးစိုင်းနွတ်-ဒေါ်အေးအေးချို၊ ဦးစိုးမိုး(တာမွေလျှပ်စစ်)-ဒေါ်နှင်းမိုမို့ထွန်း၊ ဦးညွန့်ဝင်း-ဒေါ်သီတာချို၊ ဦးသက်နိုင်-ဒေါ်သီဂီချို၊ ဦးမြတ်မိုး-ဒေါ်သန္တာအေးတို့၏မိခင်၊ မြေး ၁၃ယောက်၊မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၁-၂၀၁၈ ရက် (စနေနေ့) နံနက် ၁၀း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၈ရက်နံနက် ၁၀နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် ၈/၁ နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ယဉ်ယဉ်ကြည်

**(ဘဏ၊ ငြိမ်း)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့နေ (ဦးအောင်ထွန်း)-ဒေါ်တင်အိတို့၏သမီး၊ ဦးတင်အောင်-(ဒေါ်ကြည်ကြည်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ တိုက် ၄၆၊ အခန်း ၅-ခနေ ဦးမျိုးထွဋ်အောင် (အမှတ်-၂၊ သတလ၊ ငြိမ်း)၏ ဇနီး၊ ကိုစိုးနိုင်ဝင်း-မယဉ်မင်းထွဋ်၊ မောင်ညီလင်းထွဋ်တို့၏မိခင်၊ ဦးဇော်ထွန်း-ဒေါ်သန်းသန်းအေး၊ ဦးအောင်သိန်း-ဒေါ်သန်းသန်းစိန်တို့၏ညီမသည် ၂၆-၁-၂၀၁၈ရက်(သောကြာနေ့)ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါစမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှဝင်း(ခ)စိန်ပီတာ

**Plus Three Music Band, The Aces, The Wildones, Lazy Club**
**အသက်(၆၀)**

ရန်ကုန်မြို့၊ လမ်း ၂၀၊ အမှတ် ၆၈နေ (ဦးမောင်ငွေ)-ဒေါ်ရီတို့၏သား၊ ဦးချစ်အုန်း-(ဒေါ်ညွန့်ခင်)တို့၏ သားသမက်၊ ဒေါ်တင်သိန်း၏ခင်ပွန်း၊ မောင်ကျော်သူအောင်၊ မသက်သက်ဝင်းတို့၏ဖခင်၊ ဦးစိန်မြင့်-ဒေါ်သန်းသန်းမြင့်၊ ဦးလှမြင့်(ဘကွန်း)၊ (ဦးမြင့်သိန်း-ချေးဖြူ)၊ ဒေါ်သန်းသန်းအေး၊ ဦးကျော်ကျော်-ဒေါ်ခင်သန်းဝင်းတို့၏အစ်ကိုသည် ၂၆-၁-၂၀၁၈ရက်(သောကြာနေ့) ညနေ ၅း၁၅နာရီတွင် ရန်ကုန်အထွေထွေဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။(အမှတ် ၁၁၈၊ လမ်း ၂၀အထက်လမ်းနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တခေမာစာရ**
**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်(မြောက်ပိုင်း)ရပ်ကွက်၊ ပြည်လမ်း၊ ရသေ့တောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တခေမာစာရသည် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၆ရက်) ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်မြတ်ကို (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရသေ့တောင်ကျောင်းတိုက်မှ မြို့ရှောင်လမ်းသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ပူဇော်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဆရာတော်ကြီး၏တပည့်သံဃာတော်များနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဆန်းဦး(Chief Operating Officer) Concrete King Concrete Manufacturing Co., Ltd. - ဒေါ်ညွန့်ညွန့်ဝေတို့၏မိခင်၊ မခင်ချိုချိုဦး၊ မောင်ပိုင်သက်ကိုတို့၏အဘွား ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ငွေရီ(ပေါင်မြို့) အသက်(၈၂)နှစ်သည် ၂၇-၁-၂၀၁၈ရက်(စနေနေ့)နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Concrete King Concrete Manufacturing Co., Ltd.**
**ဝန်ထမ်းမိသားစု**

## ရဟန်းဒါယိကာမကြီး

**ဒေါ်ညွန့်ညွန့်**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် (၄၈/က)နေ (ဦးမြမောင်-ဒေါ်အေးရန်)တို့၏သမီး၊ ဒေါ်ကေသီမြင့်၊ ဦးနန္ဒ(အကောက်ခွန်ဦးစီးဌာန)-ဒေါ်ခင်မြအိ၊ ဦးမြတ်သူ(စစ်မှုထမ်း၊ ငြိမ်း)၊ ဦးသီဟ-ဒေါ်နီလာတို့၏မိခင်၊ မောင်ဟိန်း ထက်အောင်၊ မသုနန္ဒီတို့၏အဘွားသည် ၂၇-၁-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

**ဒေါ်နဲမ်ခေါ်ဟွဲ (Daw Neam Kho Huai)**
**(ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်၏အသင်းသား)**
**အသက်(၈၁)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခေါ်ဆရ္ဗာနေ(ဦးဝုန်ခိုထန်-ဒေါ်ညွက်ခေါ်ဝုန်)တို့၏သမီး၊ ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ ထွန်းဂေဟာ၊ အမှတ် ၄/၈၈နေ(ဦးထွန်းပေါင်-ဒေါ်စောကျင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာ ၅လမ်း၊ အမှတ် ၇နေ (ဒေါက်တာကမ်ဇဒါးလ်၊ ချင်းပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနမှူးနှင့် အရိုးအထူးကုဆရာဝန်ကြီး)၏ချစ်လှစွာသောဇနီး၊ ဆရာမဒေါ်ကျင်လန်းဒိမ်[SAT ထ(ခွဲ)၊ ကျောင်းတိုက်၊ ကလေးမြို့]၊ Daw Vung Do Pau - Rev.Dr. David Lai Sum, Daw Pau Za Niang-U Kyaw Zaw Lin, U Pau Khan Mung,Daw Thang Khan Ciang, Pastor Neam Man Cing (Assistant Pastor, Chin Baptist Church, Yangon), Daw Awi Cing Khai တို့၏ချစ်လှစွာသောမိခင်၊ Mr. Devenish Dal Muan Mang(Denny), Ma Huai Dan Kim (မပန်းအိဖြူ)တို့၏ အဘွားသည် ၂၆-၁-၂၀၁၈ရက် (သောကြာနေ့) နံနက် ၆း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့်ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်၊စီးယင်းနှစ်ခြင်းအသင်းတော်တို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်ကို ၄-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အမှတ် ၁၂၅၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်ရှိ ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

**ဦးထွန်းလှ(ခ)ဓာတ်ပုံကိုတူး (ရွှေတောင်)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေ၊ အာဇာနည်လမ်း၊ အမှတ် ၂၆နေ (ဦးဖိုးမြ-ဒေါ်ချစ်)တို့၏သား၊ ဒေါ်မြသိန်း၏ခင်ပွန်း၊ ဦးလှမင်း-ဒေါ်လဲ့လဲ့ထွန်း(PMG)၊ ဒါရိုက်တာသုံးပေါင်-ဒေါ်အိအိခိုင်၊ ဦးအောင်စည်သူ-ဒေါ်ခိုင်စုဇင်၊ ဦးကျော်ဇေဟိန်း၊ ဦးဇော်လင်းမောင်၊ ဦးမင်းထက်အောင်တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၆-၁-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၈ ရက်(ကြာသပတေးနေ့)နံနက်တွင်ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်မော်(ခ)ဒေါ်ကြည်ငွေး

**(ဒုကြီးကြပ်ရေးမှူး၊ ဝယ်ယူဖြန့်ဖြူးရေးဌာန၊ ကုသရေးဦးစီးဌာန)**
**အသက်(၅၄)နှစ်**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ တိုက် ၃၃၀၈၊ အခန်း ၃၃နေ ဦးသောင်မြင့်-(ဒေါ်ခင်ကြီး)တို့၏သမီး၊ (ဦးထွန်းအောင်)-ဒေါ်လှမြင့်တို့၏သမီးချွေးမ၊မောင်ပြည့်စုံအောင်ထူး၏မိခင်၊ ဦးလှထူး၏ဇနီးသည် ၂၆-၁-၂၀၁၈ရက်(သောကြာနေ့)ည ၁၁း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကော့သောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဇန်နဝါရီ ၂၇**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ရောက်ရှိနေသည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးတံတားစီမံကိန်း၊ မလိဝမ်းရွှေဖြူကုမ္ပဏီလီမိတက် ရော်ဘာစက်ရုံ၊ ကော့သောင်းမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)တို့အား ကြည့်ရှုပြီး ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်၊ ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့်အတူ အက်ဒမန်ကျွန်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်မည့် ကော့သောင်းမြို့နယ်နှင့် ပုလုံးတုံးတုံးကျေးရွာကို ဆက်သွယ်သည့် ပုလုံးတုံးတုံးတံတားတည်ဆောက်ရေးလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်သိန်းမော်က တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များဖြစ်သည့် စီမံကိန်းတည်နေရာ၊ တံတား အမျိုးအစား၊ တံတားအုတ်မြစ်အောက်ထည်၊ ယာဉ်သွားလမ်းနှင့် ရေလမ်းကင်းလွတ်အကျယ်၊ တံတား

စာမျက်နှာ ၄ ကော်လံ ၁ ◆



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်။  သတင်းစဉ်

# ထိပ်ဆုံးမှ ရတနာပုံအသင်း နိုင်ပွဲဆက်

**ရန်ကုန်  ဇန်နဝါရီ ၂၇**
၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရတနာပုံနှင့် မကွေးအသင်းတို့ အနိုင်ရခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက GFA အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် အမှတ်ပေးပွဲ သုံးပွဲဆက်အနိုင်ရခဲ့ပြီး ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ GFA အသင်း၏ ရုန်းကန်မှုကြောင့် ရတနာပုံအသင်းမှာ နိုင်ပွဲရခဲ့သော်လည်း ခက်ခက်ခဲခဲ ကစားခဲ့ရပြီး သက်နိုင်နှင့် မြတ်ကောင်းခန့်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသော်လည်း လူငယ်နည်းပြအောင်ကျော်မိုး၏ ဦးဆောင်မှုအောက်တွင် ရလဒ်ကောင်း

စာမျက်နှာ ၁၃ ကော်လံ ၁ ❍



GFA အသင်းနှင့်ရတနာပုံအသင်းယှဉ်ပြိုင်နေစဉ်။  ဓာတ်ပုံ-ဖိုးသော်ဇင်



ထိပ်ဆုံးမှ ဦးဆောင်နေသည့် လီယွန်နယ်ဝီဘာ(ပြင်သစ်)  ဓာတ်ပုံ-ဖိုးသော်ဇင်

# Leopalace 21 မြန်မာအိုးပင်း ဂေါက်ရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန်  ဇန်နဝါရီ ၂၇**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Asian Tour ၊ Japan Golf Tour ၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ Leopalace 21 ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် 2018 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ ပြင်သစ်ဂေါက်သီးရိုက်ကစားသမား လီယွန်နယ်ဝီဘာက သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

လီယွန်နယ်ဝီဘာသည် ယနေ့ကျင်းပသည့် တတိယနေ့တွင် လက်စွမ်းပြနိုင်ခဲ့ပြီး ထိပ်ဆုံးမှ ဦးဆောင်နေသူများ၏ လျှော့ရိုက်ချက်နည်းပါးမှုကို အခွင့်ကောင်းယူကာ ထိပ်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ လီယွန်နယ်ဝီဘာသည် တတိယနေ့တွင် ငါးချက်လျှော့ရိုက်နိုင်ခဲ့ပြီး ထိပ်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယနေ့အပြီးတွင် ထိပ်ဆုံး၌ ပူးတွဲဦးဆောင်နေသည့် ပေါလ်ပီတာဆန် (အမေရိကန်)နှင့် ဝါနာဆရီချန် (ထိုင်း)တို့မှာ

စာမျက်နှာ ၁၃ ကော်လံ ၅ ❏

**ယနေ့ မာတိကာ**


ကလေးငယ်များ ဗလ ငါးတန်နှင့် ဘက်စုံဖွံ့ဖြိုးရန် မြိတ်မြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ  စာမျက်နှာ » ၈

မြန်မာ-ထိုင်း ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကျင်းပ စိုးလင်းဦး(မြန်မာ)က နာရှုတို (ထိုင်း)ကို အနိုင်ရ  စာမျက်နှာ » ၁၃

ဝိုင်ပီချီသို့ မည်သည့် လက်နက်မျှ ထောက်ပံ့ပေးမည် မဟုတ်ကြောင်း အမေရိကန်ပြော  စာမျက်နှာ » ၁၄



